
www.burmeseclassic.com

# မောင်သာမြင့်

# အချစ်နှင့်သက်ဆိုင်သော အဖြူရောင်ရက်စွဲများ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

[illegible]

ခွင့်ပြုချက် - ၁၃၃၇/၂၀၀၃ (၉)

မျက်နှာဖုံးခွင့်ပြုချက် - ၁၂၉၄/၂၀၀၃ (၁၁)

ထုတ်ဝေသူ - ဦးသန်းမြင့်(ဝ၁ဝ၄ဝ)၊
လင်းလင်းစာပေ၊
အမှတ်၄/၂၉၊ မြဝတီမင်းကြီးလမ်း၊
၁၀ မိုင်ကုန်း၊ အင်းစိန်။ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ - ဒေါ်ခင်နွဲ့ (ရွှေမိုးဆောင်း)
အမှတ်-၈၇၊ အထက်ကြည်မြင်တိုင်လမ်း၊
ကြည်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ် - ဦးတိုးဝင်း(ဝ၂၄၃၁)
နေလရောင်အော့ဖ်ဆက်
(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - တင်ရွှေချို

ထုတ်ဝေသည့်လ - ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ၊

အုပ်ရေ - ၁၀၀၀

စာအုပ်ချုပ် - ပပစိုးနှင့်အဖွဲ့

တန်ဖိုး - ၅၀ ကျပ်

BURMESE CLASSIC

အချစ်နဲ့ပတ်သက်တဲ့ အပျော်ဝတ္ထုလေးတွေကို ကျွန်တော် အများကြီး ရေးသားခဲ့ဖူးပါတယ်။

အခု အချစ်ပျော်ဝတ္ထုလေးတွေကို ပြန်လည်ခံစားကြည့်ဖို့ အတွက်...။

www.burmeseclassic.com

www.burmeseclassic.com

## (အပိုင်း–တစ်)

### (၁)

အကြည့်မှာ စူးစမ်းမှုတွေ ပါနေသည်ကို ဒီကောင်လေး သိချင်မှ သိမည်။ သိလည်း မိမိ၏အကြည့်များကို အလေးထား လိမ့်မည် မဟုတ်မှန်း ကျော်လွင်ဦး သိသည်။

ကြည့်နေဆဲမှာပင် ဇန်းထဲမှ အကြော်များကို လက်ညှိုး ကလေးနှင့် လိုက်နှိပ်သည်။

“မင်း အကြော်တွေက အေးစက်နေတာပဲ”

“မနက်ထဲက လည်ရောင်းနေရတာကွာ၊ ဒါပေမဲ့ ငါ့အကြော် တွေက လတ်ဆတ်ပါတယ်”

“တစ်ခုကို ဘယ်လောက်လဲကွ”



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဆယ်ပါ"

အပြာရောင်ဘောင်းဘီတိုဝတ် ကောင်မလေးက ကျော်လွင်ဦး မျက်နှာကို ဖြတ်ခနဲ ကြည့်၏။

ကျော်လွင်ဦး သူ့ကိုတော့ စိတ်ဝင်စားသည်။ သူ့ကို သည်နေရာမှာ တွေ့လာသည်မှာ သုံးလေးရက်လောက်ရှိပြီ။

သူက ဒီကာမ်းပါးသို့ လာပြီး ချောင်းထဲသို့ ကျောက်ခဲလုံးများ ပစ်ချပြီး ရေပြင်ကို စူးစိုက်ကြည့်နေတတ်၏။

"သုံးခု ပေးကွာ"

အိတ်ထဲမှ တစ်ရာတန်တစ်ရွက်ကို ထုတ်ပေးပြီး အကြော် သုံးခုကို နှိုက်ယူသည်။ ပြီး ပြန်အမ်းငွေကို မစောင့်ဘဲ ထိုင်နေရာမှ ဆတ်ခနဲ မတ်တပ်ရပ်လိုက်၏။

ပြီးတော့ အကြော်များကို ချောင်းထဲသို့ လွှင့်ပစ်ပြီး ရေပြင်ကို မမှိတ်မသုန် ကြည့်နေသည်။

"အကြော်တွေ ဝယ်ပြီး ဘာလို့ ရေထဲ လွှင့်ပစ်ရတာလဲကွ"

သူက ကျော်လွင်ဦးကို မကြည့်ဘဲ...

"ငါးတွေကို အစာကျွေးနေတာလေ"

"ငါးတွေက အကြော်မှ မစားဘဲ"





"မင်းကို ပြောထားလို့လား"

ကျော်လွင်ဦး ပြုံးသည်။

ခင်မင်ဖွယ်ကောင်းသော သူ့ပုံဟန်ကို ကြည့်ပြီး ခင်မင်ချင်နေသည်မှာ သူ့ကို စတွေ့ကတည်းက ဖြစ်သည်။ နောက်ပြီး သူ့ကို သည်အရပ်ဝန်းကျင်မှာ တစ်ခါမျှ မတွေ့ဘူးခဲ့။

"ငါးတွေက စကားမှ မပြောတတ်တဲ့ဟာကွာ"

"ဒါဆို ငါးတွေ အကြော်မစားဘူးဆိုတာကို မင်းက ဘယ်လို လုပ် သိနေလဲ"

ကျော်လွင်ဦး ဘာစကား ဆက်ပြောရမှန်းမသိ။ သူ့မျက်နှာကိုတော့ ပြုံးပြီး ကြည့်နေမိသည်။

"နောက်ထပ် အကြော်သုံးခု ထပ်ပေးဦး"

ကျော်လွင်ဦးက ငှက်ပျောကြော်တစ်ခုနှင့် မန္တလေးပဲကြော်နှစ်ခု ထပ်ပေးသည်။ သူက အကြော်များကို ချောင်းထဲ ပစ်ချပြန်၏။

"မင်းတို့တောက ငါးတွေတော့ မသိဘူး။ တို့ရန်ကုန်က ငါးတွေက ကိတ်မုန့်တို့၊ ဟမ်ဘာဂါတို့တောင် စားတယ်"

"ဟုတ်လို့လား"

"သိပ်ဟုတ်တာပေါ့၊ ရန်ကုန်က တို့ခြံကြီးအောက်မှာ ရေကန်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိတယ်။ ငါ့အားရင် ရေကန်ထဲက ငါးတွေကို ကိတ်မုန့် သွားကျွေးတာ"

"စားလား"

"စားပါတယ်လို့ မင်းကို စောစောက ပြောထားတဲ့ဟာ။ မင်းတို့နယ်က ငါးတွေလို တောငါးမှ မဟုတ်တာ"

ကျော်လွင်ဦးက ရယ်ရင်း ပြန်အမ်းငွေအဖြစ် ဆယ်တန်နွမ်းလေး လေးရွက်ကို လှမ်းပေးသည်။

"ပေးမနေပါနဲ့ကွာ၊ ယူလိုက်ပါ"

"အကြော်ဖိုးက ခြောက်ဆယ်ပဲ ကျတာပါကွ"

"ယူလိုက်ပါ၊ ငါက မင်းကို ခင်လို့ပေးတာ"

"ခင်တယ်ဆိုရင် ပိုက်ဆံမပေးနဲ့ကွာ၊ ငါမင်းကို အကြော်လေးခု ထပ်ပေးမယ်၊ ငါက သူများပိုက်ဆံကို အလကား မလိုချင်ဘူးကွ"

ကျော်လွင်ဦးမျက်နှာကို ခပ်စူးစူးလေးကြည့်ပြီး သူ့နှုတ်ခမ်းသားလေး လှုပ်ခနဲ ဖြစ်သွားသည်။

"စိတ်မဆိုးနဲ့နော်၊ ငါ့အမေ မသေခင်က ငါ့ကို အသေအချာ မှာသွားတဲ့ စကားရှိတယ်ကွ၊ သူများပစ္စည်းကို အချောင်လိုချင်စိတ် မရှိရဘူး။ ဘယ်သူ့အပေါ်မှာမဆို စိတ်ကောင်းစေတနာ ထားတတ်



ရမယ်လို့ ဆုံးမ,သွားတယ်ကွ"

"ဟင် မင်းမှာ အမေ မရှိတော့ဘူးပေါ့"

"အေး... ငါ့မှာ အမေလဲ မရှိဘူး။ အဖေလဲ မရှိဘူးကွ"

"ကြီးကြီးတို့၊ ဒေါ်ဒေါ်တို့ကော ရှိလား"

"မရှိဘူး၊ ငါ့ကို အကြော်ရောင်းတဲ့ အမေစိန်က ကြည့်ရှုထားတာ၊ နေ့လည်ပိုင်းဆို အမေစိန်ကို ကူပြီး အကြော်ရောင်းပေးရတာပေါ့ကွာ"

"အဲဒီအမေစိန်က သူ့ဌေးမကြီးလား"

ကျော်လွင်ဦးက လှစ်ခနဲ ပြုံး၏။

"ဘယ်သူဌေးမကြီး ဟုတ်ရမှာပဲကွာ၊ သူဌေးမကြီး မဟုတ်လို့ အကြော်ရောင်းစားနေရတာပေါ့။ အမေစိန်က ငါ့ကို ညှာသလို ငါကလဲ အမေစိန်ကို ညှာပါတယ်ကွာ။ ပင်ပန်းမဲ့ အလုပ်မှန်သမျှကို ငါက လုပ်ပေးတယ်။ အလုပ်ပင်ပန်းလို့ ဖျားနာပြီး သေသွားလဲ ငါ မကြောက်ပါဘူး။ ငါသေရင်လဲ အမေစိန်ကလွဲပြီး ငိုမဲ့သူ တစ်ယောက်မှ မရှိပါဘူး။ ဒါနဲ့ မင်းနာမည် ဘယ်သူလဲကွ"

"ညီညီလတ်"

"ညီညီလတ်ဆိုတော့ မင်းမှာ 'ကိုကိုလတ်'ဆိုတဲ့ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှိဦးမှာပေါ့”

“ဟာ…မင်း တော်လှချည်လား၊ ငါ့မှာ အစ်ကိုရှိတာ၊ အစ်ကို့နာမည်က ကိုကိုလတ်ဆိုတာ မင်း ဘယ်လိုလုပ်သိလဲ”

“မရှိုးကျူးပါနဲ့ကွာ၊ ညီညီဆိုတော့ ကိုကိုဆိုတာ ရှိမှာပဲဆိုပြီး ငါ ရမ်းတုတ်တာပါ”

“ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းပြောမှ ငါ ကိုကို့ကို အရမ်းသတိရလာတယ်”

“ဟင်… မင်းကိုကိုက မင်းတို့နဲ့ ပါမလာဘူးလား၊ ရန်ကုန်မှာ ကျန်ခဲ့တာလား”

“မဟုတ်ဘူးကွ၊ ကိုကိုက သေသွားပြီ”

“ဟာ… စိတ်မကောင်းလိုက်တာကွာ၊ ငါ့ကြောင့် မင်း တော်တော် စိတ်ဆင်းရဲသွားပြီနော်”

“မပြောပါနဲ့တော့ကွာ၊ ဒါနဲ့ မင်း နာမည်ကကော ဘယ်သူလဲ”

“ငါ့နာမည်က ကျော်လွင်ဦး၊ ငါ မင်းကို ခင်ချင်တယ် ညီလတ်”

“ခင်ချင်တာ ပြောနေဖို့ မလိုပါဘူးကွာ၊ ကဲ…မင်းက ပိုတဲ့ငွေ အလကား မလိုချင်ရင် ငါ့ကို အကြော်ထပ်ပေး”



“ငါးတွေ ကျွေးပစ်ဦးမလို့လား”

“ညီလတ်က ခေါင်းကို ဆတ်ခနဲ ညိတ်သည်။

“မကျွေးပါနဲ့ကွာ နမြောစရာကြီး၊ မင်း စားပါလား၊ တို့အကြော်တွေက အရသာရှိပါတယ်ကွ”

“ငါက အကြော်ဆို ကြက်သားကြော်ကလွဲပြီး ဘာကြော်ကိုမှ ကြိုက်ဘူးကွ”

ကျော်လွင်ဦး လှမ်းပေးသည့်အကြော်များကို ညီလတ်က ဆုံးစံအတိုင်း ရေထဲပစ်ကျ၏။ ပြီးတော့မှ…

“ငါသွားတော့မယ် ကျော်လွင်ဦး၊ နက်ဖြန်ကျရင် မင်းနဲ့ငါ ဒီနေရာမှာပဲ ဆုံကြရအောင်”

“မင်း…မင်းက လာမှာမို့လို့လား”

“လာခဲ့မယ်၊ မင်းအတွက်လဲ ကွတ်ကီး ယူခဲ့မယ်”

“ကစားစရာလား”

“မုန့်ပါကွ၊ မင်းကလဲ တောသားလို့ အော်မပြောရဘူး၊ ဆော်တော့ရှော်တဲ့ကောင်ပဲ”

ညီလတ် ရယ်သည်ကို ကျော်လွင်ဦးက ပြုံးသည်။ ညီလတ်၏ အရယ်မှာ လှောင်ပြောင်သရော်မှုများ လုံးဝ မရှိသည်ကိုတော့

www.burmeseclassic.com

www.burmeseclassic.com



ကျော်လွင်ဦး သိပါ၏။

ညီလတ်ထံပါးမှ ကျောခိုင်းထွက်ခွာသွားတော့ သူ အငေးသား လိုက်ကြည့်နေမိသည်။

"အင်း...ဒီကောင်သူဌေးသား ထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ် နက်ဖြန် သူ ယူလာတဲ့ ကွတ်ကီးဆိုတဲ့ မုန့်ကို စားဖူးတယ် ရှိအောင် တော့ စားကြည့်ရမယ်"

☆ ☆ ☆



(၂)

"ဩော်...မင်းက အစောကြီး ရောက်နေတာကိုး"

ကျော်လွင်ဦးနောက်သို့ ဆတ်ခနဲ လှည့်ကြည့်သည်၊ အဝါရောင် ဂျင်းဘောင်းဘီနှင့် ဂျင်းအင်္ကျီကို အပေါ်အောက် ဆင်တူ ဝတ်ထားသည်။ သူ့ခါးမှာ ပတ်ထားသည့် ခါးပတ်ပြားအကြီးကြီးကို ငေးကြည့်နေမိ၏။

"ငါ့ကို ဘာလို့ ပြူးကြောင်ကြောင် ကြည့်နေရတာလဲကွ၊ မင်းအကြော်တွေ ရောင်းလို့ ကုန်ခဲ့ပြီလား"

"အေး...ရောင်းလို့ ကုန်ခဲ့ပြီကွ၊ ဒါပေမယ့် မင်းအတွက် အကြော်သုံးခုကို ငါ ချန်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ"

"မင်း ငါးတွေ ကျွေးရအောင်လို့ပါ"

"အင်း...ငါ အပေါ်ကသာ အစာကို ပစ်ကျွေးတယ်၊ ငါးကို တစ်ခါမှ မတွေ့ရဘူး"

ပြောပြီး ညီလတ်က ရယ်သည်။

ရှင်းသန့်သော မျက်နှာ၏ အရိပ်ဝယ် ဘာဟန်ဆောင်မှုမှ မရှိ။ ညီလတ်အသက်သည် အလွန်ဆုံးရှိမှ ဆယ်သုံးနှစ်ခန့်သာ။ မိမိထက် တစ်နှစ်လောက်တော့ ငယ်မည်ဟု ကျော်လွင်ဦး တွေးသည်။

"အဲဒီအတွက် စိတ်မပူပါနဲ့ကွာ၊ ငါးတွေက ရေအောက်ထဲမှာ နေတာကွ၊ မင်း ပစ်ကျွေးတဲ့အကြော်တွေကို သူတို့ ရေအောက်မှာ အားရပါးရ စားနေကြမှာ"

"သေချာရဲ့လား"

"သေချာပါတယ်ကွ၊ မင်း မလာခင်တုန်းက ငါးကြီးတစ်ကောင် ရေပေါ်ပေါ်လာပြီး ရေအောက်ကို ပြန်ငုပ်သွားတယ်၊ မင်း ကျွေးမယ့် အကြော်ကို လာမျှော်နေတာနဲ့ တူတယ်"

ညီလတ် ပျော်သွားသည်။

ကျော်လွင်ဦး အကြော်ဗန်းထဲမှ အကြော်သုံးခုကို ကမန်းကတန်း





လှမ်းယူပြီး ရေထဲပစ်ချ၏။

"ငါးကြီးက ငါ့ကို ပြောသွားသေးတယ်ကွ"

"ဘာပြောသွားတာလဲ"

"ရန်ကုန်က ညီလတ်လာရင် ပြောလိုက်ပါတဲ့၊ နေ့တိုင်း သူ့ကို အကြော်ကျွေးပါတဲ့၊ ကျေးဇူးတင်နေပါ့မယ်တဲ့"

"ဗြီး၊ ငါးက စကားပြောတတ်လို့လား"

"ငါးအမူအရာကို ကြည့်ပြီး ငါက မင်းကို ဘာသာပြန်ပေးတာပါ၊ စကားပြောတတ်ရင် သည်အတိုင်း ပြောမှာ သေချာပါတယ်ကွ"

"အင်း... ဟုတ်တာ မဟုတ်တာ အပထား၊ မင်းစကားအတွက် ငါ ပျော်သွားတာတော့ အမှန်ပဲ"

"ဝမ်းသာပါတယ်ကွာ၊ ဒါပေမဲ့ အကြော်တွေ ပစ်ချရင် လက်ကို လွှဲလွှဲပြီး မပစ်ပါနဲ့ကွာ၊ မင်း အရှိန်လွန်ပြီး ရေထဲကျသွားလိမ့်မယ်"

"မင်းကလဲ ငါ ကလေး မဟုတ်ပါဘူး"

"မင်းအသက်က ဘယ်လောက်ရှိလို့လဲ"

"ဆယ့်သုံးနှစ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဆယ့်သုံးနှစ်ဆိုတာ ကလေးပေါ့ကွ၊ မင်းက ငါ့ထက် တစ်နှစ်တောင် ငယ်သေးတယ်"

"မင်း ဘယ်နှစ်တန်းလဲ"

"ခုနစ်တန်း"

"သွားပြီ၊ ဒီနေရာမှာတော့ မင်း ရှုံးသွားပြီ၊ ငါက မင်းထက် တစ်နှစ်ငယ်ပေမဲ့ မင်းနဲ့ အတန်းတူတူပဲ"

"ခုနစ်တန်းက ဟိုနှစ်က ခုနစ်တန်းကွ၊ ဒီနှစ် ငါက ကျောင်း မနေရဘူး။ ငါ ခုနစ်တန်းတက်တဲ့နှစ်မှာ ငါ့အမေ ဆုံးသွားတာ"

ညီလတ်က ကျော်လွင်ဦးမျက်နှာကို ခပ်ဝေဝေလေး ကြည့်၏။

"မင်း ငါ့အတွက် စိတ်မကောင်း ဖြစ်သွားတယ်မို့လား"

"အေးကွာ၊ ငါ တကယ် စိတ်မကောင်းပါဘူး"

"စိတ်မကောင်း မဖြစ်ပါနဲ့ ညီလတ်ရာ၊ လူဆိုတာ ကံပေးမှ စားရတယ်၊ နေရတယ်လို့ အမေစိန် ငါ့ကို ခဏခဏ ပြောဖူးတယ်ကွ၊ ဒါတွေ မေ့ထားလိုက်ကွာ၊ ငါ မင်း ကြိုက်တဲ့ အစားအစာတစ်ခု ယူလာတယ်ကွ"

ညီလတ်က အကြော်ဗန်းကို လှမ်းကြည့်သည်။ ကျွတ်ကျွတ် အိတ်အသေးကလေးနှင့် ထည့်ထားသည့် အရာကိုတော့ မြင်၏။



"ဘာလဲကွ"

"ကြက်သားကြော်လေကွာ၊ မင်းက အကြော်ထဲမှာ ကြက် ကြော်ကို အကြိုက်ဆုံးလို့ ပြောတယ်လေ"

ကျော်လွင်ဦးက အိတ်ကလေးကို ဖွင့်သည်။ ညီလတ် မစိတ် မသုန် စူးစိုက်ကြည့်နေဆဲမှာ အသံတစ်ခုက ပြေးဝင်ရောက်လာ၏။

"ညီလတ်...ဟေ့...ညီလတ်"

ခေါ်သံနှင့်အတူ ပြေးလာသည့် ခြေသံကို ကြားသည်၊ နှစ်ယောက် ပြိုင်တူလှည့်ကြည့်တော့ ပန်းနုရောင်စကတ်လေး ဝတ် ထားသည့် ကောင်မလေးတစ်ယောက်။

လေအဝှေ့တွင် သူမခေါင်းမှ ဆံပင်များ ဖွာလန်ကျဲထသည်။

"ညီလတ် နင် ဒီမှာ ဘာလာလုပ်နေတာလဲ"

ညီလတ်ကို မေးရင်း အကြည့်က ကျော်လွင်ဦးထံ စူးခနဲ ရောက်လာ၏။ အခြေအနေကို ရိပ်စားမိသွားဟန်ဖြင့်...

"နင် ဒီကောင်လေးဆီမှာ အကြော်ဝယ်စားနေတာလား"

"မစားပါဘူး၊ ငါ သူနဲ့ သူငယ်ချင်းအဖြစ် ပေါင်းသင်းနေတာ၊ နေပါဦး နင် ဒီကို ဘာလာလုပ်တာလဲ ဘိုမ"

"နင့်ကို လိုက်ရှာနေတာ၊ အန်ကယ်လတ်က ဒီကောင်

www.burmeseclassic.com

www.burmeseclassic.com



ခုလေးတင် ဒီနားမှာ ရှိပါတယ်၊ ခုဘယ်ရောက်သွားပြီလဲ မသိဘူးလို့ ပြောနေတယ်။ နင့်ကို ဆူနေပြီ ညီလတ်၊ နင် ငါနဲ့ ပြန်လိုက်ခဲ့"

"ဟာ...ငါဒီမှာ ကျော်လွင်ဦးနဲ့ ပျော်ပွဲစားမလို့၊ ငါ့ကို လိုက်ရှာတာ မတွေ့ဘူးလို့ မေမေ့ကို ပြောလိုက်ဟာ၊ နင် မေမေ့ကို အတို့အထောင်တော့ သွားမလုပ်နဲ့"

ဘိုမျက်နှာ ကွက်ခနဲ ပျက်သွားပြီး မနှစ်မြို့သော အကြည့်များ ကျော်လွင်ဦးထံ ရောက်လာ၏။

"နင် အောက်တန်းစားတွေနဲ့ ပေါင်းနေတာလား ညီလတ်"

"ဘယ်မှာလဲ အောက်တန်းစား၊ မတွေ့ပါလားဟ"

ညီလတ်၏ ဟိုပိုသည်သည် လျှောက်ကြည့်သည့်ပုံစံကို ဘိုမ အရမ်းဒေါသထွက်သွားသည်။

"နင့်အေးနားက အကြော်သည်လေးက အောက်တန်းစားပေါ့ဟဲ့၊ ပိုက်ဆံမရှိလို့ အကြော်ရောင်းစားရတာ၊ ပိုက်ဆံမရှိရင် အောက်တန်းစားပဲ"

ကျော်လွင်ဦးက ဘိုမကို မျက်နှာငယ်လေးနှင့်ကြည့်သည်။ ဘိုမက ခါးပေါ်လက်ထောက်ပြီး မျက်နှာကိုလွှဲ၏။

"အဲသလို မစော်ကားပါနဲ့ ဘိုမရယ်၊ ငါတို့က ပိုက်ဆံမရှိလို့



အကြော်ရောင်းစားတာပါ၊ အောက်တန်းစားဆိုတာ ပိုက်ဆံမရှိတဲ့လူကို ပြောတာမဟုတ်ဘူး။ သူများပစ္စည်းကို ခိုးဝှက် မတရားယူတဲ့လူကို အောက်တန်းစားလို့ ပြောတာလို့ အမေစိန်က ငါ့ကို ပြောဖူးပါတယ်"

"ကြည့်စမ်း...ကြည့်စမ်း၊ ကောင်စုတ်က ငါ့ကို ဘိုမတဲ့၊ ငါ့နာမည်နဲ့ နင်နဲ့တန်လို့လား၊ ဒီမယ် ညီလတ်၊ ငါ အောက်တန်းစားတွေနဲ့ စကားဖက်မပြောချင်ဘူး။ နင် ငါနဲ့ ပြန်လိုက်ခဲ့"

"ငါ ပြန်မလိုက်နိုင်ဘူး ဘိုမ၊ နင့်ဖာသာ နင် ပြန်ချင်ပြန်၊ မပြန်ချင်ရင် ချောင်းထဲခုန်ချပြီး သေလိုက်၊ ငါ့ကို ဘယ်သူမှ အမိန့်ပေးလို့ မရဘူး"

ဘိုမ ခြေကလေးဆောင့်ပြီး မကျေမနပ်နှင့် ထွက်သွားသည်။

"မင်းကို မင်းအမေနဲ့ တိုင်ပြောရင် အရိုက်ခံနေရဦးမယ်"

"မပူစမ်းပါနဲ့ကွာ၊ ငါ့အမေက ငါ့ကို သိပ်ချစ်တာ ဘယ်တော့မှ မရိုက်ဘူး၊ ဒါတွေထားကွာ၊ မင်း ကြက်သားကြော် ပြန်ထုပ်ထားလိုက်ပါလား"

"ငါ မင်းကို စားစေချင်လို့ ယူလာတာပါကွာ"

"စားမှာပါ၊ ဒီမှာ စားတာထက် ဟိုးကုန်းမြင့်မြင့်လေးသဆုတောင်းပြည့် ဘုရားပေါ်က အရိပ်ကောင်းတဲ့ သစ်ပင်အောက်မှာ

www.burmeseclassic.com



ထိုင်စားရင် မကောင်းဘူးလား"

"ငါလဲ စဉ်းစားမိတယ်။ တို့နှစ်ယောက်က စိတ်တူကိုယ်တူ ပါလား ညီလတ်ရ"

ညီလတ် နှစ်နှစ်ခြိုက်ခြိုက်ပြုံးသည်။

ကမ်းပါးမှ ဆင်းခဲ့ပြီး ဘုရားဆီသို့ အပြေးကလေး လာခဲ့ကြသည်။ ကျော်လွင်ဦး ရင်မှာ ပျော်နေပါ၏။

* * *

ညီလတ်က ကုန်းတော်ပေါ်သို့ အပြေးတက်သည်။

"ဖြည်းဖြည်းတက် ညီလတ်၊ ချော်လဲမယ်"

"မင်းကလဲ စိုးရိမ်တတ်လိုက်တာ"

"မင်းတစ်ခုခု ဖြစ်ရင် ငါ့မှာ တာဝန်ရှိတယ်လေကွာ၊ မင်းဖေဖေက ဘာမှ မပြောရင်တောင် ဟိုဘိုမဆိုတဲ့ ကောင်မလေးက ငါ့ကို လာရန်တွေ့မှာ"

ညီလတ် အပြေးတန့်သည်။

ကျော်လွင်ဦးကို လှည့်ကြည့်ပြီး-

"မင်းက ဘိုမကို အစက မသိဘူးလား ကျော်လွင်ဦး"

"သိတာပေါ့၊ သူ့အဖေက အရာရှိကြီးလေ၊ အဲဒီရုံးနားက





နှစ်ထပ်အိမ်မဲကြီးမှာ နေတာကိုလဲ သိတယ်"

"အေးဟုတ်တယ်၊ သူ့ဒက်ဒီနဲ့ ငါ့ဖေဖေက သူငယ်ချင်းတွေကွ"

"သူတို့က အရမ်းချမ်းသာတာပဲနော်၊ သူ့အဖေက ပိုက်ဆံအများကြီးရတယ်လို့ အမေစိန်က ငါ့ကို ပြောဖူးတယ်"

"ဒါတွေ ငါ စိတ်မဝင်စားဘူး"

ပြောပြီး ညီလတ်က အပြေးကလေး တက်ပြန်၏။ ကျော်လွင်ဦးက သူ့နောက်မှ ထပ်ချပ်မကွာ လိုက်သည်။

ကုန်းတော်ပေါ်ရောက်တော့ အရိပ်ကောင်းသည့် သစ်ပင်ကြီးအောက်မှာ သူတို့ ထိုင်ကြသည်။ ပြီးတော့ ကျော်လွင်ဦးက ဖက်ထဲမှ ကြက်သားကြော်များကို ထုတ်လိုက်၏။

"မွှေးနေတာပဲ၊ မင်း ကြော်ခဲ့တာလား"

"အမေစိန် ကြော်ပေးတာ၊ မင်းကို စားစေချင်လွန်းလို့ ကြော်နိုင်းရတာကွ၊ အမေစိန်က ငါ့ခေါင်းကို ခေါက်ပြီး ရေရေလည်လည်ဆူတာ"

ညီလတ်က ကြက်ပေါင်ကို အားရပါးရ ကိုက်သည်။ လက်တစ်ဖက်ဖြင့်လည်း သူ့စိတ်ထဲမှ ချောကလက်ထုပ်ကို နှိုက်ယူပြီး ကျော်လွင်ဦးကို ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါအုန်း၊ ဘာဖြစ်လို့ မင်းခေါင်းကို ခေါက်ရတာလဲ"

"ဘုန်းကြီးကျောင်းဝင်းထဲမှာ ကြက်သွားပစ်လို့"

"ဟင်...မင်းအိမ်က ကြက်ကို ကျော်လာတာ မဟုတ်ဘူးလား"

"ဘယ်ဟုတ်ရမှာကွာ၊ ဝယ်ဖို့ပိုက်ဆံလဲ မရှိတော့ ဘုန်းကြီးကျောင်းဝင်းထဲက သွားပစ်ရတာ၊ ဘုန်းကြီးက ငါ့ကို လောက်လေးခွနဲ့ ပြန်ဆော်လို့ နောက်စေ့ကို ဖူသွားတာပဲ"

ကျော်လွင်ဦးက နောက်စေ့မှ ဒဏ်ရာကို ပြသည်။ ညီလတ်က ဆံပင်ကို ဖြဲကြည့်ပြီး လက်နှင့်စမ်း၏။

"အားပါး...အာလူးသီး အသေးစားလေးပါလားကွ၊ မင်း ကြက်ကြော်ကို စားရတာ စိတ်တောင် မဖြောင့်တော့ဘူး"

"စိတ်ဖြောင့်ဖြောင့်ထားပြီး စားပါကွာ၊ ကြက်ကို ဘယ်လိုပဲ ရခဲ့ ရခဲ့၊ မင်းကို ကျွေးချင်တဲ့ စေတနာက ငါ့ရင်ထဲမှာ တကယ်ကို ရှိတာပါ၊ မင်းကျွေးမှဲ့ ချောကလက်ကို စားချင်လို့ ယူလာတာလဲ မဟုတ်ပါဘူး။ ငါက မင်းကို မြင်မြင်ချင်း ညီလေးတစ်ယောက်လို ခင်တာ"

ညီလတ်မျက်နှာ ရှင်းရှင်းကလေးမှာ ပြုံးရိပ်ဝင်လာ၏။





ကျော်လွင်ဦးက ကြက်ပေါင်ကို အားရပါးရ ကိုက်နေသော ညီလတ် မျက်နှာကို ကျေနပ်စွာ ကြည့်ရင်း...

"စားလို့ကောင်းလား ညီလတ်"

"ဘဲရိုးဗွတ်ပဲကွ၊ ငါက ကြက်ကြော်ကို သိပ်ကြိုက်တာ၊ ရန်ကုန်မှာဆိုရင် ကြီးမေက ငါ့ကို နေ့တိုင်း ကြက်ကြော်ပေးရတာ"

"ကြီးမေဆိုတာ မင်း မေမေလား"

"မဟုတ်ဘူး၊ ငါ့မေမေရဲ့ အစ်မကြီး၊ ငါ့မေမေက ငါ့ကို မွေးပြီး သေသွားတယ်လို့ ကြီးမေက ပြောတယ်"

"ဟင်...ဒါဖြင့် မင်းမှာ အမေ မရှိဘူးပေါ့"

"အေး...မရှိဘူးကွ"

"အင်း...မင်းက အမေ မရှိပေမယ့် အဖေရှိပါသေးတယ်ကွာ၊ ငါ့မှာက အမေလဲ မရှိဘူး၊ အဖေလဲ မရှိဘူး၊ မင်း ကြီးမေလို ကြီးမေလဲ ငါ့မှာ မရှိပါဘူး"

"မင်း သိပ်စိတ်ထိခိုက်နေလား ကျော်လွင်ဦး"

"တစ်ခါတလေတော့ ဝမ်းနည်းတာပေါ့ကွာ၊ နောက်တော့လဲ အကြော်လည်ရောင်းနေရတော့ ဝမ်းနည်းဖို့တောင် သတိမရ တော့ပါဘူး။ ကဲ...စားကွာ ညီလတ် မင်းနောက်ထပ် စားချင်သေးရင်



www.burmeseclassic.com

www.burmeseclassic.com



နက်ဖြန် ငါ ထပ်ပစ်လာမယ်"

"တော်ပြီ မပစ်နဲ့တော့ ဒီတစ်ခါဆို ဘုန်းကြီးက မင်းကို လောက်လေးနဲ့ ဆော်မှာမဟုတ်ဘူး၊ စိန်ပြောင်းနဲ့ ဆော်မှာ"

"ဘုန်းကြီးကျောင်းမှာ စိန်ပြောင်း မရှိပါဘူးကွ၊ တုံးခေါက်တဲ့ တုတ်ပဲ ရှိပါတယ်"

ကြက်ရင်အုံသားကို လက်စသပ်စားပြီး ညီလတ်က ထိုင်ရာမှ ထသည်။ ကျော်လွင်ဦးက ကျန်နေသေးသည့် ချောကလက်ပြားပိုင်းကို သူ့အင်္ကျီအိတ်ထဲ ထည့်လိုက်၏။

"ချိုတယ်နော်၊ ငါ အဲသလို ချောကလက်ပြားကြီးကို တစ်ခါမှ မစားဖူးပါဘူး"

"အိမ်မှာ အများကြီး ရှိတယ်ကွ၊ နောက်နေ့ကျရင် ငါထပ်ယူခဲ့မယ်"

"ခု စားပြီးလို့ ကျန်တာကို ငါယူသွားမယ်နော် ညီလတ်၊ အမေစိန်ကိုလဲ ကျွေးချင်သေးတယ်"

"ယူသွားပါ၊ မင်းအတွက် ငါ ယူလာတာပဲဟာ"

တောင်ကုန်းကလေးပေါ်မှ အဝေးကို လှမ်းမျှော်ကြသည်။ ရှည်လျားဖြောင့်တန်းသည့် ရထားလမ်းကြီးကို ကြည့်ပြီး ကျော်လွင်





ဦးက–

"အဲဒီရထားလမ်းကြီးအတိုင်းသွားရင် မင်းတို့ ရန်ကုန်မြို့ဆိုတာကြီးကို ရောက်မှာပဲနော်"

"ရောက်တာပေါ့ကွ၊ မင်း ရန်ကုန်ကို ရောက်ဖူးလား"

"မရောက်ဖူးပါဘူးကွာ၊ ရန်ကုန်မြို့ကြီးက ပျော်စရာကောင်းတယ်လို့တော့ ပြောကြတယ်ကွ"

"အဲဒီစကားကတော့ အမှန်ပဲ၊ မင်း တစ်ခေါက်ရောက်ဖူးရင် မင်းဒီနယ်မြို့ကလေးကို ပြန်လာချင်မှာတောင် မဟုတ်ဘူး"

ကျော်လွင်ဦးက ငြိမ်သက်စွာ နားထောင်နေ၏။

"ရုပ်ရှင်ရုံတွေဆိုရင်လဲ အထဲဝင်လိုက်တာနဲ့ အေးစိမ့်နေတာပဲ"

"နံရံမှာ ရေခဲတုံးတွေ ကပ်ထားလို့လား"

ညီလတ်က ရယ်၏။

"ဘယ်က ရေခဲတုံး ကပ်ထားရမှာလဲကွ၊ အဲယားကွန်ဒီးရှင်းဆိုတဲ့ လေအေးစက်ကြီးတွေ တပ်ထားတာ၊ ရုပ်ရှင်ကြည့်တာ မင်းတို့ ဆောက ရုံတွေလို ပူအိုက်မနေဘူး"

ညီလတ်ပြောသမျှသည် ကျော်လွင်ဦးအတွက် အထူးအဆန်းကြီး ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ပြောပြနေပေမဲ့ ငါက ဒါတွေကို စိတ်မဝင်စားပါဘူး ကျော်လွင်ဦးရာ။ ဒါပေမဲ့ ငါက လွတ်လွတ်လပ်လပ် နေတာကိုတော့ ဝါသနာပါတယ်"

ဘုရားပေါ်က ပြန်ဆင်းခဲ့ကြသည်။

လမ်းဖြတ်အကူးမှာ ညီလတ်မျက်လုံး ဝိုင်းစက်သွား၏။

ဘိုမကတော့ သူ့အဖေ ရုံးကားပေါ်မှာ အခန့်သားထိုင်ပြီး ညီလတ်နှင့် ကျော်လွင်ဦးကို စူးစူးစိုက်စိုက်ကြည့်နေ၏။

"ဘိုမ နင် ဘာလာလုပ်တာလဲ"

"ဘာလာလုပ်ရမလဲ၊ နင့်ကို လာခေါ်တာ"

"ငါတို့ ဘုရားပေါ်တက်တာကို နင် ဘယ်လိုလုပ်သိလဲ"

"ဟင်း...ဟင်း သည်တစ်မြို့လုံးမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာကို ဘိုမတို့က အကုန်သိတယ်။ ဟုတ်တယ်မို့လား ဦးစံမောင်"

"ဟုတ်တယ်ကွ၊ ဘိုမ မသိတာ ဘာမှမရှိဘူး"

ဦးစံမောင်ကတော့ ဖော်လို့။

ဘိုမအဖေ၏ ရုံးကားမောင်းရသဖြင့် ဘိုမ အလိုကျ ပြောဆိုရန် ဦးစံမောင် အမြဲအဆင်သင့် ရှိနေ၏။

"နင် မသိတာ ရှိပါတယ်"





"ဘာလဲ"

"နင့်ခေါင်းမှာ ဆံပင်ဘယ်နှစ်ပင် ရှိတယ်ဆိုတာ နင်သိလို့လား"

"ငါ့ကို လာပြီး ကပ်ဖဲ့ပြောမနေနဲ့ ညီလတ်၊ ကားပေါ်တက်"

"မတက်ဘူး၊ ကိုယ်ပိုင်တဲ့ ကားမဟုတ်ရင် ငါက ဘယ်တော့မှ မစီးဘူး၊ ရုံးကားစီးပြီး ဖင်ခေါင်း မကျယ်ဘူး"

"နင်အကြော်သည်နဲ့ ပေါင်းပြီး စကားပြော သိပ်မိုက်ရိုင်းတာပဲ သိလား"

"ဘိုမ နင်သူ့ကို အကြော်သည်လို့ မခေါ်ပါနဲ့"

"အလိုတော် အကြော်ရောင်းတဲ့ကောင်ကို အကြော်သည်လို့ မခေါ်လို့ စိန်ကုန်သည်ကြီး ဦးကျော်လွင်ဦးလို့ ခေါ်ရမှာလား"

ကျော်လွင်ဦး ခေါင်းကို အသာငုံ့ထားလိုက်၏။ ညီလတ်ထံမှ စကားသံ ထွက်မလာခင်မှာ—

"ကားပေါ်တက် ညီလတ်၊ နင် အထက်တန်းကျကျ နေချင်တဲ့ ကောင် မဟုတ်ဘူး။ အောက်တန်းကျကျ နေချင်တဲ့ကောင်"

"ဟုတ်တယ်၊ ငါက အောက်တန်းကျကျ နေချင်တော့ အောက်တန်းကျကျပဲ လမ်းလျှောက်ချင်တယ်။ နင် ပြန် ဘိုမ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘာသာငါ လမ်းလျှောက်ပြန်မယ်"

ဘာပဲဖြစ်ဖြစ် သည်ပွဲမှာတော့ ညီလတ် အနိုင်ရပါသည်။

☆ ☆ ☆

(၃)

"နင် အဲဒီ အကြော်သည်ကောင်လေးနဲ့ ကြပ်ကြပ်ပေါင်း၊ အဲဒီကောင်လေး မိမရှိ၊ ဖမရှိတဲ့ ကောင်လေး"

ညီလတ်က ဘိုမမျက်နှာကို ဆတ်ခနဲ ကြည့်၏။ ဘိုမက မြေကြီးကို ခြေထောက်နှင့် အားပြုပြီး ဒန်းကို အရှိန်ရအောင်လွှဲသည်။

"သူ့မှာ မိဘမရှိတော့တာနဲ့ ငါက မပေါင်းရတော့ဘူးလား"

"ဒါပေါ့ မပေါင်းရဘူးပေါ့"

"ဒါဖြင့် နင်ငါ့ကို စကားမပြောနဲ့၊ မပေါင်းနဲ့တော့ ဘိုမ ဘာဖြစ်လို့လဲဆိုတော့ ငါ့မှာ အမေ မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဘိုမက လှဲနေသည့် ဒန်းကို ရပ်လိုက်၏။

"နင့်မှာ အဖေ ရှိတာပဲဟာ"

"အဖေရှိလဲ မစုဘူးပေါ့ဟ"

ဘိုမက ရယ်ပြီး ဒန်းပေါ်မှ ဆင်းသည်။ ညီလတ်နံဘေး သစ်မြစ်ပေါ်တွင် အသာဝင်ထိုင်လိုက်၏။

"သူတို့က ဆင်းရဲတယ် ညီလတ်ရ၊ ငါသူကို မပေါင်းစေချင်တာက ဆင်းရဲတဲ့ဓာတ်တွေ နင့်ကို ကူးလာမှာစိုးလို့"

"ဘယ်လို ကူးမှာလဲ"

"နေမကောင်းတဲ့သူနား သွားနေရင် အဖျားကူးသလိုပေါ့ဟာ နင် သူနားမှာနေရင် ဆင်းရဲတာတွေ ကူးလာမှာပဲ"

"သွားစမ်းပါ၊ အဓိပ္ပာယ်မရှိတဲ့ စကားတွေ လာမပြောနဲ့၊ နင် ဈေးသွားဖူးလား"

"သွားဖူးတာပေါ့"

"ဒါဆို နင်လဲ ဆင်းရဲဓာတ်တွေ ကူးမှာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဈေးသည်တွေက ဆင်းရဲလို့ ဈေးရောင်းစားကြရတာ"

"နင်က စကားကို သိပ်ကပ်ဖဲ့တာပဲ"

"ငါက စကားကပ်ဖဲ့တယ်၊ နင်က စကားပြောရင် လုပါးဝ



တယ်"

ဘိုမမျက်နှာ မည်းခနဲ ဖြစ်သွားသည်။

သစ်မြစ်ပေါ် ထိုင်နေရာမှ ဆတ်ခနဲ ထ၏။

"နင်က ငါ့ကို လုပါးဝတယ် ပြောတယ် ဟုတ်လား။ ကဲ... ပြောဦးဟယ် ပြောဦး"

"အား...နင် ငါ့ခေါင်းကို ခေါက်တယ် ဟုတ်လား၊ ကဲ ခေါက်ဦးဟာ"

ညီလတ် ဘိုမကို လက်နှင့် ဆောင့်တွန်းလိုက်၏။ ဘိုမနောက်သို့ ယိုင်သွားပြီး မြေကြီးပေါ် လဲကျသွားသည်၊ ကိုယ်ကိုအလှည့်မှာ နဖူးစွန်းနှင့် သစ်မြစ် တိုက်မိသွား၏။

"အီး...မာမိ...မာမိ သမီးကို ညီလတ် တွန်းတယ်၊ ဟီး...ဟီး"

ဘိုမ ငိုသံ ပွက်ခနဲ ညံသွားသည်။

ဘိုမ၏ အာပြဲသံကြီးကြောင့် တိုက်ထဲမှ ဘိုမမာမိ ပြေးထွက်လာသည်။

"အမလေး လုပ်ကြပါဦး၊ သမီးလေးနဖူးမှာ သွေးတွေ သွေးတွေ"

ထမင်းချက် မိန်းမကြီးနှင့် ဦးစံမောင်ပါ အပြေးရောက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ထမင်းချက် မိန်းမကြီး ဘိုမကို ပွေ့ချီပြီး အိမ်ထဲခေါ်သွား၏။

"မောင်ညီလတ်ရယ်၊ ကိုယ့်ညီမလေးကို သွေးထွက်သံယို ဖြစ်အောင် လုပ်ရသလားကွယ်"

"သွေးထွက်အောင်လုပ်တာ ကျွန်တော် မဟုတ်ဘူး အန်တီ၊ သူ့ဘာသာသူ လဲပြီး တိုက်မိတာ"

"မောင်ညီလတ် တွန်းတာဆို"

"သူက ကျွန်တော့်ခေါင်းကို စခေါက်တယ် အန်တီရဲ့၊ ခေါင်းကို စမ်းကြည့်ပါ အန်တီ။ အာလူးသီးလေးတောင် ထွက်လာ ပြီလား မသိဘူး"

ကိစ္စက သည်မှာတင် ပြီးပြတ်ပြီ ထင်သော်လည်း ညနေစာ ထမင်းဝိုင်းတွင် ဘိုမ မှာမိက ရယ်သလို မောသလိုနှင့် မေမေ့ကို တိုင်ပြောသည်။

ညအိပ်ရာဝင်တော့ မေမေက ဆုံးမ,သလိုနှင့် အပြစ်ကော ဆိုလာပါ၏။

"သားက ဘိုမထက် အသက်နည်းနည်းကြီးတယ်လေ။ သည်း ရမှာပေါ့၊ ဒီလို နိုင်ထက်စီးနင်း လုပ်တာကိုလဲ မေမေမကြိုက်ဘူး မတော်တဆများ မျက်လုံးကို သစ်ငုတ်နဲ့ ထိုးမိသွားရင် မတွေး



လောက်အောင်ပဲ"

"ဘိုမက အရင် စ,ခေါက်တာ မေမေရဲ့"

"သူ့အင်အားလေးနဲ့ နာလို့လား သားရယ်"

"အား... ပိန်ပေမဲ့ ဒီကောင်မလေးလက်က တအားပြင်းတာ၊ ယုံရင် မေမေခေါက်ခံကြည့် တစ်ခါထဲ အိစလံဝေသွားမယ်"

မေမေ ဦးမင်းလတ် က ပြုံးသည်။

"ဘိုမက မေမေ့ကို တိုင်သေးတယ်။ သား အကြော်ရောင်းတဲ့ ကောင်လေးနဲ့ ပေါင်းတယ်ဆို"

"ဟုတ်တယ် မေမေ၊ ကျော်လွင်ဦးက အကြော်ရောင်းပေမယ့် ဘိုမလို စိတ်ဓာတ် အောက်တန်းမကျဘူး မေမေ"

"ကောင်လေးနာမည်က ကျော်လွင်ဦးတဲ့လား"

"ဟုတ်တယ် မေမေ၊ သဘောလဲ ကောင်းတယ်၊ သားက ကြက်ကြော်ကြိုက်တယ်ဆိုတာနဲ့ ဘုန်းကြီးကျောင်းဝင်းထဲက ကြက်ကို လောက်လေးနဲ့ပစ်ပြီး ကြော်ကျွေးတယ်။ ပြီးတော့ သား ချော်လဲလို့ ဒူးပြဲသွားတာကို သူ့အကျီလက်ကို ဆုပ်ဖြဲပြီး သားဒူးခေါင်းကို ဇော်တီးလုပ်ပေးပြီး စည်းပေးတယ်"

မေမေက ဒူးခေါင်းကို ကြည့်ပြီး–

www.burmeseclassic.com



"ပတ်တီးက အသစ်ကြီးပါလား"

"ဒါက ပြန်ရောက်မှ ဘိုမ စည်းပေးတာ။ ဒဏ်ရာက မပြစ် စလောက်လေးပါ မေမေ စပျော့ပါ"

"ဘိုမက သားအပေါ် ကြင်နာရှာသားပဲ သားရဲ့။ နောက်ဆို ညီမလေးကို ကြင်ကြင်နာနာ ဆက်ဆံနော်။ ရှေ့အပတ်မှာ မေမေတို့ ရန်ကုန်ပြန်ကြမှာ"

"သားတို့ ရန်ကုန်ပြန်ရင် ဘိုမ လိုက်မယ်ဆို"

"သူက သားကို ပြောလို့လား"

"ပြောတယ်မေမေ၊ သားကတော့ သူလိုက်မှာစိုးလို့ တို့တိုက်မှာ အခန်းလွတ် မရှိဘူး၊ နင် လိုက်ရင် ခြံထဲမှာ တဲကလေးထိုး နေရမှာ လို့ ပြောလိုက်တယ်"

မေမေက အသံထွက်အောင် ရယ်ပါ၏။

ရယ်ရင်းနှင့် ညီလတ်၏ နဖူးစပ်မှ ဆံစလေးများကို လက်နှင့် ပွတ်သပ်သည်။

"သားကို နောက်တာ နေမှာပါသားရယ်၊ ဘိုမကို သူ့ဒက်ဒီနဲ့ မာမီက ဘယ်ခွဲနိုင်မလဲ"

"သားတော့ အဲဒီကောင်မလေးကို သိပ်အမြင်ကပ်တာပဲ



ကျော်လွင်ဦးကိုလဲ သိပ်နှိမ်တာပဲ မေမေ"

"အကြော်ရောင်းတဲ့ ကောင်လေးကိုလား"

"ဟုတ်တယ် နင်တို့က ဆင်းရဲတယ်၊ အောက်တန်းစားဆိုပြီး ပြောတာတော့ ဘယ်ကောင်းမလဲ"

"ကျော်လွင်ဦးက သူ့ကို စ,နောက်မှုးလို့ နေမှာပေါ့သားရဲ့"

"အား... မနောက်ပါဘူး မေမေရာ၊ သူပြောရင် ဟိုကောင် ခေါင်းလေးကို ငုံ့သွားတာပဲ၊ ဒီလောက် အနိုင်ကျင့်တော့ ဘိုမကို မိုမိုပြီး မုန်းလာတယ်"

"တိုးတိုးပြောပါ သားရဲ့၊ ဘိုမက သားလို တစ်ဦးတည်းသော သမီးဆိုတော့ နေရာတကာမှာ အနိုင်လိုချင်တာပါ"

"သားကိုတော့ လာပြီး အနိုင်မယူနဲ့ ဆွဲထိုးပစ်မှာ၊ သားသူ့ကို တွန်းတော့လေ သူက ငိုပြီး ဘာပြောတယ်မှတ်လဲ မေမေရဲ့"

"ဘာပြောလို့လဲ"

"တို့မာမီကျွေးထားတဲ့ မုန့်တွေ ပြန်လျော်ပေးတဲ့၊ တကယ့်ကို ကျိုကျောင် ကောင်မလေးပဲ မေမေ"

"ကဲ...ကဲ သားအိပ်တော့"

ညီလတ် အိပ်ရာပေါ် အသာလှဲလိုက်သည်။ နေ့လည်က



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်ခဲ့သည့်ကိစ္စအတွက် စိတ်မကောင်းသော်လည်း ဘိုမ၏ ရွာပလန်တန်သည့် ဟန်ပန်များကြောင့် ညီလတ် မျက်နှာကို မဲ့လိုက်၏။

"ဖွီး...အလကား ကောင်မလေး၊ အသားဖြူသလောက် စိတ်က ပုပ်တယ်၊ သူ့ဒက်ဒီနဲ့ မာမီက သူ့ကို ဘိုမလို့ မခေါ်ဘဲ ဘိုယုတ်လို့ ခေါ်ဖို့ကောင်းတယ်"

☆ ☆ ☆



(၄)

"လုပ်ကြပါဦး၊ ကလေးလေးတစ်ယောက် ရေထဲကျသွားပြီ"

မိန်းမတစ်ယောက်၏ စူးစူးဝါးဝါးအော်သံကြောင့် ကျော်လွင်ဦး ရင်မှာ ဒိန်းခနဲ ဖြစ်သွားသည်။ လက်ထဲမှ အကြော်ဇန်းကို ပစ်ချပြီး ကျော်လွင်ဦး ကမ်းပါးသို့ တဟုန်ထိုးပြေးသည်။

"ဟို...ဟိုမှာ ပေါ်လာပြီ၊ ဟောတော့ မြုပ်သွားပြန်ပြီ ကောင်လေး ကောင်လေး ဘောင်းဘီတိုနဲ့ ကောင်လေး"

အော်ဟစ်နေသည့် လူအုပ်ကြီးကို အတင်းထိုးဖေ့ပြီး ရေထဲသို့ ဒိုင်ဗင်ထိုးချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်... ကောင်လေးတစ်ယောက် ကျသွားပြန်ပြီ"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဲဒါ အမေစိန် အကြော်ဆိုင် ကောင်လေး၊ ဒီကောင်လေးက ရေကူးကျွမ်းကျင်တယ်"

ရေနှင့် ဦးခေါင်းကို ထိတွေ့မှု၊ တစ်ကိုယ်လုံး အေးဆိမ့်သွားမှုနှင့် အတူ ကျော်လွင်ဦး ခေါင်းကို ပြန်မော့သည်။ ရေစီးမှာ မျောပါနေသည့် ညီလတ်ကို တွေ့သည်။

ရေစီးနောက်သို့ လက်ပစ်ကူးသည်။ အနားရောက်သည်နှင့် ရေထဲသို့ ဖျတ်ခနဲ ငုံ့လျှိုးလိုက်၏။ ရေနစ်သူ၏ ကိုယ်လက်လှုပ်ရှားမှု အခြေအနေကို ကိုင်တွယ်သုံးသပ်ကြည့်သည်။

ညီလတ်ကိုယ်မှာ သတိ မရှိတော့။ ပြန်မြုပ်မည်အပြုတွင် ကျော်လွင်ဦး ညီလတ်ချိုင်းအောက်သို့ လက်ကို လျှိုသွင်းလိုက်၏။

ရေစီးကို အားပြုပြီး ကူးခတ်သည်။ ကျွမ်းကျင်မှု ရှိသော်လည်း လူတစ်ယောက်၏ ခန္ဓာကိုယ်အလေးချိန်ကြောင့် ကျော်လွင်ဦး ပင်ပန်းစွာ ကူးခတ်နေရသည်။

ကမ်းစပ်သို့ ရောက်ခါနီးတွင် ရှိသမျှ အင်အားကို ဖျစ်ညှစ်လိုက်၏။ ကမ်းပေါ်သို့ ရောက်သည်နှင့် လူအုပ်ကြီး၏ အော်ဟစ်သံ၊ ပြေးလွှားသံများ ကျော်လွင်ဦး၏နားမှာ ဝေဝေဝါးဝါး။





ခေါင်းမှာ မိုက်ခနဲ ဖြစ်သွားသည်။

လဲပြိုအကျမှာ ညီလတ်ဖေဖေ၏ အသံ။

ဘိုမ၏ အသံစူးစူး။ ကျော်လွင်ဦး မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားတော့သည်။

* * *

မျက်နှာမှာ ခပ်ဆိမ့်ဆိမ့်ကလေး ဖြစ်နေသည်ကို ဦးစွာ သတိပြုမိသည်။ မျက်လုံးကို အားယူမဖွင့်သေးဘဲ အသံများကို နားစွင့်သည်။

"မောင်ကျော်လွင်ဦး... မောင်ကျော်လွင်ဦး"

အသံက နားမှာ စိမ်းနေသည်။

မျက်လုံးကို အားယူဖွင့်ရင်း–

"ညီ...ညီလတ် ဘယ်မှာလဲ၊ ညီလတ် ဘယ်မှာလဲ ဟင်"

"မင်းသူငယ်ချင်း အနားမှာရှိတယ် မောင်ကျော်လွင်ဦး၊ မင်း ကောင်းကောင်းသတိရပြီနော်"

ခေါင်းကို အသာညိတ်ပြီး မျက်လုံးကို ဝေ့သည်။ နံဘေးတွင် စိုးရိမ်ပူပန်ဟန်နှင့် ရပ်နေသော ညီလတ်ကို တွေ့ရ၏။

"ကျွန်တော် ဘယ်ကို ရောက်နေတာလဲဟင်၊ ဦးလေးက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးက မောင်ညီလတ်ရဲ့ ဖေဖေကွယ်၊ မောင်ကျော်လွင်ဦး သတိလစ်သွားတာနဲ့ ဦး ဒီကို ခေါ်လာတာ၊ သူ့ကိုကော သိတယ်မို့လား၊ ဘိုမလေ၊ ဒါ ဘိုမတို့အိမ်ပေါ့"

ခုတင်ပေါ်မှ လူးလဲထသည်။

အစောပိုင်းက အဖြစ်အပျက်များကို သူ ပြန်စဉ်းစားသည်။ ညီလတ်ရေထဲကျ၍ ဆင်းကယ်ခဲ့သည်။ ညီလတ် သတိရအောင် ရေများကို အန်ထွက်စေရန် ပခုံးပေါ် ထမ်းပြေးသည်ထိ သတိရ၏။ သည့်နောက်ပိုင်း အခြေအနေများကိုတော့ ကျော်လွင်ဦး ဘာမှမသိ။

"ညီလတ် ဘာမှမဖြစ်ဘူးနော်"

"ကြောက်လန့်ပြီး သတိလစ်သွားတာကလွဲလို့ ဒဏ်ရာ ကြီးကြီးမားမား မရှိပါဘူး။ အင်း... ဦးရဲ့သားမှာ မောင်ကျော်လွင်ဦး ပေးတဲ့ အသက်ပဲ ရှိတော့တာပဲ"

ညီလတ်အနားရောက်လာတော့ ကျော်လွင်ဦးက ညီလတ် လက်ကို ဆုပ်ကိုင်သည်။

"အဲဒီနေရာမှာ လာမကစားဖို့ မင်းကို ငါသတိပေးခဲ့တာပဲကွာ၊ နောက်ကို လာမကစားပါနဲ့"

ကျော်လွင်ဦး ခုတင်ပေါ်မှ ဆင်းသည်။ မျက်လုံးအကြည့်က ဘိုသည် ရွှေ့လျားနေ၏။

"ကျွန်တော့် အကြော်ဗန်းကောခင်ဗျ"

"ဒီမှာ...ဒီမှာ၊ ဦး ယူလာခဲ့တယ်၊ ပိုက်ဆံဗူးခွက်လေးက ဒီမှာ"

ကျော်လွင်ဦး အကြော်ဗန်းကို လှမ်းယူသည်။ အားလုံး၏ အကြည့်များက သူ့ဆီရောက်နေ၏။

"ကျွန်တော် ပြန်တော့မယ်"

ညီလတ်က ကျော်လွင်ဦးလက်ကို ဖမ်းဆွဲထားသည်။

"ထမင်းစားပြီးမှ ပြန်ပါကွာ၊ ဖေဖေက မင်းကို သိပ်ကျေးဇူး တင်နေတယ်"

"မစားတော့ဘူး ညီလတ်၊ အချိန်နဲ့ ပြန်ရောက်မလာရင် အမေစိန်က စိတ်ပူတတ်တယ်"

အခန်းထဲက ထွက်ခဲ့သည်။ သံဆွဲဘာဂျာတံခါးနား အရောက်တွင် ညီလတ်ဖေဖေက သူ့အင်္ကျီအိတ်ထဲမှ ငါးရာတန်ရွက်များကို ထုတ်သည်။

"အဲဒါ ဘာလုပ်မလို့လဲ ဦး"

"မောင်ကျော်လွင်ဦးကို မုန့်ဖိုးပေးတာပါ၊ ငွေငါးထောင်ဆိုတာ







www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မဖြစ်လောက်ပေမယ့် စေတနာသန့်သန့်နဲ့ ပေးတဲ့ မုန့်ဖိုးကိုတော့ သား လက်ခံပါ"

"သား...တဲ့လား"

သည်ခေါ်သံသည် သူ့ရင်ကို အေးစိမ့်သွားစေပါသည်။

ဘဝမှာ သူ့လူမှန်း သိစကတည်းက သားဟု ခေါ်မည့်သူမရှိ။ သူလည်း အဖေဟု မခေါ်ခဲ့စဘူး။

သူ ညီလတ်ဖေဖေကို မင်သက်စွာ ကြည့်နေမိသည်။

"ယူပါ သားရယ်"

"ကျွန်တော်မယူဘူးဦး၊ ညီလတ် သက်ကို ကယ်တာ မုန့်ဖိုး လိုချင်လို့ မဟုတ်ဘူး၊ ကျွန်တော့်မှာ ညီအစ်ကို မောင်နှမ မရှိလို့ ညီလတ်ကို ညီလေးလို ချစ်တယ်။ ဒါ့ကြောင့် အသက်စွန့်ပြီး ကျွန်တော် ကယ်တာပါ"

သူ ကြောနိုင်းထွက်လာခဲ့သည်။

အပြင်ဘက်သို့ ရောက်သည်နှင့် လေကို အားရပါးရ ရှူရှိုက်သည်။ စိတ်မှာ လွတ်လပ်ပေါ့ပါးသလို ခံစားရသည်။

ကျေနပ်ခြင်း၊ အားရခြင်းများသည် စိတ်မှာ ဖြစ်ပေါ်နေ၏။ အကြော်တဲဆီသို့ အပြေးကလေး လာခဲ့သည်။

• • •





ပြောလက်စ စကားကို တန့်သောအခါ အမေစိန်က...

"အဲဒါနဲ့ ဆက်ပြောပါဦး"

အမေစိန်က ဒယ်အိုးထဲမှ အကြော်များကို ဆယ်သည်။ ဝါးစောင်တွင် ဆေးပေါ့လိပ်တုတ်တုတ်ကြီးကို ခဲထား၏။

"သူ့ဖေဖေက ကျေးဇူးတင်လွန်းလို့ မုန့်ဖိုးပေးတယ် အမေစိန်ရ"

"ဘယ်လောက်တောင် ပေးလိုက်လဲဟဲ့"

"ငါးထောင် အမေစိန်ရ"

"ငါးထောင် ဟုတ်လား၊ အများကြီးပါလား လူကလေးရယ်၊ ဝမ်းသာလိုက်တာ၊ အမေစိန်တို့ ကျေးမြီတွေ ဆပ်လို့ရပြီ"

အမေစိန် မျက်နှာဝင်းလက်နေ၏။

"ဟာ...အမေစိန်ကလဲ သူက ငွေငါးထောင်ပေးပေမယ့် ကျွန်တော် မယူဘူးဗျ"

"ဟဲ့...နင်က ဘာဖြစ်လို့ မယူရတာလဲ"

"ကျွန်တော် ညီလတ်ကို ရေထဲက ဆယ်တာ ပိုက်ဆံလိုချင်လို့မှ မဟုတ်ဘဲ အမေစိန်ရာ၊ ပိုက်ဆံယူလိုက်ရင် ကျွန်တော့်စေတနာတွေ အလကား ဖြစ်သွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေး… အဲဒါလဲ ဟုတ်တယ်တဲ့၊ မယူလိုက်တာ ကောင်းတယ်"

"ဒါနဲ့များ အမေစိန်က ငွေငါးထောင်ကို မေးနေရသေးတယ် များ"

"သိဘူးလေ၊ ငါးထောင် အမေစိန်ရ ဆိုတော့ ငါက လက်ထဲမှာ ရှိနေပြီလားလို့ မေးရတာ၊ သူများပိုက်ဆံ အချောင်မလိုချင်ပါဘူးတော်"

"ဒါပေါ့ အမေစိန်ရာ၊ အချောင်စိတ် မရှိရဘူးလို့ အမေစိန်ပဲ တဖွဖွ သင်ပေးနေတာ"

"အေးလေ"

"ဒါနဲ့များ ငွေငါးထောင်ဆိုတာနဲ့ အမေစိန်မျက်နှာ ဝင်းခနဲ လက်သွားတာပဲ"

အမေစိန် မျက်ဖောင်းထိုးတော့ သူက ရယ်သည်။

"မေတ္တာနဲ့ပေးလို့ ရလာတော့လဲ သုံးရဲ့ရတာပေါ့ လူကလေး ရယ်။ ခုတလော ရောင်းပန်းဝယ်ပန်း မကောင်းဘူး၊ ဖောက်သည်တွေကလဲ တစ်ခြားဆိုင်တွေဘက် ခြေဦးလှည့်နေကြတယ်"

ဝါးတိုင်ကို မှီပြီး ကျော်လွင်ဦး အမေစိန့်မျက်နှာကို ကြည့်သည်။



"စစ်တပ်က စာလာတယ် လူကလေးရဲ့"

"အမေစိန် သားဆီကလား"

"ဟုတ်တယ်၊ သူတို့တပ် တောင်ငူကို ပြောင်းရတယ်တဲ့၊ တပ်ထဲမှာ လိုင်းရတယ်တဲ့"

"လိုင်းဆိုတာ ဘာလဲ အမေစိန်ရ"

"လိုင်းဆိုတာ သူတို့အတွက် နေစရာအိမ်ပေါ့ဟဲ့၊ အဲဒါ သားက စာထဲမှာ…"

အမေစိန် စကားမဆက်။

သူ့ကို ကြည့်သည့်အကြည့်တွင် ကရုဏာငွေ့များ ပါနေသည်။

"စာထဲမှာ ဘာပါလို့လဲ အမေစိန်"

"လိုင်းခန်းရတော့ သားက အမေစိန်ကို ခေါ်တာပေါ့၊ လူကလေးရယ်၊ ဒါပေမဲ့ အမေစိန် မသွားပါဘူး၊ အမေသွားရင် သည်မြို့လေးမှာ လူကလေးကို ဘယ်သူက ထမင်းကျွေးမှာလဲ၊ လူကလေး ဒုက္ခရောက်မှာပေါ့"

ကျော်လွင်ဦး ပင့်သက်ချသည်။

အမေစိန့် ရင်ကို သူ ထွင်းဖောက်မြင်ပါသည်။ သားနှင့်အတူ နေချင်သည့်ဆန္ဒတွေ အမေစိန့်ရင်မှာ ရှိသည်ကို သူ မသိမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို မငဲ့ပါနဲ့ အမေစိန်၊ အမေစိန့်ဘဝ ပင်ပန်းပါတယ်။ ဟိုမှာဆို အမေစိန် အေးအေးချမ်းချမ်းနေရမှာ၊ ကျွန်တော့်အတွက် မပူပါနဲ့ဗျ၊ ကျွန်တော် ရေထမ်းရောင်းပြီး ထမင်းရှာစားလို့ ရပါတယ်"

"နေတော့ လူကလေး ဘယ်မှာနေမလဲ၊ ခု အိမ်လခပေးပြီး ငှားနေရတဲ့ အခန်းလေးကို အိမ်ရှင်တွေက အမေစိန်မရှိရင် ပြန်ယူမှာ မဖြစ်ပါဘူးကွယ်၊ အမေစိန် သွားမနေပါဘူး။ ကဲ...လူကလေး ထမင်းစားလိုက်ဦး၊ ဟိုရိုင့်ထဲမှာ လူကလေးအတွက် ချဉ်ရည်ဟင်းနဲ့ ငါးခြောက် ဖယ်ထားတယ်"

ဇလုံကို လှမ်းယူပြီး ထမင်းခဲကို ချေထည့်သည်။ ချဉ်ရည်ဟင်းကို ခပ်ရွှဲရွှဲဆမ်းပြီး ပလုပ်ပလောင်းစားတော့ အမေစိန်က...

"သူဌေးတွေက လူကလေးကို ထမင်းတစ်နပ်တောင် မကျွေးလိုက်ဘူးလား"

"ကျွေးပါတယ် အမေစိန်၊ ကျွန်တော်က မစားတာ"

"ဘာဖြစ်လို့လဲ လူကလေးရဲ့"

"ဟာ...သူများအိမ်မှာ မစားတတ်ပါဘူးဗျာ။ အဲဒီက ထမင်းစား ပွဲကြီးကလဲ အကြီးကြီး အမေစိန်ရဲ့ ထိုင်လဲ မစားဝံ့ပါဘူး





ဘိုဘိုမ ဆိုတဲ့ကောင်မလေးက ကျွန်တော် ထမင်းစားတာကို ကြိုက်မှာ မဟုတ်ဘူး"

"ဘယ်သူလဲ ဘိုမ ဆိုတာ"

စကားကို မပြောသေးဘဲ ငါးခြောက်ကို ဝါးသည်။ ပြီးမှ-

"ဘိုမကို အမေစိန် မသိဘူးလားဗျာ၊ ဟိုတစ်ခါ သူ့အိမ်မှာ ချထားတဲ့ ခွေးကို ကျွေးဖို့ဆိုပြီး အကြော်တွေ လာဝယ်တာလေ။ ကျွန်တော်ကတောင် ကိတ်မုန့်၊ ပေါင်မုန့် စားနေတဲ့ခွေးက အကြော်စားပါ့မလားလို့ ပြောတော့ ပါးကွဲသွားမယ်လို့ ဘုပြောပြီး ခြေဆောင့်ထွက်သွားတဲ့ ကောင်မလေးလေ"

"အေး... သိပြီ သိပြီ၊ စကားပြောမိုက်ရိုင်းတဲ့ ကောင်မလေးလေ၊ သူ့အမေကလဲ မာနကြီးပုံပဲ"

"ပိုက်ဆံတွေ အများကြီးရှိလို့ မာနကြီးတာနေမှာပေါ့ အမေစိန်ရာ၊ အမေစိန်လဲ သူတို့လို ပိုက်ဆံရှိရင် မာနကြီးချင် ကြီးနေမှာ"

အမေစိန်က ရယ်ပါ၏။

သည်အရယ်သည် ခြောက်သွေ့နေမှန်းတော့ သူသိသည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## (၅)

ညီလတ်က ဖေဖေ့မျက်နှာကို အငေးသား ကြည့်သည်။ စကားဝိုင်းသည် ညီလတ်အတွက် အရမ်းစိတ်ဝင်စားဖွယ် ကောင်းနေ၏။ အန်ကယ်ကြည်မောင်ကတော့ ဖေဖေ့စကားများကို ခေါင်းတညိတ်ညိတ်နှင့် နားစိုက်ထောင်၏။

"နွမ်းပါးသူကို ကူညီရာလဲ ရောက်တယ်မို့လား ကိုကြည်မောင်၊ သားအသက်ကို ကယ်လိုက်တယ်ဆိုတဲ့ အစွဲလမ်းကလဲ မောင်ကျော်လွင်ဦးအပေါ် သံယောဇဉ် ပိုဖြစ်ရတယ်။ ကိုကြည်မောင် ပြောပြလို့ ကောင်လေးဘဝကို သိတော့ ပိုပြီး သနားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လဲ ရုံးက မောင်ကို ပြောပြလို့ သူ့ဘဝအစုံအလင်ကို သိရတာ၊ သူ့ကို ကျွေးမွေးစောင့်ရှောက်ထားတဲ့ အမေစိန်ဆိုတဲ့ အဘွားကြီးကလဲ တောင်ငူက သူ့သားဆီမှာ သွားနေချင်တာ၊ ကောင်လေးကို ငဲ့ပြီး မသွားနိုင် ဖြစ်နေရတာ"

"အင်း...ဒါဆို အဘွားကြီးဘက်က ပြဿနာ မရှိပါဘူး။ မောင်ကျော်လွင်ဦးက ကျွန်တော်တို့နဲ့ နေချင်၊ မနေချင်ဆိုတာမဲ အရေးကြီးတယ်"

ညီလတ် ငြိမ်ငြိမ်သက်သက်လေး နေသည်။

ညအိပ်ရာဝင်တုန်းက မေမေက "မောင်ကျော်လွင်ဦးကို မေမေတို့ မွေးစားရအောင်၊ သားလဲ အစ်ကိုတစ်ယောက် ရတာပေါ့" ဆိုကတည်းက ညီလတ် ဝမ်းသာနေခဲ့ရသည်။ "သိပ်ကောင်းတာပေါ့ မေမေ"ဆိုသည့်စကားကိုလည်း လိုက်လုံ့စွာ ပြောဖြစ်၏။

မေမေက စီးကရက်ကို ခပ်ပြင်းပြင်း ရှိုက်ထုတ်ပြီး လက်မှ နာရီကို ကြည့်သည်။

"မောင်ကို သွားတာ ကြာလှချည်လား"

"ရောက်လာမှာပါ၊ ကိုမျိုးညွန့်က မောင်ကျော်လွင်ဦးနေတဲ့ ရပ်ကွက်အပိုင်က လူကြီးပဲ၊ သူတို့တွေလဲ မောင်ကျော်လွင်ဦးအတွက်





ဝမ်းသာကြမှာပါ"

အန်ကယ်ကြည်မောင် စကားအဆုံးတွင် ခြံတံခါးဖွင့်သံကို ကြားရသည်။ လှမ်းကြည့်တော့ မောင်ကိုနှင့်အတူ ကိုမျိုးညွန့်ဆိုသူ ပါလာ၏။

ဧည့်ခန်းရောက်တော့ အန်ကယ်ကြည်မောင် မေမေနှင့် ကိုမျိုးညွန့်ကို မိတ်ဆက်ပေးသည်။

"အကျိုးအကြောင်းကို လမ်းမှာ မောင်ကို ပြောသင့်သလောက် ပြောပြခဲ့မှာပေါ့"

"ဟုတ်ကဲ့ဆရာ ပြောပြပါတယ်"

"အဲဒါဗျာ၊ ဟောဒီ ဦးမင်းလတ်က မောင်ကျော်လွင်ဦးကို မွေးစားချင်တယ်၊ ကောင်လေးရဲ့ ဘဝနဲ့ ပညာရေးလဲ အခြေခိုင်တာ ပေါ့လေ၊ မောင်ကျော်လွင်ဦးရဲ့ ဆန္ဒနဲ့သဘောထားကို မသိရသေးခင် ကိုမျိုးညွန့်ကို ခေါ်ပြီး တိုင်ပင်တာပါ"

"ဟာ...ကျွန်တော်တို့က အရမ်းဝမ်းသာတာပေါ့ဆရာ၊ ကောင်လေး သိရင်လဲ သိပ်ပျော်ရှာမှာ၊ ဉာဏ်ရည်ဉာဏ်သွေး ကောင်းရဲ့သားနဲ့ ကျောင်းပညာ မသင်နိုင်ရှာတဲ့ ဘဝကလေးပါ"

"နေပါဦး ကိုမျိုးညွန့်ရ၊ သူ့ကို ကျွေးမွေးစောင့်ရှောက်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမေစိန်က ဒီကိစ္စကို လက်ခံပါ့မလား"

ဖေဖေက စိုးရိမ်တကြီး မေး၏။

"လက်ခံမှာပါ ဦးမင်းလတ်၊ ကျွန်တော်တို့ အမေစိန်ကို ဖျောင်းဖျပါ့မယ်၊ ကောင်လေးက မျိုးရိုးသန့်လေးပါဗျ၊ ဘဝကံဆိုးချင်တော့ သူ့အဖေက ရှေ့တန်းမှာ တိုင်းပြည်အတွက် အသက်ပေးလှူသွားတယ်၊ သူ့အမေကလဲ သူ့အဖေနဲ့ မရှေးမနှောင်းပါပဲဗျာ။ သားလေးကို လောကကြီးအလယ်မှာ တစ်ယောက်ထဲ ထားခဲ့ပြီး စိတ်ဝေဒနာနဲ့ ဆုံးသွားရှာတာ"

"ဆွေမျိုးတွေ မရှိဘူးလား"

"မရှိဘူးခင်ဗျ၊ အမေစိန်က ခေါ်ထားပြီး ကျွေးမွေးစောင့်ရှောက်ထားတာ၊ ကောင်လေးက ခုနစ်တန်းနဲ့ ကျောင်းထွက်ပြီး အမေစိန်ကို ချေးကျွေးရောင်းပေးရရှာတာပါ"

ဖေဖေက ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း…

"မောင်ကျော်လွင်ဦး ကျွန်တော်တို့နဲ့ လိုက်နေရင် အမေစိန် တစ်ယောက်ထဲ ကျန်နေရှာမှာပဲ"

"ဟာ…အဲဒါတော့ မပူနဲ့ ဦးမင်းလတ်၊ ကျော်လွင်ဦးသာ ဒီလို တင့်တင့်တယ်တယ်ဘဝ ရောက်သွားရင် အမေစိန်က တောင်ငူက



သူ့သားဆီသွားမှာ သူ့သားက စစ်တပ်ထဲမှာလေ၊ သူ့သားခေါ်တဲ့စာ အသွားကြီးက ကျွန်တော့်ကိုပြတယ်၊ ကောင်လေးအတွက် ရင်မအေးလို့ သားဆီ သွားမနေတာတဲ့၊ ခုလို အနေထားမျိုး အမေစိန်သိရင် အရမ်းဝမ်းသာမှာ"

"ကျွန်တော်တို့ ရန်ကုန်ကို နက်ဖြန်ပြန်မှာ ကိုမျိုးညွန့်"

"ဒါဆို ညနေကျ အမေစိန်ကော၊ မောင်ကျော်လွင်ဦးကိုကော ကျွန်တော်ခေါ်ခဲ့ပါ့မယ်၊ အရမ်းဝမ်းသာပါတယ်ဆရာ၊ ကောင်လေးရဲ့ အရိုအသေကိုတော့ စိတ်ချပါ၊ ကျွန်တော်က သူ့အပိုင်က ရုပ်ကွက်လူကြီးဆိုတော့ ဒီကောင်လေးစိတ်ဓာတ်ကို ပိုသိပါတယ်။ သူငယ်ချင်း အပေါင်းအသင်းတွေ အပေါ်မှာလဲ အနွံတာခံတတ်ရှာတယ်၊ ကျေးဇူးဆိုလဲ ကျေးဇူးမှန်းသိတဲ့ ကောင်လေးပါ"

ဖေဖေ့မျက်နှာမှာ ကျေနပ်မှုတွေ အပြည့်ရှိနေ၏။ ကိုမျိုးညွန့် ပြန်သွားတော့ ညီလတ် ခြံထဲသို့ ဆင်းခဲ့သည်။

"ညီလတ်…ညီလတ်"

နောက်ကို လှည့်ကြည့်တော့ ဘိုမ မိမိဆီသို့ အပြေးလိုက်လာသည်ကို တွေ့ရ၏။

"ဘာလဲ ဘာနှောင့်အယှက်ပေးဦးမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်သွားမလို့လဲ"

"ဒန်းစီးမလို့"

ညီလတ် ချာခနဲ လှည့်ပြီး ဒန်းရှိရာသို့ လျှောက်ခဲ့၏။ ဒန်းပေါ် ထိုင်မည်အပြုမှ နောက်ပါးမှ လိုက်လာသည့် ဘိုမက...

"နင်တို့ အကြော်သည်လေးကို မွေးစားမလို့ဆို ဟုတ်လား"

"အကြော်သည်လို့ မခေါ်ပါနဲ့ဟာ၊ သူ့မှာ နာမည်ရှိထယ် ကျော်လွင်ဦးတဲ့၊ ကျော်လွင်ဦး"

"အဲဒီအမည်ကို ငါ စိတ်မဝင်စားဘူး၊ အကြော်သည်ဟာ အကြော်သည်ပဲ"

ဒန်းပေါ်တက်ထိုင်ပြီး ခြေထောက်အားပြု၍ လွှဲမည်ပြုပြီးမှ ညီညီလတ်က–

"နင် သိပ်ဖင်ခေါင်းကျယ်တာပဲ ဘိုမ"

"ဘာကျယ်လို့လဲ"

"ကျယ်တာပေါ့၊ ကျော်လွင်ဦးက ဆင်းရဲတယ်၊ နင်တို့လို မချမ်းသာဘူး၊ ပိုက်ဆံလည်း မရှိဘူး၊ သူ့ခမျာ ဆင်းရဲပါတယ်ဆိုမှ နင်က သွားသွားပြီး ကြီးကျယ်ပြတယ်"

"တို့က ပိုက်ဆံမရှိတဲ့လူဆိုရင် လူစာရင်း မသွင်းဘူး သိလား"





ညီလတ်က ဘိုမမျက်နှာကို စွေစောင်းစောင်းကြည့်လိုက်၏။

"နင့်ကို ငါ တစ်ခုမေးမယ် ဘိုမ"

"ဘာမေးမှာလဲ"

"နင်ဒီလောက်ကြီးကျယ်နေရအောင် နင်တို့ ဘယ်လောက် ချမ်းသာလို့လဲ"

"အဟား မေးရဲလိုက်တာ၊ ဒီမယ် တို့မာမီနားမှာ ပန်ထားတဲ့ စိန်ကပ်ရဲ့ တန်ဖိုးဘယ်လောက်လဲဆိုတာ သိလား"

"ဆယ်ပြားလောက်ပဲ တန်မှာပေါ့"

"ဘာ"

ဘာနှင့်အတူ ဘိုမက ကုတ်ဖဲ့ရန် လက်ပြင်သည်။ ညီလတ်က သူ့ညာလက်နှင့် ပုတ်ဖယ်လိုက်၏။

"နင် ငါ့အသားကို လာမထိနဲ့နော် ဘိုမ။ ငါ့အသားထိရင် တိုနေ့က နာတာမျိုးထက် ပိုနာမယ်"

"နင်က တို့မာမီ စိန်နားကပ်ကို ဆယ်ပြားလောက်ပဲ တန်မယ် လို့ ပြောရတာလဲ"

"ဒါက ငါ့အထင် ပြောတာလေ၊ မဟုတ်ရင် မဟုတ်ဘူးပေါ့၊ ဘာမှ နာစရာမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆယ်ပြား ရမယ် အားကြီးကြီး၊ သိန်းခြောက်ဆယ်တောင် ပေးရတယ် သိလား၊ ပေါ့သေးသေးမထင်နဲ့"

ဘိုမစကားကို ညီလတ်က တဟားဟား ရယ်၏။

"သိန်းခြောက်ဆယ်ကို စကားထဲ ထည့်မပြောစမ်းပါနဲ့ ဘိုမရာ၊ နင်ဟိုးတစ်ခါ ရန်ကုန်က တို့တိုက်ကို လာလည်တော့ အပြုရောင် ကားကြီးကို တွေ့တယ်မို့လား"

"မတွေ့ဘူး"

"မလိမ်နဲ့၊ အဲဒီကားကြီးနဲ့ နင်တို့မိသားစုကို ဖေဖေကိုယ်တိုင် ဘုရားတွေ့ လိုက်ပို့ရတာ၊ လိမ်ရင် ဘုရား မကြိုက်ဘူးသိလား"

ဘိုမက နှုတ်ခမ်းကို ဖုဖုရှုထား၏။

"အဲဒီကားကြီးရဲ့ တန်ဖိုး ဘယ်လောက်ရှိမယ်လို့ နင်ထင်သလဲ"

"ငါးပြားလောက်တော့ တန်မှာပေါ့"

စကားအပိုင်ရသွားသဖြင့် ဘိုမက တစ်ချက်လှတ် တွယ်သည်။ ဘိုမစကားကြောင့် ညီလတ်မျက်နှာ ရှုံ့သွား၏။

"မနိမ်နဲ့ သိန်းခြောက်ရာ ပေးရတာ သိလား၊ သိန်းခြောက်ရာဆိုတာ သိန်းခြောက်ဆယ် မဟုတ်ဘူး၊ နင့်မာမီရဲ့ စိန်နားကပ်





တန်ဖိုးက တို့အိမ်က အပေါ်စက် အောက်စက်လောက်ပဲ ရှိတယ်။ တို့စီးတဲ့ ကားကြီးနဲ့ဆို လုံးဝ မနိုင်းအပ်ရာပဲ"

"လေကျယ်လိုက်တာ၊ ကားကို နင်တို့ပဲ စီးနိုင်တာ မဟုတ်ဘူး၊ တို့လဲ စီးနိုင်တာပဲ"

"ဘာလဲ ခုစီးနေတဲ့ကားလား၊ ရုံးက ပေးထားတဲ့ ကားကြီး၊ လှလဲမလှဘူး၊ အထင်လဲ မကြီးဘူး၊ လာပြောမနေနဲ့"

ဘိုမက ရွှေရွှေရှားရှားနှင့် သူ့နောက်မှ အုတ်ခဲကျိုးကို ကောက်ဆိုင်၏။

"ထုရဲရင် ထုကြည့်လေ၊ ငါက နင့်မျက်ခွက်ကြီးကို လက်သီးနဲ့ ထိုးပစ်လိုက်မယ်"

ညီလတ်က လက်သီးဆုပ်ပြီး ဘိုမမျက်နှာနား ကပ်ပြတော့ ဘိုမမျက်နှာ ငိုမဲ့မဲ့ ဖြစ်လာသည်။

ဘိုမကို ကြည့်ပြီး ညီလတ် ရယ်ချင်လာ၏။

"နင် ငါ့ကို ခဲနဲ့မထုရင် ငါလဲ လက်သီးနဲ့ မထိုးဘူး၊ ဒါ ရှင်းရှင်းလေးပဲ"

ဘိုမ အံကိုကြိတ်ပြီး အုတ်ခဲကျိုးကို မြေပေါ်သို့ ဘုတ်ခနဲ ပစ်ချ၏။ ပြီး ချာခနဲလှည့်ပြီး အိမ်ဆီသို့ တန်းပြေးသည်။ ပြေးရင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



"ညီလတ် ကောင်စုတ်"

ညီလတ်ကလည်း ပြန်အော်သည်။

"ဘိုမ ဘိုစုတ်"

ပြေးရင်းမှ ခြေစုံတန့်ရပ်ပြီး ဘိုမက ပါးစပ်လှုပ်ပြ၍ ဆဲသည်။

"ငဆဲမ၊ ငါ ခဲနဲ့ လှမ်းထုရိုက်မယ်"

ဘိုမက စကားမတုန့်ပြန်ဘဲ သူ့လက်ဝါးကို တစောင်းထောင်ပြကာ အိမ်ထဲသို့ လှစ်ခနဲ ပြေးဝင်သည်။

ညီလတ် မကျေမချမ်းနှင့် ရပ်ကျန်ခဲ့ပါ၏။

☆ ☆ ☆

(၆)

အမေစိန် မျက်ဝန်းမှာ မျက်ရည်တွေ ဝဲဈစ်နေသည်ကို ကျော်လွင်ဦး မြင်သည်။ ကျော်လွင်ဦးက အမေစိန့်လက်မောင်းကို ဆုပ်ကိုင်လိုက်၏။

"မငိုပါနဲ့ အမေစိန်ရယ်၊ ကျွန်တော့်အတွက် အမေစိန် ဘယ်လို ပင်ပန်းရတယ်၊ ဆင်းရဲရတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ အမေစိန်ရဲ့ ကျေးဇူးတွေကိုလဲ ကျွန်တော့်တစ်သက် မမေ့ပါဘူး"

အမေစိန်က ပါးပြင်ပေါ် ဖြိုတ်ကျလာသည့် မျက်ရည်များကို လက်နှင့် သုတ်ဖယ်သည်။ မျက်နှာပြင်ပေါ်မှ အရေးအကြောင်းများသည် လောကဓံကို ခါးဆီးခံရသည့် ပြယုဂ်များဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"လူကလေးဘဝအတွက် အမေစိန် ဝမ်းသာပါတယ်၊ အမေစိန့် အရိပ်အောက်မှာကတော့ လူလေးဘဝ မလုံခြုံဘူးပေါ့ကွယ်။ ရန်ကုန် ရောက်ရင် လူကြီးသူမတွေရဲ့ စကားကို မြေဝယ်မကျ နားထောင်နော်။ ကိုယ့်မွေးစားအဖေကိုလဲ အဖေရင်းလို သဘောထားပြီး ကျိုးနွံပြီး ရမယ်"

ကျော်လွင်ဦး ဦးခေါင်း ညိတ်ပြသည်။

ဦးမင်းလတ်က အမေစိန့်မျက်နှာကို စိတ်မကောင်းစွာကြည့်ပြီး သူ့အိတ်အနက်ကြီးထဲမှ ငွေစက္ကူတစ်ထုပ်ကို ထုတ်ယူလိုက်သည်။

"အမေစိန် ဒါ အမေစိန့်အတွက် ကျွန်တော်တို့သားအဖတွေ ကန်တော့တာပါ"

"ဘာများလဲကွယ်"

"ငွေတစ်သိန်းတိတိပါ အမေစိန်"

"အို...အမေစိန် မလိုချင်ပါဘူးကွယ်။ လူကလေးရဲ့ ဘဝနဲ့ ပညာရေးကို တာဝန်ယူကတည်းက ဆရာလေးတို့ရဲ့ စေတနာတွေ ကြီးမားနေပါပြီ"

အမေစိန်ငြင်းပယ်နေသည့် ကြားမှ ငွေများကို ဦးမင်းလတ်က အမေစိန့်လက်ထဲ အတင်းထိုးထည့်ပေးသည်။





"ဘယ်လိုမှ မအောက်မေ့ပါနဲ့ အမေစိန်၊ ကျွန်တော့်စေတနာအရ မောင်ကျော်လွင်ဦးက အမေစိန်ကို ကျေးဇူးဆပ်တယ်လို့ပဲ သတ်မှတ် ပေးပါ၊ အမေ စားလဲစားပါ၊ လှူလဲလှူပါ၊ လှူလို့ အမျှပေးဝေရင်ပဲ ကျွန်တော်တို့စေတနာ အကျိုးသက်ရောက်ပါပြီ အမေစိန်"

"သာဓုပါကွယ် သာဓုပါ၊ အမေ လှူတဲ့တန်းတဲ့အခါ အမျှ ပေးဝေမှာပါ"

နံနက်ခင်း၏ လေပြည်အေးက ရထားသံလမ်းကို ဖြတ်ပြီး တိုက်ခတ်လာသည်။ သည်ရေသည့်မြေက ခွာရတော့မည်ဆိုသည့် အသိက ကျော်လွင်ဦးရင်ကို ယှိုက်မောလာရပါ၏။

ခပ်ဝေဝေ ခပ်တွေတွေ ဖြစ်နေသော ကျော်လွင်ဦးအနားသို့ ညီလတ်က တိုးကပ်လာသည်။

"ဝမ်းနည်းမနေပါနဲ့ ကျော်လွင်ဦးရာ၊ တို့ရန်ကုန်မြို့ကြီးကို ရောက်ရင် မင်း ပျော်မှာပါ"

ရထား ဝင်လာသည်ကို မြင်သည်။

"အမေစိန်"

"လူကလေး"

"ကျေးမွေးစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတရားတွေကို မမေ့ပါဘူး



www.burmeseclassic.com

အမေစိန်ရယ်၊ အပြစ်တွေရှိရင်လဲ ခွင့်လွှတ်ပါ၊ ကျွန်တော်အမေစိန်ကို ကန်တော့ပါတယ်"

ပလ်ႆက်ဖောင်းပေါ် ဒူးညွှတ်ချပြီး လက်အုပ်ချီသည်။

"သာဓုကွယ် သာဓု သာဓု၊ လူကလေး ကျန်းမာပါစေ ချမ်းသာပါစေ၊ ပညာတွေလဲ အများကြီး တတ်ပါစေ"

ဘူတာမှာ ရထားကြီး ထိုးရပ်လာသည်။

ရထားပေါ်အတက်တွင် မျက်ရည်စက်များက ပိုးပိုးပေါက် ပေါက် ကျလာ၏။

"စိတ်မထိခိုက်ပါနဲ့ ကျော်လွှင်ဦးရှာ၊ ဒီနေ့ကစပြီး မင်းနဲ့ငါ ညီအစ်ကိုဖြစ်ပြီ။ ခုရန်ကုန်က ကိုယ့်အိမ်ကို ပြန်တယ်လို့ သဘော ထားပါကွ၊ ဟိုမှာ ဟိုမှာ ဘိုမ နှုတ်ဆက်နေတယ်"

လှမ်းကြည့်တော့ ဘိုမက သူ့မာမိန်အေးတွ ရပ်ပြီး လက်ကိုင် ပုဝါကို ဝှေ့ရမ်းပြသည်။

"ဘိုမက ငါ့ကိုနှုတ်ဆက်တာ မဟုတ်ပါဘူး၊ မင်းကိုနှုတ်ဆက် တာပါ"

ညီလတ်က ခေါင်းကို သွက်သွက်ခါအောင် ရမ်း၏။

"ဘာပဲဖြစ်ဖြစ်၊ ငါတော့ ဒီကောင်မလေးကို သိပ်မုန်းတယ်





ကျော်လွှင်ဦး"

ရထားဥဩလိမ့်သည်။

ကျော်လွှင်ဦး မျက်လုံးကို စုံမှိတ်ထားလိုက်၏။

ရေသစ်မြေသစ်မှာ လူဖြစ်ဖို့ ကြိုးစားရတော့မည်။

☆ ☆ ☆

www.burmeseclassic.com

(အပိုင်း—နှစ်)

(၇)

"ကိုကို စောင့်နေရတာ ပျင်းနေပြီလား"

ကျောင်းရှေ့ တံခါးဆုတ်တိုင်ကို မှီနေရာမှ ကျော်လွင်ဦး တ်ခနဲ ဖြစ်သွားသည်။

သည်နေ့ ညီလတ် ကျောင်းဆင်း နောက်ကျပါ၏။

"ညီ...စာမရလို့ ဒဏ်ပေးခံနေရပြန်ပြီထင်တယ်"

"သည်တစ်ခါတော့ မင်းမှားပြီကိုကို၊ ငါ့အတန်းထဲမှာ အိပ်ပျော် တာကို အားလုံးက ဝိုင်းကြည့်ပြီး အပြောခံနေရတာ"

"ဟာကွာ ညီကလဲ"

www.burmeseclassic.com

www.burmeseclassic.com



ညီလတ်က တဟားဟားဟား ရယ်၏။

ကျော်လွင်ဦးနှင့် ညီလတ် အတန်းတူသော်လည်း တန်းခွဲ
သည်။ ကျော်လွင်ဦးက (အေ)မှာကျပြီး ညီလတ်က(ဘီ) မှာကျသည်

"ဦးကျော်ခကို ဒီနေ့ကားနဲ့ လာမကြိုနဲ့ လမ်းလျှောက်ပြ
မယ်လို့ ပြောခဲ့တာကို ဖေဖေ သိရင်တော့ ဆူမှာပဲ ကိုကို"

"ညီက လမ်းလျှောက်ပြန်ချင်လို့လား"

"တစ်ခါတလေ လွတ်လွတ်လပ်လပ် လမ်းလျှောက်ပြန်ရတာ
ဘယ်လောက် အရသာရှိလဲ ကိုကိုရ၊ ကျောင်းလာလဲ ကားကြီး
ကျောင်းပြန်လဲ ကားကြီးနဲ့ ကြာရင် အညောင်းမိ သေမယ်"

ကျော်လွင်ဦး ပြုံးနေဆဲနေမှာ...

"ဖေဖေဆူရင်တော့ မင်းကို ငါလွှဲချမှာပဲကိုကို၊ မင်းလင်
လျှောက်ပြန်ချင်တယ်ဆိုလို့ လမ်းလျှောက်လာကြတာလို့"

"ဖေဖေက ငါ့ကို ဆူမှာပေါ့ ညီရ"

"မဆူပါဘူးကွာ၊ ဖေဖေက မင်းကို သိပ်ချစ်တာပါ၊ မနက်
ကြီးဖေကို ဖေဖေ ဘာပြောနေတယ်မှတ်လဲ"

ကျော်လွင်ဦး ငြိမ်ပြီး နားထောင်နေလိုက်သည်။

"အငယ်ကောင် နေတာ ထိုင်တာ တကယ့်ကို စည်းကမ်း



ဘူးတဲ့၊ အကြီးကောင်ကြီးကိုလဲ တော်တော်အနိုင်ယူတယ်တဲ့၊
ကြီးကောင်ကြီးက တော်တော်သည်းခံရှာတာတဲ့။ဒါကတော့ကွာ
ကိုက ညီကို ချစ်လို့ သည်းခံတာပဲကွာ၊ ဟုတ်တယ်မို့လား"

"ဟုတ်တာပေါ့ညီရ၊ ကိုကို့မှာက မွေးကတည်းက အဖော်
တာ ရှိတာမဟုတ်ဘူး၊ ညီကိုတွေ့တော့ တကယ့်ညီအရင်းလို
တာ"

"နလဲ ညီအရင်းပဲလေ၊ ဖေဖေမှာ သားနှစ်ယောက်ရှိတယ်၊
သားနှစ်ယောက် နာမည်က ကျော်လွင်ဦးနဲ့ ညီလတ်။ ဖေဖေက
စ်ကို စကားပြောရင် ကိုကို၊ ညီညီလို့ပဲ ပြောမှ ခေါ်ရမယ်လို့
အမိန့်ချက်တွေ ထုတ်ထားတာပဲဟာ"

ညီအစ်ကိုနှစ်ယောက် စကားတပြောပြောနှင့် လမ်းလျှောက်ရင်း
တက်ပင်ကြီးအောက်အရောက်တွင် ညီလတ်က နောက်သို့
တစ်ခ်နဲ လှည့်ကြည့်ပြီး-

"ကိုကို မင်းနောက်ကို လှည့်ကြည့်လိုက်စမ်း"

ကျော်လွင်ဦး နောက်သို့ လှည့်ကြည့်သည်။

"တွေ့လား"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကေသီဗညားလေ"

ကျော်လွင်ဦး မျက်မှောင်ကြုံ့လိုက်၏။

"နာမည်ကလဲ အဆန်းပဲ၊ ဒါပေမယ့် ကိုကို အဲဒီ ကေ

ဗညားကို မသိပါဘူး ညီရ"

"ကိုကို ဘယ်သိမလဲ ကျောင်းကို သည်နှစ်မှ ရောက်လာတာ

"ညီတို့အတန်းကလား"

ညီလတ်က ခေါင်းညိတ်ပြီး ခြေလှမ်းကို ခပ်နှေးနှေး လုပ်လိုက်

သည်။

"သူ့အဖေက ဦးဗညားတဲ့ ကိုကိုရ၊ နာမည်ကို ဘိုဆန်ဆန်

ပေးချင်၊ ပေးတော့လဲ တလွဲ ကေသီဗညားတဲ့၊ ခေါ်ရ

ဘယ်လိုမှ ပါးစပ်မှာ အရသာ မရှိဘူး"

"သူ့အဖေ နာမည်ပါအောင် မှည့်တာနေမှာပေါ့"

"အမှန်ပဲ၊ သူနဲ့တွဲတဲ့မေဘယ်လ်က ငါ့နဲ့ခင်တော့ သူ့အကြော

အကုန်ပြောပြတယ်၊ အဲဒီကေသီဗညားမှာ ထူးခြားမှု တစ်ခုရှိတ

ကိုကို"

ကားတစ်စီး နံဘေးမှ ဖြတ်ကျော်သွား၏။

"ကဲ...ပြောပါဦး၊ ကေသီဗညားရဲ့ ထူးခြားချက်"





နောက်ပါးမှာ ကေသီဗညားကတော့ လှုပ်လီလှုပ်လဲ့။ သူတို့ ညီအစ်ကိုနှစ်ယောက်၏ စကားအသံကို ဘယ်လိုမှ မကြား။

"အဲဒီ ကေသီဗညားက ဝက်သားဆို အသေအလဲ ကြောက်တာ ကိုကိုရ"

"ကုလားမို့လို့လား"

"ဘယ်က ကုလားရမှာလဲ၊ ဗမာ စစ်လိုက်တာမှ ရေတောင် မရောဘူး"

"ဒါဖြင့် သူတို့ နတ်ကိုးကွယ်လို့ ဝက်သား ကြောက်တာ နေမှာပေါ့ ညီရ၊ ရှင်းရှင်းလေးပဲဟာ"

ညီလတ် တွေဝေနေ ဖြစ်သွားသည်။

ဒါကိုတော့ မေဘယ်လ်ကို မေးမကြည့်မိ။ မေဘယ်လ်က ကေသီဗညားကို မည်မျှချစ်သလဲဆိုလျှင် သူမ ကြိုက်သည့် ဝက်သား တုတ်ထိုးကိုပင် ကေသီဗညားကွယ်ရာမှာ စားသည်၊ ရှေ့မှာစားလျှင် ကေသီ အပေါင်းအသင်း မလုပ်မှာစိုးလို့ဆိုသည့် စကားကို ပြောဖူး၏။

"ကေသီဗညားကို ငါ သိပ်ကြည့်လို့ မရဘူး ကိုကို သိလား၊ အတန်းထဲမှာ ရှာကျယ်ကျယ်နဲ့"

"စာတော်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သော်တယ်"

"အတော်ရင် ဒီလောက်တော့ ဖြစ်မှာပေါ့ညီရာ၊ သူ့မှာ ငွေကြေး [illegible] မရှိပေမဲ့ ပညာမာနတော့ ရှိမှာပေါ့"

"အာ… သွားအထင်မသေးနဲ့ ကိုကို၊ ပိုက်ဆံလဲ ရှိတယ်ဗျ၊ သူ့အဖေက အောက်ဆိုက်တွေ အများကြီးရတဲ့ ဌာနက အရာရှိကြီးတဲ့ဗျ"

တကယ်တန်းကျ ကောသိဗညားနှင့် ပတ်သက်သည့်အကြောင်း အရာများကို ကျော်လွင်ဦး စိတ်မဝင်စား။ စိတ်က အိမ်ကို ပြန်ရောက်ချင်နေသည်။ မေမေနှင့် ကြီးမေ စိတ်ပူနေမည်ကိုလည်း စိုးရိမ်နေ၏။

"မြန်မြန်လျှောက်စမ်းပါကွာ၊ အိမ်မပြန်ရမှာ ကျနေတာပဲ"

"မေမေနဲ့ ကြီးမေ စိတ်ပူမယ် ညီရ၊ မေမေ စိတ်ဆိုးရင် ဦးကျော်ခပါ အဆူခံရမယ်"

"တွေးပူမနေနဲ့၊ မိုးကုတ်က ဧည့်သည်တွေလာလို့ မေမေ ပဲခူးသွားတယ်၊ ညစာစားပြီးမှ ပြန်ရောက်မှာ"

"ကိုကို့ကိုလဲ ဘာမှ မပြောပါလား"

"ငါ့ကို မှာသွားတာ၊ ညီအစ်ကိုနှစ်ယောက် ကျောင်းဆင်းရင် အိမ်ကို တန်းပြန်လာခဲ့ကြတဲ့၊ ကိုကျော်ခကို ကားလျှောက်မောင်းခိုင်းနေနဲ့တဲ့"

ကျော်လွင်ဦး နှုတ်ကို ဆိတ်ထားလိုက်၏။

သည်မှာ နောက်မှပါလာသည့် ကောသိဗညားက ကျော်တက်သည်။

"လာ…ကိုကို"

"ဘာလုပ်မလို့လဲ"

"ကောသိဗညားနောက် လိုက်မလို့"

"ဟာ…မင်းဘာတွေ လျှောက်လုပ်မလို့လဲညီ"

"လက်ဆောင်ပေးမလို့ပါ"

"ဘာလက်ဆောင်လဲ"

"မေဘယ်လ် ပေးခိုင်းလိုက်တာ၊ ဒီနေ့ မေဘယ်လ်ကျောင်းတက်ဘူး"

ညီလတ်က ကျော်လွင်ဦးကို ရယ်ကျဲကျဲလုပ်ပြပြီး ကောသိဗညားနောက် အမီလိုက်သည်၊ ကောသိဗညားနားသို့ အရောက်တွင်-

"ဟော့…ကောသိ နေဦး"

ခြေလှမ်းတုန့်ခနဲ ရပ်သွားပြီး ညီလတ်ဆီ အကြည့်ရှူးရှူးက ရောက်သွား၏။






www.burmeseclassic.com

www.burmeseclassic.com



"ငါခေါ်လိုက်တာနဲ့ နင်မျက်နှာကို ဘီလူးသဘက်လို ရှုပ်မထားနဲ့၊ နင့်ကို ခေါ်ချင်လွန်းလို့ ခေါ်တာမဟုတ်ဘူး"

"မခေါ်နဲ့ပေါ့၊ နင့်ကိုလဲ ဘယ်သူကမှ မခေါ်နိုင်းဘူး"

"ဆက်ဆံရေး ကျဲလှချည်လား၊ တို့ကျောင်းကို နင်ထနောက်မှလည်း ရောက်လာသေးတယ်။ ကြီးကျယ်သေးတယ်"

"ဘာ"

ကေသီဗညားက 'ဘာ'ဆိုသည့် အသံကြီးကြောင့် ညီလတ်တွန့်ခနဲ ဖြစ်သွား၏။

"နင်သိပ်ပြီး ခေါင်ကြီးမနေနဲ့ ကေသီ၊ နင့်ကို မေဘယ်လ်ကပေးဒီ အထုပ်ပေးနိုင်းလို့ ငါလာပေးတာ"

ညီလတ်က ပြောပြောဆိုဆို သူ့လွယ်အိတ်ထဲမှ အထုပ်တစ်ခုဆွဲထုတ်သည်။

"ဘာအထုပ်လဲ"

"မသိဘူး၊ သူအခေါ် ရှမ်းပြည်နယ်က ပါလာလို့ ပေးလိုက်တာတဲ့ လက်ဖက်ထုပ်နေမှာပေါ့"

"ပေးပေး မေဘယ်လ်ဆိုတဲ့ ကောင်မကလဲ နက်ဖြန်ကျောင်းတက်မှ ပေးတာမဟုတ်ဘူး၊ အကုသိုလ်ကောင်နဲ့မှ ပေးခိုင်း





ရတယ်"

"နေပါဦး အကုသိုလ်ကောင်ဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

"နင့်ကိုပြောတာ သိလား၊ နင့်ကိုပြောတာ၊ နင့်ကိုယ်နင်သူဌေးသားဆိုပြီး သူများတွေကိုသာ လုပ်ါးဝလို့ရမယ် ငါ့ကို လာဝလို့ မရဘူး"

"ဟ… မိုက်ရိုင်းလှချည်လား၊ စေတနာနဲ့ လက်ဆောင်လာပေးရသေးတယ်၊ သွားသွား ကေသီ ငါဆွဲထိုးမိမယ်"

"အံမာ ထိုးရဲထိုးကြည့်ပါလား"

တင်းမာနေသည့် အခြေအနေကြောင့် ကျော်လွင်ဦး ညီလတ်ဆီအပြေးကလေး ရောက်လာရသည်။ ညီလတ် လက်မောင်းကိုလည်း ဖမ်းဆွဲထားရ၏။

"လာပါညီရာ၊ မေဘယ်လ် ပေးနိုင်းတာကို ပေးပြီးပြီမို့လား၊ ညီတာဝန်ကျေပြီပဲ"

"မဟုတ်ပါဘူးကိုကိုရာ၊ ငါက ကူညီမှုနဲ့ ပေးပေးတာပါ၊ တောက်..ငြုပ်ဆုံထဲ ထည့်ပြီး ထောင်းထည့်လိုက်ရင် ကေသီဗညားကနေ ကေသီပြေား ဖြစ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ငါ့ကို ဆဲတယ်ဟုတ်လား"

ညီလတ်ကို အတင်းဆွဲခေါ်ရသည်၊ ကေသီဗညားက တံတွေးကို ထွီခနဲ ထွေးပြီး ခြေဆောင့်ထွက်သွား၏။

ရှေ့ဘက်လမ်းချိုးကွေ့သို့ ကေသီဗညားဝင်သွားမှ ညီလတ် ခွက်ထိုးခွက်လန် အော်ရယ်တော့၏။

"ညီ မင်း ဘာပေါက်တာလဲ"

"ဘာမှ ပေါက်တာမဟုတ်ဘူး၊ အဲဒီ လက်ဆောင်ထုပ်ကိုလဲ မေဘယ်လ်က ပေးခိုင်းတာ မဟုတ်ဘူး၊ ဟီး...ဟီး"

"မင်းရည်းစားစာများ ထည့်ပေးလိုက်လားညီ"

"ထွီ...ဘာရည်းစားစာလဲ၊ ဒီလောက်မိုက်ရိုင်းတဲ့ ဂျစ်မကို ငါဘယ်တော့မှ မကြိုက်ဘူးကိုကို"

အခြေအနေကို ကျော်လွင်ဦး နားလည်နိုင်ခြင်း မရှိ။

"အဲဒီအထုပ်ထဲမှာ ဘာပါသွားမယ်လို့ မင်းထင်သလဲ ကိုကို"

"သိဘူးလေကွာ"

"ဟော့ဒေါ့ ပါသွားတာကွ၊ ဟော့ဒေါ့ပါသွားတာ၊ ကေသီဗညား အိမ်ရောက်လို့ ဖွင့်ကြည့်ရင်တော့ ဂျုံမှုန့်နှစ်ခုကြားက ဝက်အူချောင်း ကြီးကို အတောင့်လိုက်တွေ့မှာပဲ"





"ဟာ...ညီရာ၊ မင်းဟာ မလုပ်ကောင်းပါဘူးကွာ၊ ကေသီ ဗညား က ဝက်သားဆို အသေအလဲ ကြောက်တယ်ဆို"

"အဲဒါကြောင့် တမင်လုပ်လိုက်တာ သိပ်အဖြစ်သည်းတဲ့ခွေးမ။ သူ ဝက်သားမစားတာနဲ့ အတန်းထဲကို ဝက်သားပေါက်စီယူလာတာနဲ့ နှာခေါင်းရှုံ့တယ်လေ၊ အဲဒီကတည်းက ငါကံ အမြင်ကတ်နေတာ"

ကျော်လွင်ဦး ဘာစကားမှ မပြောတော့။

ညီလတ်ကတော့ တစ်လမ်းလုံး တဝါးဝါး တဟားဟား။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

(၁)

"နင်...နင်သိပ်ယုတ်ပတ်တယ် ညီလတ်၊ နင့်ကြောင့် ကောသိ
ိမ်မှာ မူးလဲ သွားရတယ်သိလား"

"ဘာပြုလို့"

"နင်နောက်လိုက်တာကို မြင်လို့ပေါ့"

"အဲဒါပိုတာ၊ ဝက်သားပဲ စားဖို့ကို သဘာဝက ဖန်တီးပေး
ားတာ၊ ဝက်သားမြင်တာနဲ့ မူးလဲရအောင် သူက အရင်ဘဝက
က်ဖြစ်ခဲ့လို့လား။ ဝက်အုပ်ချောင်းထဲက အသားက အရင်ဘဝက
ူအုပေ ဝက်ကြီးရဲ့ အသားမို့လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"နင်စကားကို ကိုးလို့ကန်လန့် မပြောနဲ့ ညီလတ်၊ ခုကောသီ ဆရာမကြီး ရုံးခန်းသွားတယ် သိလား၊ နင့်ကို 'သွားတိုင်တာ"

ညီလတ် ထိတ်တိတ်ပျာပျာဖြစ်သွားသည်။

သည်တစ်ခါ ဖြစ်ပေါ်လာသည့်ပြစ်မှုအတွက် ဆရာမကြီးက လုံးဝ ခွင့်လွှတ်မည် မဟုတ်သည်ကို ညီလတ် စဉ်းစားမိသည်။

လွန်ခဲ့သည့် သုံးလေးရက်ခန့်က အပြစ်တစ်ပြစ်ကလည်း မှမှ နွေးနွေး ရှိနေသေးသည်။ ရှေ့ဆုံးတန်းထိုင်ခုံမှ သီတာ၏ခုံတွင် ခွေးလယားသီးမှုန့်များ ဖြူးခဲ့သည့်ကိစ္စကို ဆရာမကြီး မေ့ပျောက်ဦးမည်မဟုတ်။

"နင်တော့ ဖင်ပုပ်ပြီးသာမှတ်တော့ ညီလတ်"

"ဘာဆိုင်လို့လဲ"

"ဘာ ...ဘာဆိုင်လို့လဲ၊ ငါမပေးခိုင်းဘဲမဲ့ ငါပေးခိုင်းတာဆိုပြီး နင်ဟော့ဒေါ်သွားပေးတာက တစ်ပြစ်၊ ကေသီ ဝက်သားမစားဘူး ဆိုတာ သိရက်နဲ့ သက်သက်မဲ့ သွားလုပ်တဲ့အပြစ်က တစ်ပြစ်၊ အဲဒီနှစ်ပြစ်အတွက် နင့်ဖင်ကို ဆရာမကြီးက ကြိမ်နှစ်လုံးပြူးနဲ့ ဆော်မှာ သေချာတယ်၊ ဆရာမကြီးအကြောင်း နင်သိတယ် မဟုတ်လား။ အပြစ်သုံးပြစ်ရှိရင် ကြိမ်သုံးလုံးပူးနဲ့ ရိုက်တတ်တာကို"



ညီလတ်သူတင်ပါးကို ယောင်ရမ်းပြီး စမ်းမိသည်။ တလောက ခံလိုက်ရသည့် ဒဏ်က အရှိုးပင်မပျောက်သေး။ ခုတစ်ပန် ခံရလျှင် အဘယ်လိုပြောသလို ဖင်ပုပ်နိုင်ပါ၏။

ကျောင်းတက်ခေါင်းလောင်းထိုးသောအခါ ညီလတ်အခန်း ဆဲသို့ ခပ်ကုပ်ကုပ်ဝင်ခဲ့သည်။ ထိုင်ခုံမှ အသာဝင်ထိုင်ပြီး ကေသီ ဗညားကို လှမ်းကြည့်သည်။ အကြည့်ချင်း ဆုံသွားသောအခါ ကေသီဗညား နှုတ်ခမ်းကို လှုပ်ပြီး အသံတိတ်ဆဲခြင်းကို ပြုသွား၏။

ဆရာမ ဝင်လာပြီး အားလုံးက မင်္ဂလာပြုသော်လည်း ညီလတ် ရင်မှာတော့ မင်္ဂလာမဲ့နေသည်။ မကြာမီမှာပင် ဆရာမက ချက်လုံး တစ်ချက်ဝေ့ပြီး

"ညီညီလတ်နဲ့ ကေသီဗညား ဆရာမကြီး ခေါ်ထားတယ် ရုံးခန်းကိုသွား"

ထိုင်ရာမှအထတွင် ကျောင်းသားကျောင်းသူများ၏ အကြည့်က ညီလတ်နှင့် ကေသီဗညားထံ ရောက်လာ၏။

"ဟေ့ကောင် ညီလတ် ဘာဖြစ်တာလဲကွ"

စုံချင်းကပ်လျက် ထိုင်သည့် ချစ်မိုးက တီးတိုးမေးသည်။ ဝက်အူချောင်းပြဿနာပါကွာ၊ ငါက သူ့ကို ခင်လို့ ပေးတာဒေါ်

www.burmeseclassic.com



ကျေးတာ ဆရာမကြီးကို ပြဿနာလုပ်ပြီး တိုင်တယ်၊ မပူနဲ့ချစ်မို
ဒီအမှုမှာ ငါ ကွင်းလုံးကျွတ် လွတ်ရမယ်"

"အင်း...လွတ်မှပဲ၊ မလွတ်ရင်တော့ မင်းမျောက်ဖင်နီကြီ
ဖြစ်မှာ အသေချာပဲ"

"ခွီး... အရေးထဲမှာ ဘာမျောက်ဖင်နီလဲကွ"

"မင်းဖင်မှာ အရွှီးရာတွေ ထပ်ပြီး ရဲပဒေါင်းခတ်နေမှာကို
ပြောတာ"

အခန်းထဲက ထွက်တော့ ကောသိဗညားရှေ့က ခပ်သုတ်သုတ်
သွားနေသည်ကို မြင်၏။

"ဝက်ရူးမ နောက်ကနေ မော်တာနဲ့ ထုလိုက်ရင် ရေစ
လည်လည် မွှင့်သွားမယ်"

မကျေမချမ်းနှင့် ညီလတ် ရုံးခန်းထဲသို့ ဝင်ခဲ့သည်။ ရုံးခန်းထဲ
ရောက်တော့...

☆ ☆ ☆



"မင်းကတော့ နိုင်ငံတော် ကမ္ဘာကျော်ဖြစ်နေပြီ ညီညီလတ်၊ ငါ မင်းကို ဒီ့ထက် ရိုက်ရ ဆုံးမရရင်လဲ မင်းတင်ပါးတစ်ခြမ်း ဖြတ်ထွက်ရုံပဲ ရှိတော့တယ်"

လက်ပိုက်အနေထားနှင့် ရပ်ပြီး သူဘာမှ မသိသလို နေလိုက်၏။ ကောသိဗညားကတော့ မျက်စောင်းတဝင့်ဝင့်နှင့် လုပ်နေသည်မှာ မျက်ကြောလိုက်လျောက်သည်။

"ဘာကိုလဲ ဆရာမကြီး"

ဆရာမကြီး မျက်လုံးပြူးခနဲ ဖြစ်သွား၏။

ညီလတ်ကိုလည်း စူးစူးနစ်နစ် ကြည့်သည်။

"မင်း ငါ့ကိုလာပြီး အူကြောင်ကြောင် လုပ်မနေနဲ့၊ မနေ့က ကျောင်းဆင်းတုန်းက မေဘာယ်လ်က ပေးနိုင်းတယ်ဆိုပြီး ကောသိဗညားကို မင်း ဘာထုပ်ကြီး ပေးလိုက်လဲ"

"ကျွန်တော် သူ့ကို ဘာမှမပေးဘူး ဆရာမကြီး၊ မပေးတာမှ လုံးဝကို မပေးတာ"

ညီလတ်စကားကြောင့် ကောသိဗညား ဆတ်ခနဲဖြစ်သွား၏။ စားမတတ် ဝါးမတတ် အကြည့်များကလည်း ညီလတ်ဆီ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင် ဗလောင်းဗလဲ မပြောနဲ့ ညီလတ်။ နင့်အထုပ်ကြီးကြောင့် ငါတို့ တစ်အိမ်လုံး ပွက်လောရိုက်ကုန်တယ် သိလား"

"ဘာအထုပ်ကြီးလဲဟ"

ကေသီဗညားမျက်နှာ မည်းခနဲ ဖြစ်သွား၏။

"ဆရာမကြီးတွေ့လား၊ သူပြောင်ငြင်းနေတယ်၊ ဒီမယ် ညီလတ် နင် ယောကျ်ားမို့လား၊ ယောကျ်ားဆိုရင် ကိုယ်လုပ်တာ ကိုယ်ဝန်ခံရဲစမ်းပါ"

"နင်ငါ့ကို နေရင်းထိုင်ရင်း အမုန်းကြီးမနေနဲ့ကေသီ၊ နင့်ကို ငါ ဘာအထုပ်မှ မပေးဘူး"

ဆရာမကြီးအကြည့် ကေသီဗညားဆီ ဖျတ်ခနဲ ရောက်သည်။ ပြီး ချက်ချင်းဆိုသလို အကြည့်က ညီလတ်ဆီ ပြန်ရောက်၏။

"ညီညီလတ်၊ လိမ်ပြောညာပြောတာကို ဆရာမကြီး လုံးဝလက်မခံဘူးဆိုတာ မင်းသိတယ်နော်။ မေဘယ်လ်ကို မေးကြည့်တော့လဲ ဘာအထုပ်မှ မပေးနိုင်းဘူးတဲ့၊ ကေသီဗညား လာတိုင်တာကို ငါ လုံးဝ ယုံကြည်တယ်"

ညီလတ်ကတော့ မျက်နှာကို မင်သေသေ။ အခြေနေအရပ်ရပ် မိမိအတွက် အကောင်းဘက်မှာ မရှိ။



"သူ ကျွန်တော့်ကို မုန်းတီးစိတ်နဲ့ မျက်စေ့မှောက်နေတာ ဆရာမကြီး အဲဒီအထုပ်ကို ကျွန်တော်ပေးတာ မဟုတ်ဘူး၊ ကိုကိုပေးတာ"

"ကိုကိုဆိုတာ ဘယ်သူလဲ"

"ဆယ်တန်းအေက - ကျွန်တော့်အစ်ကို ကျော်လွင်ဦးပါ"

"မဟုတ်ဘူး ဆရာမကြီး မဟုတ်ဘူး၊ ကျော်လွင်ဦး ပေးတာ မဟုတ်ဘူး၊ သူ မေဘယ်လ်က ပေးခိုင်းတာ ဆိုပြီး ခပ်တည်တည်ကြီးနဲ့ လာပေးတာ"

"ရော်...နင် ငါ့ကို သိပ်မုန်းနေပါလား ကေသီ၊ ဆရာမကြီး ကြိမ်နှစ်လုံးပူးနဲ့ ရိုက်တာကို နင့်တော်တော် မြင်ချင်တယ် ဟုတ်လား၊ နင်ငါ့ကို ဒီလောက် မုန်းနေရအောင် နင့်ကို ငါဘာလုပ်ခဲ့လို့လဲ ကေသီရာ"

ညီလတ်အိုက်ရှင်ကတော့ တကယ်မိပါ၏။ ညီလတ်အမူအရာကြောင့် ကေသီဗညား ဆတ်ဆတ်ခါနေသလောက် ဆရာမကြီး မျက်နှာမှာတော့ ဇဝေဇဝါဟန်တွေ ရောက်နေ၏။

နှစ်ယောက်စလုံး၏ မျက်နှာကို တစ်ချက်စီကြည့်ပြီး ဆရာမကြီးက စားပွဲပေါ်မှ ဘဲ^ာ်ကို နှစ်ချက်ဆင့်နှိပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကလင်...ကလင်"

ကျောင်းစာရေး ကိုသင်ညွန့် ရုံးခန်းထဲသို့ အပြေးကလေးဝင်လာသည်။

"မောင်သင်ညွန့် ဆယ်တန်းအေက ကျော်လွင်ဦးကို သွားခေါ်စမ်း၊ ဒီကောင်တွေ ကျောင်းမှာ တကယ် မီးမွှေးတဲ့ကောင်တွေ"

ကိုသင်ညွန့် ထွက်သွားပြီး မကြာမီ ကိုသင်ညွန့်နှင့်အတူ ကျော်လွင်ဦး ပါလာ၏။

"ကဲ...လာစမ်းပါဦး၊ မင်းတို့အထုပ်ပြဿနာက သမှတ်အုလိုက်နေပြီ၊ ကေသီဇညားက တိုင်တော့ သူ့ကို ဝက်အူချောင်းပါတဲ့ ဟောဒီအထုပ်ကို မေဘယ်လ်က ပေးနိုင်းတာဆိုပြီး ညီညီလတ်က သူ့ကိုပေးတယ်တဲ့၊ ညီညီလတ်ကို မေးတော့ သူ မပေးပါဘူးတဲ့၊ သူ့အစ်ကိုကျော်လွင်ဦး လိုက်ပေးတာပါတဲ့"

ဆရာမကြီး စကားကို ကေသီဇညားက အတင်းကြားဝင်၏။

"မဟုတ်ပါဘူး ဆရာမကြီး၊ ကေသီ့ကို ကျော်လွင်ဦးလိုက်ပေးတာ မဟုတ်ဘူး၊ ညီလတ် လိုက်ပေးတာ"

ဆရာမကြီးမျက်နှာ ရှုံ့မဲ့ ဖြစ်သွားပြီး...

"ငါ ဒီမှာမေးနေတယ်၊ ညည်းပါးစပ်ကို ပိတ်ထားစမ်းကေသီ၊





ဆစ်ယောက်တစ်ပေါက် ပြောနေရင် အမှန်တရားက ပေါ်လာမှာ မဟုတ်ဘူး"

ကေသီ ငြိမ်ကျသွား၏။

ဆရာမကြီး မျက်နှာတစ်ချက်အလွှဲမှာ ညီလတ်က ကျော်လွင်ဦးကို မျက်စေ့တစ်ဖက် မှိတ်ပြသည်။

ကျော်လွင်ဦး သဘောပေါက်ပါ၏၊ သည်တစ်ချီသာ ဆရာမကြီး၏ ပြစ်ဒဏ်ကို ညီလတ်ခံရလျှင် ရိုက်ချက်နှင့်အတူ တိုင်စာပါ မေမေ့ဆီရောက်မည်။ ထိုသည့်အခါ မေမေသည် ညီလတ်ကို ခွင့်လွှတ်လိမ့်မည် မဟုတ်။

"ကဲ...ကျော်လွင်ဦး ပြောစမ်း၊ ညီလတ်ပြောတာ မှန်သလား၊ ကေသီဇညားကို မင်း အထုပ်ပေးတယ်ဆိုတာ"

"ဟုတ်...ဟုတ်ကဲ့ မှန်ပါတယ် ဆရာမကြီး၊ ကျွန်တော် လိုက်ပေးတာပါ"

ကျော်လွင်ဦးစကားကြောင့် ဆရာမကြီး မျက်မှောင်ကြုတ်သွားသည်။ ကေသီဇညားက မျက်လုံးအဝိုင်းသားလေးနှင့် ကျော်လွင်ဦးကို ကြည့်၏။

"ကဲ...ကေသီနဲ့ ညီညီလတ်သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



ညီလတ်ခေါင်းကို ငိုက်ချပြီး ရုံးခန်းအပြင်ဘက် ထွက်ခဲ့သည်။

ရုံးခန်းအပြင်ဘက်သို့ ရောက်သောအခါ ကေသီဗညားက ညီလတ်ကို ဒေါသတကြီး တွေ့ပါ၏။

"နင့်စိတ်ဓာတ် သိပ်ယုတ်ညံ့တယ် သိလား၊ ကိုယ့်အပြစ်ကို ဝန်မခံရဲတာ ယောကျ်ားမဟုတ်ဘူး"

ညီလတ် အသာငြိမ်နေလိုက်သည်။

"ဆရာမကြီးကတော့ ကျော်လွင်ဦးကို ရိုက်မှာပဲ၊ ကျော်လွင်ဦး ခမျာ သက်သက်မဲ့ တန်စာဝင်ခံရတာ၊ နင်ဟာလေ ညီအစ်ကိုချင်း တောင် စက်တိုင်ပို့မဲ့ကောင်"

"ဒါက တို့ညီအစ်ကိုကိစ္စပါ ကေသီ၊ နင်ဘာမှ ပြောနေစရာ မလိုပါဘူး"

"နင်မတရားနိုင်တာကို ပြောတာသိလား၊ တရားခံက နင်၊ နင်အရိုက်ခံရမှ ငါကျေနပ်မှာ"

"ငါ့ကိုယ်စား ငါ့အစ်ကိုက ဝင်အရိုက်ခံတယ်လေ၊ ပြီးပြီပဲ"

"ငါက နင်ခံရမှ ကျေနပ်နိုင်မှာ"

"တောမှာသွားပြော၊ ငါနဲ့ပတ်သက်ရင် ကိုကိုက အစစအရာရာ အနစ်နာခံရတယ်၊ နင်ခု ပြန်လှည့်ပြီး ဆရာမကြီးရှေ့မှာ ကျွန်ကို





ဝက်သားထုပ်ကြီး..."

"တော်စမ်း၊ နင်ငါ့ရှေ့မှာ ဝက်သားဆိုတဲ့စကားကို ထပ်တလဲလဲ ပြောမနေနဲ့"

ညီလတ်စကားကို ဖြတ်ပြီး ကေသီဗညားက အသံကို မြှင့်အော်၏။

"သဘောပြောပြတာ၊ နင်ဆရာမကြီးရှေ့မှာ ငါပါလို့ ဘယ် ယောက်ပဲ လက်ညှိုးထိုးထိုး ကိုကိုကတော့ သူပါလို့ ဝန်ခံနေမှာပဲ"

ကေသီဗညား နှုတ်ခမ်းကို စူသည်။

ခြေဆောင့်နင်းပြီး အတန်းဆီသို့ ခပ်သုတ်သုတ်လျှောက်၏။

"ယောကျ်ား မဟုတ်သလိုပဲ"

"နင် သိလို့လား"

ကေသီဗညား၏ ထွီခနဲ တံတွေးထွေးသံ နားဆီသို့ ပြေးကပ်၏။

ညီလတ်က ပြုံးသည်။

ကေသီဗညားရင်မှာ ခံစက်နေသမျှအတွက် ညီလတ်ကတော့ ပျော်နေပါ၏။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## (၉)

"ကိုကို မင်း အိပ်နေပြီလား"

စကားနှင့်အတူ ညီလတ် စာရေးစားပွဲမှ ထသည်၊ ကျော်လွင်ဦး၏ ခုတင်သို့ လျှောက်သွားပြီး ခြင်ထောင်ကို လှပ်၏။

"ကိုကို မင်းကို ငါ တောင်းပန်ပါတယ်ကွာ"

"ဘာကိုလဲ ညီရ"

"ကျောင်းမှာဖြစ်ခဲ့တဲ့ ကိစ္စလေ၊ အဲသလို မင်းကို လွှဲမချရင် ဆရာမကြီးက မေမေ့ဆီ စာပို့ပြီး ကျောင်းထုတ်တဲ့အထိတောင် စီစဉ်ချင် စီစဉ်မှာ"

"ကိုကိုသဘောပေါက်ပါတယ် ညီရာ၊ ဒါကြောင့်ပဲ ကိုကိုပေး

www.burmeseclassic.com

www.burmeseclassic.com



တာပါလို့ ပြောင်လိမ်ပစ်လိုက်တာပေါ့"

ညီလတ်က ကျော်လွင်ဦးမျက်နှာကို ကြင်နာစွာ ကြည့်သည်။

"မင်း နာမှာပဲနော်၊ ဆရာမကြီးက ဘယ်နှစ်ချက်တောင် ရိုက်တာလဲ"

ကျော်လွင်ဦးက လက်ငါးချောင်း ထောင်ပြသဖြင့် ညီလတ် မျက်လုံးပြူးသွား၏။

"အားပါ။ မနည်းပါလား ကိုကိုရာ၊ ငါစိတ်မကောင်းလိုက် တာ"

"စိတ်မကောင်းမဖြစ်ပါနဲ့ ညီရာ၊ ညီနဲ့ပတ်သက်ရင် အစ… အရာရာ အနစ်နာခံမယ်ဆိုတဲ့ ဆုံးဖြတ်ချက် ငယ်ကတည်းက ရှိ… တာပဲ"

"ဒီအကြောင်းကို မေမေ မသိစေနဲ့နော် ကိုကို"

"တစ်သက်လုံး မပြောဘူး"

ညီလတ်ရင်မှာ နွေးခနဲဖြစ်သွားသည်။ ကျော်လွင်ဦး၏ လက်ချောင်းလေးများကို ဖျစ်ညှစ်ဆုပ်ကိုင်၏။

"ကိုကို၊ မင်း ငါ့ကို ခွင့်လွှတ်တယ်နော်"

"ခွင့်လွှတ်ပါတယ်ညီ၊ ဒါပေမယ့် ကိုကို့ကိုတော့ ကယ်… တစ်ခုပေးပါ"



"ဘာကတိလဲ ကိုကိုရ"

"လူတစ်ဖက်သား ကြောက်ရွံ့ရှုံ့ရှာတဲ့ နောက်ပြောင်နည်းမျိုး …လုပ်တော့ပါဘူးဆိုတာ"

"ပေးပါတယ် ကိုကိုရာ၊ ငါက ကေသီကို အမြင်ကပ်လွန်းလို့ …ထုပ်တာပါ"

"မလုပ်ကောင်းဘူး ညီရ၊ အစွဲအလန်းတစ်ခုနဲ့ အသက်ပါ …ဆုံးရှုံးသွားရင် ညီလဲ တစ်သက် စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး၊ …အစွဲဆိုတာ ကြီးတတ်ကြတယ် ညီရ"

ညီလတ် ပြုံးပြီး ခေါင်းတညိတ်ညိတ်။

ညှိုခန်းနံရံမှ သံစုံမြည် နာရီကြီး၏ တီးခတ်သံ ဆယ့်တစ် …ချက်နှင့်အတူ တစ်ဖက်ခန်းမှ ကြီးမေ၏ ချောင်းဟန့်သံကိုပါ ကြား… …။ ညနက်ပြီ အိပ်ကြတော့ ဆိုသည့်သဘော။

"ဆရာမကြီး မင်းကိုရိုက်တော့ မအော်ဘူးလား"

"မအော်ပါဘူး"

"ဒါဖြင့် အံကြိတ်ပြီး တင်းခံတာပေါ့"

"ဒါပေါ့ ညီရ၊ အော်ရင် ရှက်စရာကြီး၊ ရုံးခန်းရှေ့က ကောင်… …လေးတွေ ဖြတ်ဖြတ်သွားတဲ့ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ကျော်လွင်ဦးက ဖက်ခေါင်းအုံးကို ခြေခွတင်လိုက်သည်။

"မင်း... အဲဒါတွေ မနပ်တာပဲကိုကို၊ မင်းမအော်တော့ မနာလို့ မအော်တာထင်ပြီး ဆရာမကြီးက ဖိရိုက်မှာပေါ့၊ ငါ့ကို ရိုက်တုန်းကများ ဘယ်ရလိမ့်မလဲ၊ တင်ပါးပေါ် ကြိမ်တစ်ချက်ကျတာနဲ့ ငါအာပြဲကြီးနဲ့ကို အော်ပစ်တာပဲ"

ကျော်လွင်ဦးက အသံတိုးတိုးပြုပြီး ရယ်၏။

"ငါအာပြဲကြီးနဲ့ အော်လိုက်ရင် ဆရာမကြီး လက်တွန့်တွန့်သွားတာပဲ သိလား၊ ရိုက်ချက်လဲ လျော့ကျသွားတာပဲ၊ နောက်ဆို မင်းကို ဆရာမကြီးရိုက်ရင် တအားကုန်းအော် သိလား"

"အဲဒီအငေ့အကျင့်ကို မင်းပဲ လုပ်ပါ ညီရာ"

"ဘာလို့လဲကွ"

"ကျောင်းမှာလေ့ ပြောင်လို့ မင်းချည်းပဲ အရိုက်ခံနေရတဲ့ဟာ ကိုကိုက မင်းနဲ့ကျမှ ရိုက်မံဖူးတာ"

"သဘောပြောတာပါ ကိုကိုရာ"

မှန်ပြတင်းဖွင့်ထားသဖြင့် လရောင်က အိပ်ခန်းထဲသို့ ထိုးဖောက်ဝင်ရောက်နေ၏။

"မင်းကို ဆရာမကြီးက ဘာပြောသေးလဲ"



"ကိုယ့်ညီအတွက် တန်ဆာဝင်ခံတာလားတဲ့၊ မှန်မှန် ပြောစမ်းတဲ့၊ ပေါက်ပေါက်ရှာရှာအလုပ်ကို ညီညီလတ်ပဲ လုပ်တတ်တာတဲ့"

ညီလတ် နားကို ဆက်စွင့်ထားသည်။

"မဟုတ်ပါဘူးလို့၊ ကောသိဇညားကို မြင်ပြင်းကပ်လို့ သူမကြိုက်တဲ့ အရာနဲ့ နောက်လိုက်တာပါလို့ ပြောတော့ ဆရာမကြီးက ကြိမ်နဲ့ သိပ်တော့တာပေါ့ ညီရာ။ ဒီလို နောက်ပြောင်ခြင်းမျိုး ပထမဆုံးနဲ့ နောက်ဆုံး ဖြစ်ပါစေလို့ ဝမ်နင်ပေးလိုက်တယ်၊ တဲ...အိပ်တော့ညီ မနက်ကျ တထကျက်ရမှာ"

ညီလတ် စုတင်ဆီ လျှောက်ခဲ့သည်။

မျက်စိမှိတ်သော်လည်း တော်တော်နှင့်အိပ်မပျော်။ စိတ်က ကောသိကို မြင်ယောင်နေ၏။

အတန်းထဲမှာ သူ့ကို တဆတ်ဆတ်ထိုးနေသည့် ကောသိ၏ ရှက်စောင်းကြီးများ၊ မုန့်စားဆင်းချိန် သောက်ရေအိုးစင်သို့ အသွားတွင် သူ့ကို အသားလွတ် ပန်းချင်းဝင်တိုက်သွားသော ကောသိအပြုံကို သဘောကျစွာဖြင့် ပြုံးမိပါသေး၏။

☆ ☆ ☆

www.burmeseclassic.com

## (၁၀)

"ကိုဦး မုန့်စားတန်းဘက် မသွားဘူးလား"

နံဘေးမှ အသံကြောင့် မော့ကြည့်တော့ ဝါဝါအောင်ကို ပြုံးနေသည့်မျက်နှာနှင့် တွေ့ရ၏။ မုန့်စားဆင်းချိန်သည် ကျောင်းသူကျောင်းသားများ ကိုယ့်အစုနှင့်ကိုယ် စုဝေးနေတတ်ကြသည့်အချိန်။

"မသွားတော့ဘူး ဝါဝါ၊ ကြီးမေက အသားညှပ်မုန့်တွေ ထည့်ပေးလိုက်တယ်၊ ဝါဝါလဲ စားသွားပါလား"

"ဝါဝါ ကိုဦးကို လာခေါ်တာ၊ ကေသီကလဲ ကိုဦးနဲ့ တွေ့ချင်တယ်ဆိုလို့"

ကျော်လွင်ဦးက မျက်ခုံးတန်း တွန့်တက်သွားသည်။ ကေသီဆို

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ကေသီဇညားကို အတွေးမှာ မြင်သည်။ ရင်မှာ စပ်ထိတ်ထိတ်ကလေးတော့ ဖြစ်သွားရ၏။

"ဘာများလုပ်မလို့လဲ ဝါဝါ၊ ကိုဦးကို မကျေမနပ်နဲ့ ရန်ထပ်တွေ့ဦး မလို့လား မသိဘူး"

"အဲသလိုတော့ ဟုတ်မယ်မထင်ပါဘူး ကိုဦးရာ၊ ကေသီက ကိုဦးကို လိုလိုလားလားကို တွေ့ချင်တာ၊ ကဲ…ထ ကိုဦးရာ သူတို့ကျောင်းအပြင်ဘက် အကြော်ဆိုင်မှာ စောင့်နေတယ်"

အသားညှပ်မုန့်များကို ဘူးထဲပြန်ထည့်တော့ ဝက်သားတွေလားဟု ဝါဝါအောင်က မေးသည်။ သူက ခေါင်းကို ခါပြလိုက်၏။

"ဘာကိစ္စများပါလိမ့်၊ ကိုဦးတော့ ညီလတ်နဲ့ ပတ်သက်ပြီး ကေသီ့ကို အားနာလို့ကို မဆုံးဘူး ဝါဝါ၊ ခုတွေ့ရမှာ မျက်နှာအရမ်းပူတယ်"

ဝါဝါက စကားမဟ။

နှစ်ယောက်အတူ ကျောင်းဝင်းအပြင်ဘက် ထွက်ခဲ့သည်။ ပိတောက်ပင်ကြီးနှစ်ပင်ကို လွန်သည်နှင့် အကြော်တဲလေးကို တွေ့ရ၏။

ခုံပိုင်းကလေး နံဘေးတွင် ထိုင်နေသည့် အမျိုးသမီးနှစ်ယောက်။ ကေသီဇညားနှင့် မေဘယ်လ်မှန်းတော့ သူ သိပါသည်။ ရင်းနှီးခင်မင်ထားသည့်အလျောက် ကိုဦးဆိုသည့် အမည်ကို



အများဆွတ်ပြီး ဝါဝါအောင်က မိတ်ဆက်ပေးသည်။ မေဘယ်လ်က ရင်းနှီးစွာ ပြုံးရင်း…

"ကိုဦး ဆရာမကြီးရဲ့ ကြိမ်လုံးမုန့်ကို စားလိုက်ရတာ တော်တော် ဝဝလင်လင် ရှိတယ်ထင်တယ်"

ကျော်လွင်ဦးက ပြုံးပြီး ခေါင်းကို အသာငုံ့သည်။ ကေသီက ကြော်ကြော်နေသည့် အမေရှမ်းဘက် လှမ်းကြည့်ပြီး–

"အမေရှမ်း ဘူးသီးကြော်တစ်ပွဲ ထပ်ပေးပါဦး"

"ငှက်ပျော်ကြော် ယူမလား၊ ပူပူနွေးနွေးကြီး သမီးရဲ့"

"နေဦး စားမယ့်သူကို မေးကြည့်ဦးမယ်၊ စားမယ့်သူက ကျေးဇူးသားဆိုတော့ ကေသီတို့ကျွေးတဲ့ ဘူးသီးကြော်နဲ့ ငှက်ပျောကြော်ကို စားမှ စားပါ့မလား မသိဘူး"

ကေသီ့စကားကြောင့် ကျော်လွင်ဦးက ပျာပျာသလဲနှင့်–

"ဟာ… အဲသလို မပြောပါနဲ့ ကေသီ၊ ကေသီ့ဆီကို လာရတာတောင် မျက်နှာပူနေတာ၊ ကိုယ့်အနေခက်မဲ့စကားကို မပြောဖို့တော့ တောင်းပန်ပါတယ်"

ကေသီက ပြုံးရင်း အကြော်နှစ်ပွဲမှာသည်။

အကြော်ပွဲ ရောက်လာသောအခါ ကေသီကပင် သူ့ရှေ့ချပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝါဝါတို့နဲ့ ကိုယ့်ကို ခေါ်နိုင်းတာ အထူးကိစ္စများ ရှိလို့[illegible] သေးဘူး"

"အထူးကိစ္စတော့ မရှိဘူး၊ အထူးသိချင်တာပါ"

"ဘာများလဲ ကေသီ"

ကေသီက ကျော်လွင်ဦးမျက်နှာကို မမှိတ်မသုန် စူးစိုက်ကြည့်[illegible]

"ညီလတ် လုပ်လာတဲ့ ပြဿနာကို ကိုဦးက ကိုယ်မလုပ်[illegible] ဘာလို့ ကျွန်တော် လုပ်ပါတယ်ဆိုပြီး ကြားဝင်ခံရတာလဲ"

"ဪ...ဒါကတော့ ကေသီရယ်၊ ကိုယ်က ကိုယ့်ညီ[illegible] ချစ်တာကိုး၊ ဒီတစ်ခါသာ သူ့အပြစ် ထင်ရှားရင် ဆရာမကြီး[illegible] ညီကို ခွင့်လွှတ်မှာမဟုတ်ဘူး၊ အိမ်ကို တိုင်စာတွေ ဘာတွေ ပို့[illegible] လဲ ဖေဖေက ညီကို ဒေါသတကြီးနဲ့ ဆုံးမမှာ အမှန်ပဲ။ ကိုယ့်ညီ[illegible] ပိုပြီး အထိနာမှာစိုးလို့ ကိုယ်ကဝင်ပြီး ကာကွယ်လိုက်ရတာ ကေသီ"

"ဒါဆို ကိုဦးက လူဆိုးကို ပိုဆိုးအောင် အားပေး[illegible] မြှောက်လုပ်လိုက်တာပဲ"

"ညီက ဒီလောက်ကြီးလဲ မဟုတ်ပါဘူး ကေသီ၊ သူ[illegible] စတတ်၊ နောက်တတ်၊ ပျော်တတ်တာပါ"

ကေသီမျက်နှာ မှုံခနဲဖြစ်သွား၏။



မေဘယ်လ်ကတော့ ပြုံးရုံသာ ပြုံးပြီး စကားကြားမဝင်။ [illegible]တ်သည်လည်း မေဘယ်လ်၏ သူငယ်ချင်းစာရင်းထဲမှာ ပါဝင်၏။

"ကိုယ့်သွေးကျတော့ ခံရမှာကို တယ်သိတတ်တာပဲ၊ ကေသီတို့ [illegible]တွေ ရိုးရာအစွဲရှိတာ သူ မသိဘူး၊ သူ နောက်လိုက်တာ ကေသီ [illegible]မှာ ဘယ်လောက်အဆူခံရတယ်ဆိုတာ သူ မသိဘူး"

"ကိုယ်သဘောပေါက်ပါတယ် ကေသီ၊ အဲဒီအတွက် ကေသီကို [illegible]ာင်းပန်ချင်တာနဲ့ ဝါဝါခေါ်တော့ ကိုယ်မငြင်းဘဲ လိုက်လာတာပါ၊ [illegible]ညီလုပ်ရပ်နဲ့ ပတ်သက်ပြီး ကိုယ်အနေအညွှတ် တောင်းပန်ပါတယ်၊ [illegible]ျပါ ကေသီရယ်နော်"

ကေသီမျက်နှာမှာ အပြုံးရိပ်ထင်လာ၏။

ခွင့်လွှတ်သောအပြုံးဟု ကျော်လွင်ဦး နားလည်သည်။

"ညီက သဘောကောင်းပါတယ် ကေသီ၊ ဒီကောင်က သိပ်[illegible] အဲ့နောက်သန်တာ၊ ကိုယ့်ကိုလဲ အိမ်မှာဆို သူ့ပုံသဏ္ဌာန် အမျိုးမျိုးနဲ့ နောက်တာ၊ တစ်ခါများ ကေသီရာ ကိုယ်အိမ်မှာ ရှိနေတုန်း တစ်ဘက်ခြံက သူ့သူငယ်ချင်းဆီကနေ ကိုယ့်ကို ဘယ်လို တယ်လီဖုန်း ဆက်တယ် မှတ်သလဲ"

ကျော်လွင်ဦးက စကားတန့်ပြီး အကြော်ကို တစ်ကိုက်ကိုက်

www.burmeseclassic.com



လိုက်သည်။ ရေနွေးတစ်ကျိုက် မော့သောက်နေဆဲမှာ ကေသီက–

"ဘယ်လိုဆက်လို့လဲ ကိုဦး"

"မေမေ မူးလဲပြီး ဆေးရုံရောက်နေတယ်တဲ့၊ ငါနဲ့ အာရုံတော် ဝင်က ဆက်တာတဲ့၊ မင်း မြန်မြန်လိုက်ခဲ့ဆိုလို့ ကိုယ်ဆေးရုံကို ပြေးလိုက်ရတာ ကေသီရာ၊ ဟိုရောက်တော့ ဦးမင်းလတ် ကော် မရှိပါဘူးတဲ့၊ ဆေးရုံးကိုလဲ ရောက်မလာပါဘူးတဲ့"

"ဒါဖြင့် မဟုတ်ဘူးပေါ့"

"ဘယ်ဟုတ်မလဲ ကေသီရာ"

"ဟယ် မိုက်ရိုင်းလိုက်တာ၊ ကိုယ့်အမေကို နိမိတ် မရှိ၊ နမာ မရှိ ပြောရလား"

မေဘယ်လ်က မျက်နှာရှုံ့မဲ့ပြီး ပြောသည်။

ကေသီက–

"ကိုဦး တိုင်မပြောဘူးလား"

"ကိုယ်မတိုင်ပေမယ့် ကြီးမေက မေမေကို တိုင်ပြောတာပေါ့၊ ဖုန်းရရချင်း ကြီးမေခများ ငါ့မောင်တော့ ဒုက္ခရောက်ပါပြီဆိုပြီး အော်ငိုလိုက်တာလေ၊ ကိုယ်လဲ ဆေးရုံကို ရင်တထိတ်ထိတ်နဲ့ ပြေးရတာပေါ့။ မေမေများ တစ်ခုခု ဖြစ်ရင်ဆိုပြီး ကားမောင်းရင်း





မျက်ရည်တောင်ကျရတာ"

"ဒါကြောင့်မို့လေ အတန်းထဲမှာ ညီလတ်ဆို ကေသီ သိပ် အမြင်ကပ်တာ၊ ဘယ်လို ရေစက်မှန်းကို မသိဘူး"

ကေသီစကားပြောဟန်ကို ပြုံးပြီး နားထောင်ရင်း ကျော်လွင်ဦးက သူ့ရှေ့မှ ပလပ်စတစ်ဘူးကို သတိတရနှင့် ဖွင့်သည်။

"ဘာတွေလဲ ကိုဦး"

မေဘယ်လ်က လှမ်းကြည့်ရင်း မေး၏။

"အသားညှပ်မုန့်တွေပါ၊ ကိုယ်တို့ ခင်မင်မှု အထိမ်းမှတ်အဖြစ် အမှတ်တရ မျှစားကြရအောင်"

"ဝက်သားတွေလား"

ကေသီက နှာခေါင်းကို ရှုံ့ပြီး မေး၏။

"ဆိတ်သားပါ၊ အိမ်မှာဆို ကျန်းမာရေးအရ ဝက်သားကို ဘယ်သူမှ မစားဘူး။ ညီတစ်ယောက်ထဲ ထူးထူးချွန်ချွန် စားတာ"

"သူကတော့ ဖြစ်ရမယ်လေ၊ တစ်ကမ္ဘာလုံးနဲ့ ကပ်ဖို့လုပ်မယ့် ကောင်စားမျိုး၊ ငါတော်တော်ကို မြင်ပြင်းကပ်တာ ဝါဝါ သိလား"

"တစ်ခါပြောရင် တို့သဘောပေါက်တယ် ကေသီရယ်၊ အစ်ကိုကို ရှေ့ထားပြီး သူ့ညီကို ခဏခဏ အမြင်ကပ်ရတာ ကိုဦးကို



www.burmeseclassic.com

www.burmeseclassic.com



အားနာပါဦးဟဲ့"

သည်တစ်ခါတော့ ကေသီက ရှင်းရှင်းသန့်သန့်လေး ရယ်ပါ၏။ ရယ်ရင်းနှင့်လည်း အသားညှပ်မုန့်ကို နှိုက်ယူစားသည်။ ရင်းနှီးမှုကို သက်သေပြခြင်းလဲ ဖြစ်ပါ၏။

"နောက်ဆို ကျောင်းမုန့်စားဆင်းရင် ကိုဦး ဒီအကြော်တဲကို ပဲ လာခဲ့ပေါ့၊ ကေသီတို့က မုန့်စားရုံဘက်ကို သွားတာမဟုတ်ဘူး"

"လာခဲ့မယ်လေ"

"လာရင် တစ်ယောက်ထဲလာနော်၊ ညီတော်မောင် မျောက် လောင်းကို ခေါ်မလာနဲ့"

"သူ ပါလာမှာကိုတော့ မပူပါနဲ့ကေသီ၊ ညီက ကျောင်းမုန့်စား ဆင်းတာနဲ့ ကိုဒီစွတ် လက်ဖက်ရည်ဆိုင်ကို သူ့အပေါင်းအသင်းတွေနဲ့ ရောက်ကော့တာ၊ လက်ဖက်ရည်ဆိုင်ထိုင်တာ အားကြီး ဝါသနာ ပါတဲ့ကောင်"

"ဟုတ်မယ် ကိုဦး၊ ဟိုတစ်လောက သူတို့ထိုင်တဲ့ ဆိုင်ရှေ့က မေဘယ်လ် ဖြတ်လျှောက်သွားတော့လေ ကိုဦးညီ လှမ်းအော်သေး တယ်သိလား"

"ဟုတ်လား၊ မေဘယ်လ်ကို ဘာတွေ အော်လဲ"





စကားကို ဝါဝါအောင်က ဖြတ်ဝင်မေး၏။

"ကျောင်းတက်နေပြီ မြန်မြန်လျှောက်တဲ့၊ မယ်ရွှေးပွဲ ဝင်ပြိုင် ဆို လျှောက်မနေနဲ့တဲ့၊ အမှတ်ပေး ဒိုင်လူကြီး လက်ဖက်ရည်ဆိုင် ထဲမှာ မရှိဘူးတဲ့"

"ဟယ် ၊ နင်က ဆိုင်ထဲဝင်ပြီး နားရင်းဆွဲတီး ခဲ့လိုက်ပါလားဟဲ့"

"အမလေး၊ သူတို့ယောကျ်ားလေးတွေ တစ်ပုံတစ်မကြီးနဲ့၊ လက်ဖက်ရည်ဆိုင်ထဲကို ဝင်ဖို့မပြောနဲ့ လှည့်တောင် မကြည့်ရဲပါဘူး ကေသီရယ်၊ ဝင်များသွားရင် အရိုးအသားတောင် ပြန်ဆက်ယူလို့ ရပါ့မလား မသိဘူး"

"ဟဲ့ကောင်မ၊ နင့်စကားကြီးက ဘာစကားကြီးလဲဟ"

ဝါဝါအောင်စကားကြောင့် မေဘယ်လ် လျှာတစ်လစ် ဖြစ်သွား သည်။ ကျော်လွင်ဦးက ခေါင်းကို အသာငုံ့ထား၏။

သည်သို့နှင့်...

ရင်းနှီးမှုကို အခြေတည်ခဲ့သော ကျော်လွင်ဦးနှင့် ကေသီတို့ သည်...

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

အတွေးနှင့်အတူ လှေခါးများကို နင်းဖိတက်ရင်း ကော်ရစ်ဒါဆောင့်ချိုးကွေ့အရောက်တွင် နောက်မှနေ၍ လွယ်အိတ်ကြိုးကို တုံ့ဆွဲခြင်း ခံလိုက်ရ၏။

နောက်သို့ ဆတ်ခနဲ လှည့်ကြည့်မှာ ကေသီကို ရယ်ပြုံးမျက်နှာနှင့် တွေ့ရသည်။

"အဟား... ကိုဦး ရေရေလည်လည် လန့်သွားတယ် မို့လား"

"ဟုတ်တယ်ကေသီ၊ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်"

"ကျောင်းလာတုန်းက ကားပေါ်ကနေ ရယ်ပြတာကို ကိုဦးက ဘာလို့ ပြန်မရယ်ရတာလဲ၊ ဒီက ထပ်ပြီးတောင် လက်ပြလိုက်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တွေ့တယ် ကေသီ၊ အေးမှာ ညီ ပါနေလို့"

ကေသီက သူ့မျက်နှာကို ရှုတည်တည်ကြည့်ကြီး...

"ဘာလဲ ကိုဦးညီက ကေသီနဲ့ခေါ်ရင် ထိုးမယ် ကြိတ်မယ်လို့ ကြိမ်းထားလို့လား"

"မဟုတ်ဘူးကေသီ၊ မဟုတ်ပါဘူး၊ ညီ့မှာ အဲဒီစိတ်မျိုး မရှိပါဘူး။ ကိုယ်ကေသီကို လက်ပြန်ပြရင် ဒီကောင်နောက်မှာ စိုးလို့ပါ။ ညီ အစအနောက် သိပ်သန်တယ်၊ ဖေဖေ့ကို ဘာညာ ကွိကွလုပ်ပြီး သူ တိုင်ပြောမှာတော့ မဟုတ်ဘူး။ ဒါပေမယ့် တစ်ခုတော့ရှိတယ်"

"ဘာတစ်ခုလဲ ကိုဦးရဲ့"

"မင်းကျောင်းမှာ ဘယ်မိန်းကလေးတွေနဲ့ အဆက်ဆံရှိတယ်၊ အဲဒါ ဖေဖေ မသိစေချင်ရင် ငါ့ကို ပိုက်ဆံ ဘယ်လောက်ပေးဆိုပြီး ငွေညှစ်မှာတော့ သေချာတယ်"

"ဟယ်...ခွက်ကျလိုက်တာ"

ကျော်လွင်ဦးက ပြုံးရင်း–

"ညီက ခွက်ကျတာတော့ အမှန်ပဲကေသီ၊ မုန့်ဖိုးအတူတူချင်း ရတာတောင် ဒီကောင့်မှာ စုငွေဆောင်းငွေ တစ်ပြားမှ မရှိဘူး။





အပေါင်းအသင်းတွေနဲ့ လက်ဖက်ရည် ဆိုင်ထိုင်ပြီး သုံးပစ်တာပဲ၊ ဘုန်ရင်တော့ အစ်ကိုဖြစ်သူကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပိုက်ဆံတောင်း တော့တာ။ ခုကေသီ့ကိုသာ ကိုယ် လက်ပြန်ပြကြည့်၊ မင်းနဲ့ ကေသီ ဘာဖြစ်နေတယ်ဆိုပြီး ငွေညှစ်မှာ"

"အံမာ...ကိုဦးနဲ့ ကေသီ ဘာမှမဖြစ်ပါဘူးနော်"

ပြောပြီး ကေသီက မျက်နှာရှက်လေးကို တစ်ဖက်သို့ လွှဲသည်။

"ဟုတ်ပါတယ်၊ ကိုယ်က သဘောပြောတာပါ။ ညီစကား ကန့်လန့် လုပ်တတ်တာကို ပြောတာပါ"

"ကေသီ့ရှေ့လာပြောရင်တော့ ကွန်ပါခေါင်းနဲ့ကို ခုတ်ထည့် လိုက်မှာပဲ"

"ညီကို ဒီလောက်တောင်မုပဲ မုန်းသလား ကေသီရယ်"

"အို... မုန်းတယ်၊ မုန်းတာမှ အရိုးပါမကျန် ဝါးစားချင် လောက်အောင် မုန်းတာ သိလား၊ ကဲ...ကိုဦး ကေသီသွားမယ်၊ မုန့်စားဆင်းရင် အကြော်တဲကို လာခဲ့နော်"

"စိတ်ချကေသီ၊ ကိုယ်က ခုတောင် မုန့်စားဆင်းချိန် ဖြစ်ချင် နေတာ"

ပြောပြီးမှ ကေသီကို သူ အားနာသွားသည်၊ ကေသီကတော့

www.burmeseclassic.com

www.burmeseclassic.com



စကားကို မသိကျိုးကျင် ပြုသွားပါ၏။

* * *

ပြုံးရိပ်သန်းနေသည့် မျက်နှာအားလုံးကို ရှက်နေမိသည်။ ကိုယ်လဲ မုန့်စားဆင်းဆင်းချင် ပြေးလာတာပဲဟု ပြောသောအခါ ရယ်စရာမဟုတ်ဘဲနှင့် ဝိုင်းရယ်ကြ၏။

"ဘာပဲဖြစ်ဖြစ် ကိုဦးနောက်ကျတာက ကျတာပဲ၊ ကေသီတို့တောင် ဘူးသီးကြော်တစ်ခုစီ စားပြီးပြီ"

"ကေသီတို့က ဘယ်တုန်းက ရောက်နှင့်ကြတာလဲ"

"ဆယ်မိနစ်လောပြီး ရောက်နေတာ ကိုဦးရဲ၊ ဒီနေ့ ဖွံ့ဖြိုးရေးရှိတယ်လေ၊ လမ်းထွက်ခဲ့ကြတာ"

ကေသီက မုံပုလေးတစ်ခု ထိုးပေးသည်။ နောက်ထပ် ဘူးသီးကြော်တစ်ပွဲနှင့်အတူ ငှက်ပျော်ကြော်နှစ်လုံး ထပ်မှာ၏။

"ငါ့ မနက်က ကျောင်းလာတော့ ဒေါသဖြစ်လိုက်ရတာ သိလား"

ကေသီ့မျက်နှာကို မေဘယ်လ်နှင့် ဝါဝါက လှမ်းကြည့်ပြီး–

"ဘာဖြစ်လို့လဲ ကေသီ"

"ညီလတ်လေ၊ ငါက ကားပေါ်ကနေ ကိုဦးကို ပြုံးပြ



ဆက်ပြတာ သူက ကြားကနေ မျက်စိမှိတ်ပြတယ် သိလား"

"ရမ်းကားလိုက်တာ"

ကျော်လွင်ဦး ကေသီ့မျက်နှာကို ဖျာဖျာသလဲကြည့်သည်။ နက်က ကျောင်းကော်ရစ်ဒါထောင့်မှာ တွေ့တုန်းက ကေသီ ကို သည်စကားမပြော။

"ဟုတ်လို့လား ကေသီ"

ကျော်လွင်ဦးက မဝံ့မရဲ မေးသည်။

"ဟုတ်တာပေါ့၊ ဒီကမျက်လုံး သိပ်လျှင်တယ်သိလား၊ ဒီကနေ မ်းကြည့်ရင် ပဲခူးရွှေမော်ဓောဘုရားပေါ်မှာ အိမ်မြှောင်ကျွမ်းထိုး တာကိုတောင် မြင်တယ်"

"မနက်က ကေသီ ကိုယ့်ကို မပြောပါဘူး"

"မေ့သွားလို့ သိလား၊ ခုလဲ အဖာန်းထဲမှာ ကိုဦး ညီ ားကို ဘယ်လို ဟောင်ဖွာနေတယ် မှတ်သလဲ"

ငြိမ်သက်ပြီး ဆက်လာမည့်စကားကို နားစွင့်သည်။

"သူ့သူငယ်ချင်းတွေကို အော်ပြောနေတယ်လေ၊ ကျောင်းလာ း လမ်းမှာ ကောင်မလေးတစ်ယောက်က ကားပေါ်ကနေ သူ့ကို ည်စိမှိတ်ပြတယ်တဲ့၊ သူကလဲ ငါမျက်စိ ပြန်မှိတ်မပြရင် ကောင်

www.burmeseclassic.com

www.burmeseclassic.com



ဆေး သူ့ကိုယ်သူ ကြိုးဆွဲချသေမှာ စိုးတာနဲ့ မျက်စိပြန်မှိတ်
လိုက်ရတယ်တဲ့"

"ကြည့်စမ်း...ကြည့်စမ်း၊ လူပါးဝလိုက်တာ အဲသလို
တာကို ကေသီက ငြိမ်နေရသလား"

"ငြိမ်နေရတာပေါ့ဟ၊ သူက နာမည်မှ တပ်မပြောတဲ့ဟာ

"အသည်းယားလိုက်တာနော်"

ဝါဝါက လက်မောင်းနှစ်ဘက်ကို ကိုယ်မှာကပ်ပြီး တွန့်ရှု
ပြ၏။

"သည်းတို့ထက် ငါက ဆယ်ဆပိုတယ် သိလား"

"အသည်းနော် ကေသီ၊ အသည်း"

"ကောင်မစုတ်တွေ အသည်းမယားလို့ ခေါင်းယားရမှာလား
ဟဲ့"

ကျော်လွင်ဦးက စကားတွေကို မသိကျိုးကျွံ ပြုသည်
ကိုယ်က မိန်းကလေးအုပ်စုနှင့် ပေါင်းမိမှတော့ သည်ဒဏ်လော
ကတော့ ခံရမည်ပေါ့။

"ငါက ဘုကြည့်လှမ်းကြည့်တော့ လျှာထုတ်ပြတယ် သိလား
ကိုဦး...ကိုဦး ညီကို ကြည့်ပြောထားနော်၊ ကေသီ ဝင်နပန်းလုံး
မလွယ်ဘူးမှတ်"





ကေသီ၏ ပေါက်ကွဲမှုကို စိတ်က ရယ်ချင်နေ၏။ ညီလတ်
လဲ မခံချင်မှန်းသိလျှင် ပိုပြီး စတတ် နောက်တတ်ပါ၏။

"နပန်းလုံးမယ့်နေ့ကျ ကိုယ့်ကို ကြိုပြောပါ ကေသီ"

"ဘာလဲ သူ့ညီကို ဆော်မှာကို မကြည့်ရက်မို့ ရှောင်နေ
လို့လား"

"မဟုတ်ပါဘူး၊ မတော်တရော်တွေ မြင်နေရမှာ စိုးလို့ပါ၊
ကောင်ကတော့ ကျောင်းလာရင် အတွင်းခံဘောင်းဘီကို သေသေ
ချာချာ ဝတ်တာပဲ"

"ဟယ်... ကိုဦး အစုတ်ပလုပ်၊ ညစ်ပတ်တတ်တယ်တော့်"

မေဘယ်လ်နဲ့ ဝါဝါ အသံထွက်အောင်ရယ်သည်။ ကေသီက
ကော်ရှက်နှင့် အကြော်ကို ငုံ့စားနေ၏။

"ကေသီ နင်ကလဲ ပြောလိုက်ပါလားဟ"

"ဘာပြောရမှာလဲ"

"ဒီကလည်း ကျောင်းမလာပါဘူးလို့"

"ဟယ်... ကောင်မတွေ နင်တို့ပါးစပ်မှာ အရှက်အကြောက်
တရားဆိုတာ လုံးလုံးကို မရှိတော့ဘူး။ ရှေ့မှာ သူစိမ်းယောကျာ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်ဆိုတာလဲ သတိရဦးဟဲ့"

"အံမယ်၊ အဲဒီ သူစိမ်းယောကျ်ားကြီးက ပြောတဲ့စကားများ

ပွဲစဉ်ဖျက်ကွာ၊ ကေသီနဲ့ ညီလတ် နပန်းမလုံးနဲ့တော့"

"ဘယ်သူနဲ့ လုံးမှာလဲ"

"ကိုဦးနဲ့လုံး၊

စကားတွေ ဘာရိတ် မရှိတော့။

မျက်နှာသုံးခုကို ကြည့်ရမှာ ရက်ရွံ့ပြီး ကျော်လွှင်ဦး ရေ

ကြမ်းပန်းကန်ကို ကမန်းကတန်း ကောက်ယူမော့သည်။

"ဖွိုး...အား...ပူ...ပူလိုက်တာ"

"ပူမှာပေါ့ ကိုဦးရဲ့ ခုပဲ ငှဲ့ထားတဲ့ဟာကို"

"အေးဟာ... ရေရေလည်လည် ပူသွားပြီ"

"မျက်နှာကော"

"ပိုတောင်ပူသေးတာပေါ့ဟ"

ရယ်ကြသည့်အရယ်မှာ ကေသီ မပါ။

ကေသီမျက်နှာရဲရဲကလေးကို လှမ်းကြည့်တော့ အကြည့်ချင်

ဆုံသည်။





ဪ...ပျော်ရပေမယ့် ကိုယ်လဲ ရှက်ပါတယ် ကေသီ။

• • •

အကြော်ဆိုင်မှ အထွက်တွင် ကျော်လွှင်ဦး ခြေလှမ်းတွေ

ဆုနဲ့ဆိုင်းသလို ဖြစ်သွားရ၏။ ကေသီမျက်နှာ ရုတ်ခြည်း တင်းမာသွား

ပြီး မေဘယ်လ်က မျက်လုံးဝိုင်းလေးနှင့် နှစ်ယောက်စလုံး၏

မျက်နှာကို ကြည့်သည်။

နံဘေးမှာ ရောက်နှင့်နေသော ညီလတ်မျက်နှာကမူ မရှုံ့မချည်။

"ကိုကို မင်း ဘယ်လျှောက်သွားနေတာလဲ"

"ဟို...ဟိုလေ၊ အကြော်လာစားတာ ညီရ"

ညီလတ်က ကေသီမျက်နှာကို တစ်ချက်စောင်းငဲ့ကြည့်ပြီး

ဆက်ခနဲ ရယ်၏။

"ကိုကို့လုပ်ရပ်တွေက တစ်ခါတစ်ခါ သိပ်အောက်တယ်ကွာ"

"ဘာလို့လဲ ညီရ"

"အကြော်ဆိုင်ထိုင်ပြီး မိန်းကလေးတွေနဲ့ အတူအကြော်

ဆိုင်စားတယ်ဆိုတာ ပေါကြောင်ကြောင်အလုပ်ကြီး ကိုကိုရ။ ညီ

တို့ကို ဒီလို ပေါကြောင်ကြောင် အလုပ်မျိုးလုပ်စေတော့ ညီသိက္ခာကျ

တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

ညီလတ်က ကေသီကို ပြုံးပြီးကြည့်၏။

"ဒီမယ် ညီလတ်၊ နင် သိပ်လူပါးမဝနဲ့ သိလား၊ ပေါကြောင် ကြောင်လုပ်တွေမှ ဘူးသီးကြော်စားတယ်ဆိုရင် နင့်အမေ အမေနဲ့ နင်တို့တစ်ဆွေလုံး တစ်မျိုးလုံး ဘူးသီးကြော် စားဖူးကြမှာပါ"

ကေသီအသံ မာနေသလောက် ညီလတ်ကတော့ ခပ်အေးအေး လေးပင်။

"တို့ဘိုးဘွားဘီဘင်ကအစ ဆွေနီးမျိုးစပ်တော်တဲ့အထိ ဘူးသီး ကြော်မစားဘူး သိလား"

"ခု နင့်အစ်ကို စားနေပြီလေ"

"ဒါ့ကြောင့် ပေါကြောင်ကြောင်နိုင်တာလို့ ငါပြောနေပါပကော နေပါဦး ဒေါ်ကေသီ၊ ခု ကျုပ်အစ်ကိုကို ပြောတဲ့ကိစ္စမှာ ခင်ဗျား ဘာကြောင့် အသလွတ်ကြီး ဝင်ပေါက်နေရတာလဲ"

ကေသီမျက်နှာ ဒေါသနှင့် ပိုပြီး ရဲတက်လာ၏။

လက်ကို လေပေါ်အမြှောက်တွင် မေဘယ်လ်က ဝင်ဆွဲရသည် ကေသီ့လက် မေဘယ်လ်လက်နှစ်ဘက်ထဲ ရောက်သွား၏။

"ဘာလဲ ငါ့ကို ပါးရိုက်မလို့လား၊ ခံမယ်တော့ မထင်နဲ့



"ဟင်...ခွေး...ခွေး၊ နင် ခွေးစကားပြောတယ် ဟုတ်လား"

ကေသီက အတင်းရုန်း၏။

မေဘယ်လ်နှင့် ဝါဝါက ကေသီကို ကျောင်းဆီသို့ ဆွဲခေါ် သွားရသည်။ ညီလတ်က ကေသီ မေဘယ်လ်တို့လက်ထဲ ကန့်လန့် ကန့်လန့် ပါသွားသည်ကို ကြည့်ပြီး တဟားဟား အော်ရယ်၏။

"ညီရာ မင်းလုပ်ပုံက အားနာစရာကြီး"

ညီလတ် အရယ်မပျက်။

"သဘောကျလို့ပါ ကိုကိုရာ၊ သူတို့တွေ အတန်းထဲမှာ ညီကို ဘယ်လို ပြောတယ် မှတ်လို့လဲ"

ညီအစ်ကိုနှစ်ယောက် ကျောင်းဆီ လျှောက်ခဲ့၏။

"အတန်းထဲက ငါ့သူငယ်ချင်းတွေကို လျှောက်ပြောတာ ထိုကိုရ သိလား၊ သူငယ်ချင်းတွေက ငါ့ကို ပြန်ပြောမယ်ဆိုတာ သူ သိနေတယ်"

"ဘယ်လို လျှောက်ပြောလို့လဲ"

"ရန်ကုန်တစ်မြို့လုံးမှာရှိတဲ့ ပုလင်းခွံမျိုးစုံကို ညီလတ်အဖေက ဒိုင်သဘောမျိုးနဲ့ ဝယ်တယ်တဲ့၊ ဘာလုပ်ဖို့လဲဆိုတော့ ပုလင်းကွဲတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပုံစံသွေးပြီး မိုးကုတ်ကျောက်လို့ ခပ်တည်တည်ဖြီး၊ ရတနာ ကုန်သည်ကြီး ထုထောင်ထားတာတဲ့။ ဖေဖေ မိုးကုတ်သူဌေးမှန်းသိလို့ သက်သက်မဲ့ သိက္ခာချစကား ပြောတာပေါ့ ကိုကိုရ"

ညီလတ်စကားကြောင့် ကျော်လွင်ဦးက ရယ်သည်။

"ညီ မခံချင်အောင် နောက်တာနေမှာပါ ညီရာ။ ညီကထဲ ပြောတယ်ဆို ကျောင်းလာရင်း လမ်းမှာ ကောင်မလေးတစ်ယောက်က မျက်စိမှိတ်ပြလို့ ပြန်မှိတ်မပြရင် ဆွဲကြိုးချသေမှာ စိုးတာနဲ့ မျက်စိပြန် မှိတ်ပြလိုက်ရတယ်လို့ ပြောတယ်ဆို"

"ဟား...ဟား ကိုကို့ကို သူတို့ ပြန်ပြောပြလား"

"ပြောပြတာပေါ့၊ နောက်တစ်ခါ ကိုဦးညီတော့ မချောင်ဘူး ဘာဘူးနဲ့တောင် ပြောနေသေးတယ်"

"အလုံ အခြေအနေက ကိုဦးတွေ ဘာတွေတောင် ဖြစ်နေပြီလား ကိုကိုရ"

ကျော်လွင်ဦး ရှက်ရှယ်ရယ်သည်ကို ညီလတ်က စူးစမ်းဟန်နှင့် ကြည့်သည်။

"ဆန်းပြားပြီး ကိုဦးလို့ခေါ်တာ မဟုတ်ပါဘူး ညီရာ၊ ဝါဝါ က အတန်းထဲမှာ ကိုကို့ကို ခင်မင်လေးစားတယ် မို့လား၊ ဝါဝါက





ဦးလို့ ခေါ်တာကို သူတို့က လိုက်ခေါ်ရင်း ကိုဦးဖြစ်သွားရတာပါ"

"နေပါဦး၊ အဖွဲ့က ဘယ်လို ကျသွားရတာလဲ"

"ဝါဝါက မိတ်ဆက်ပေးတာပါ၊ ဟိုတစ်လောက ညီပြသနာ ကြီး ကိုကိုက ဘာလို့ ကြားဝင်ခံရတာလဲ ဆိုတာကို မေးချင်တာနဲ့ ဝါဝါကို မိတ်ဖွဲ့နိုင်းရတာတဲ့"

"စပ်စုလိုက်တာကွာ"

"မိန်းကလေးတွေ ဆိုတာကတော့ ဒီလိုပဲပေါ့ ညီရာ၊ တို့ ယောကျ်ားလေးတွေလို ကွင်းကွင်းကွက်ကွက် ကြည့်ရဲမြင်ရဲတာ မဟုတ်တော့ စပ်စုတာလောက်တော့ ရှိမှာပေါ့"

ကျောင်းရောက်ပြီး အတန်းထဲဝင်တော့ ဝါဝါက ရင်ကလေး ခုံပြီး စကားပြောသည်။

"အမလေး ကိုဦးရယ်၊ ဝါဝါရင်တွေ တုန်လိုက်တာ တအား ပဲသိလား၊ နှစ်ယောက်သား နပန်းဖက်လုံးကြရင်တော့ ဝါဝါနဲ့ အဘယ်လိ ဘယ်လို ဆွဲရမှန်းတောင် သိမှာမဟုတ်ဘူး"

"ဒီအခြေအနေမျိုးတော့ မဖြစ်ပါဘူး ဝါဝါရာ"

"ကိုဦး ပြောနိုင်လို့လား၊ ကိုဦး ညီက နပန်းဝင်လုံးပြီး"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဝါဝါက ရင်ကလေး တမမ။

"ညီက နောက်တာပါ ဝါဝါရ၊ အဲသလို မိုက်ရိုင်းတဲ့စိတ်မျိုး ညီမှာ မရှိပါဘူး"

"ကိုဦးကတော့ ကိုယ့်ညီဘက်ဆို အသေအလဲ ကာကွယ်တာပဲ ဒါကြောင့် ကေသီက ပြောတာ"

"ဘာပြောလို့လဲ"

"ကိုဦးကတော့ သူ့ညီကို သူ့ကိုယ်ထက်တောင် ပိုချစ်သလား မသိဘူးတဲ့၊ သူ့ညီအကြောင်း တို့က တစ်ချက်တစ်ချက် ပြောလိုက်ရင် မျက်နှာကို ကွက်ခနဲ ကွက်ခနဲ ပျက်သွားတာပဲတဲ့"

"မပျက်ပါဘူး ကိုဦး နားထောင်နေတာပဲဟာ"

"အံမယ် သွားစမ်းပါ"

ထိုင်ခုံမှာ ထိုင်မိမှ ကျော်လွင်ဦး ပင့်သက်ချသည်။ သည်နေ့ တစ်နေ့လုံး ကျောင်းစာမှာ စိတ်ဝင်စားခြင်းမရှိဘဲ ကေသီအကြောင်း တွေးနေမိခြင်းအတွက် ကိုယ့်ကိုယ်ကို တအံ့တသြ ဖြစ်ရသည်။

ကေသီသည် မိမိကို သည်အထိ လွှမ်းမိုးနိုင်နေပြီလား။

☆ ☆ ☆



(၁၂)

သည်နေ့ညနေ ပေမေနှင့် ဦးဒေးဗစ် အိမ်မှာ အရက်ဝိုင်းဖွဲ့မည် ဆိုကတည်းက ညီလတ် မျက်စေ့မျက်နှာပျက်နေ၏။

"ငါတော့ ကားဂိုဒေါင်ထဲမှာ ဝင်အောင်းနေမှ ဖြစ်တော့မယ် ထင်ကို"

"ဘာဖြစ်လို့လဲ"

"ငါ ဦးဒေးဗစ်ကြီးကို မျက်နှာချင်းဆိုင်လို့ မဖြစ်ဘူး။ ကြီးမေနဲ့ ဦးဒေးဗစ်ကြီးကို ငါအတည်ပေါက်နဲ့ နောက်ထားတယ် ထင်ကိုရ"



www.burmeseclassic.com

www.burmeseclassic.com



ကားကို ခပ်မှန်မှန်မောင်းရင်း ကျော်လွင်ဦး မျက်မှောင်ကြုတ်သည်။

"ဘာတွေ နောက်ထားတာလဲ"

"ဦးဒေးဗစ်ကြီး ကြီးမေ့ကို စာပေးခိုင်းတယ်ဆိုပြီး နောက်ထားတာကွ၊ အဲဒီတုန်းက ကြီးမေက ရှက်ပြီး သူ့အခန်းထဲ တန်းပြေးတော့တာပဲ"

"ဟာ...ညီကလဲ မနောက်ကောင်းတာတွေ"

"ခု မေမေနဲ့ အရက်သောက်ဖို့ ဦးဒေးဗစ်ကြီး ရောက်လာမှာ ကြီးမေက သွားကောရင် ပြဿနာပဲ ကိုကို၊ ငါတော့ ဂိုဒေါင်ထဲမှာပဲ ပုန်းနေမယ်"

"ကြီးမေ ပြောရုံမှာ မဟုတ်ပါဘူးကွာ"

"ဟေအေး ငါတော့ ဂိုဒေါင်ထဲမှာပဲ နေခဲ့မယ်"

အိမ်ရောက်တော့ ကျော်လွင်ဦး ကားကို ဂိုဒေါင်ထဲ တန်းသွင်းပြီး အိမ်ထဲဝင်ခဲ့သည်။ ထမင်းစားခန်းတွင် ဘလက်လေဘယ် ဝမ်းလီတာ ပုလင်းကြီးကို ဖွင့်ပြီး မေမေက အရက်ကို မြည်းစမ်းနေ၏။

"မေမေ ဒီနေ့ အရက်သောက်မလို့လား"

"ရုံဖန်ရံခါပါ သားရယ်"





"ရံဖန်ရံခါလဲ မလုပ်ပါနဲ့ မေမေရာ၊ ဟိုတစ်လောက မေမေ အမကောင်းတော့ ဆရာဝန်က မေမေ့ကို အရက်လျှော့သောက်ဖို့ ပြောတယ်မို့လား"

"ခုလဲ မေမေ လျှော့သောက်မှာပါ သားရ"

စိတ်မချ။

မေမေသည် သူ့သူငယ်ချင်း ဦးဒေးဗစ်နှင့် ဆုံတိုင်း အရက်သောက်လျှင် ကျွံတတ်သည်ချည်းဖြစ်၏။

"လုံးဝမသောက်ရင် အကောင်းဆုံးပေါ့ မေမေရာ၊ သားက မေမေ့ကျန်းမာရေး ထိခိုက်မှာစိုးလို့ ပြောတာပါ"

မေမေက ပုလင်းကို စားပွဲအလယ်သို့ တိုးရွှေ့သည်၊ စားပွဲပေါ်မှာ အမြည်းပန်းကန်တွေက အစုံအလင်၊ အဖော်ကို မေမေ စောင့်နေမှန်း ကျော်လွင်ဦး သိ၏။

"အင်း...သားကြီးကတော့ မေမေ့အတွက် အစိုးရိမ်ပိုပါ့ဗျာ။ ငယ်ကောင်ကတော့ မေးဖော်တောင်မရဘူး။ မနေ့ညနေက မေမေ ငယ်ကောင်ကို နရင်းရိုက်ရသေးတယ်လေ"

"ဟင်...ညီက ဘာလုပ်လို့လဲ မေမေ"

"သားကြီးကို သူ မပြောပြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပြောဘူး မေမေ"

မေမေက ချိစ်အတုံးကို ဖန်ပန်းကန်ထဲထည့်ရင်း–

"မေမေ့အစန်းထဲဝင်ပြီး အရက် ခိုးသောက်တယ်လေ"

"ဟာ... ဟုတ်ပါ့မလား မေမေရာ၊ ညီအဲသလောက် မမိုက်ပါဘူး"

"မေမေနဲ့ကို တန်းတိုးတာကွ၊ မေမေက နရင်းတစ်ချက်ရိုက်ပြီး သား အဲဒါဘာလုပ်တာလဲ မေးတော့ အရက်ဆိုတာ ချိုသလား ခါးသလားလို့ မြည်းစမ်းကြည့်တာပါတဲ့"

"အဲဒါတော့ ညီပြောတာ အမှန်စကား ဖြစ်လိမ့်မယ်။ မေမေ ညီက စပ်စပ်စုစုလုပ်တာ ဝါသနာပါတယ်လေ၊ ညီကြိုက်လို့ အရက် သောက်တာတော့ မဟုတ်ပါဘူး မေမေ"

မေမေက တောက်ပစ္စာ ပြုံးသည်။

"အင်း...သားကြီးကတော့ ကိုယ့်ညီကို အကောင်းမြင်ဝါဒနဲ့ တယ်ကြည့်တာပဲ၊ စမ်းပဲသောက်သောက် ကြိုက်လို့ပဲ သောက်သောက် အရက်သောက်တာကိုတော့ မေမေ လုံးဝ လက်မခံနိုင်ဘူး"

ကျော်လွင်ဦးက ပြုံးရင်း မေမေ့ကို ကြည့်တော့–

"မေမေကျတော့ ဘာလို့ အရက်သောက်နေရတာလဲဆိုတဲ့ အမေးစကားကို သားကြီး မေးချင်နေတယ်မို့လား။ မေမေ လက်မခံဘူးဆိုတာက သားတို့အရွယ်က ငယ်သေးတယ်လေ၊ ငယ်တဲ့အရွယ်မှာ ထိန်းပြင်ရမယ့်တာဝန် မေမေ့မှာ အပြည့်အဝရှိတယ်၊ ထိုက်တန်တဲ့ ပညာတွေစုံတဲ့ တစ်နေ့မှာတော့ သားတို့ကို မေမေက လွှတ်လပ်ခွင့်ပေးရမှာပါ။ အဲဒီခါကျ သားတို့ အရက်ပဲ သောက်သောက် ဆေးလိပ်ပဲ သောက်သောက် မေမေ လက်မခံတောင် ကြည့်နေမှာပဲ၊ အဲ...ဒါပေမယ့် ကိုယ်လုပ်တဲ့အလုပ် ကောင်းမကောင်းကိုတော့ သားတို့က ချင့်ချိန်ပိုင်းဖြတ်တတ်ရမယ်"

"သားတို့အတွက် စိတ်ချပါမေမေ၊ မေမေဘယ်တော့မှ စိတ် ညစ်စေရပါဘူး၊ သား အဝတ်စား သွားလဲလိုက်ဦးမယ်နော်။ မေမေ့သူငယ်ချင်း ဦးဒေးဗစ် ဘယ်တော့လာမှာလဲ"

"ကိုခင်မောင်ချောကို ပြောတာလား"

"ဟုတ်တယ်မေမေ၊ ဦးခင်မောင်ချော ငယ်နာမည်က ဦးဒေး ဗစ်တဲ့"

မေမေကရယ်ရင်း–

"လာတော့မှာ စောစောကတင် ထွက်လာပြီလို့ ဖုန်းဆက် အကြောင်းကြားတယ်"

www.burmeseclassic.com



အပေါ်ထပ် ပြေးတက်ခဲ့သည်။

ဝတ်စားလဲပြီး အိုက်စပ်စပ် ရှိသဖြင့် မှန်ပြူတင်းပေါက်ကို အဖွင့်မှာ

* * *

"ရှင်ကတော့ ခုမှ ဒုက္ခပေါ့။ ကျွန်မမှာ တွေ့တွေ့ရှေ့မှာ ဘယ်လောက် အရှက်ရလဲ၊ ရှင်ပေးခိုင်းတဲ့စာကို ကျွန်မ လက်ခံမယ်လို့ ရှင် ထင်နေသလား"

ကြီးမေကိုကြည့်ပြီး ဦးဒေးဗစ်ကြီး ခေါင်းကို တဗျင်းဗျင်း ကုတ်သည်။

ကြီးမေ လေသံကမှ တစ်စက်လေးမှ မပျော့။ ဦးဒေးဗစ်ကြီးမှာ ရှေ့တိုးရခက် နောက်ဆုတ်ရခက်နှင့် ယောင်တောင်ပေါင်တောင် ဖြစ်နေ၏။

"နေပါဦးဗျာ၊ ဘာစာများပါလိမ့်"

"ရှင် မသိချင်ယောင်ဆောင်မနေနဲ့ သိလား၊ အငယ်ကောင်ကို မုန့်ဖိုးတစ်ထောင်ပေးပြီး မင်းကြီးမေကို စာပေးပေး ဆိုတာက ဘာစကားလဲ၊ ရှင်အသက်လဲကြီးပြီ နားလည်လား"



"ဟာဗျာ...ကျုပ်...ကျုပ်...ဘာ...ဘာစာမှ"

"တော် ပြောင်မလိမ်နဲ့။ ငါလဲ လူပျိုကြီးပဲဆိုပြီး ကလေးကလား ဘာမလုပ်နဲ့၊ နောက်တစ်ခါဆို အမျိုးသမီးရေးရာကို သွားတိုင်မယ်"

ကြီးမေက အနိုင်နှင့်ပိုင်းကာ ကိုယ်ကို ချာခနဲလှည့်ပြီး ခြံနောက်ဘက်သို့ ဆတ်တောက်ဆတ်တောက်နှင့် လျှောက်အသွားမှာ ကျော်လွင်ဦး ဦးဒေးဗစ်ရှိရာသို့ အပြေးကလေး ဆင်းခဲ့ရ၏။

"အန်ကယ်ဒေးဗစ်၊ ကြီးမေးကို စိတ်မဆိုးပါနဲ့ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်"

"ဘာတွေလဲ မောင်ဦးရာ၊ အန်ကယ်တော့ ဘာမှန်းကို မသိဘူး"

ဦးဒေဗစ်ကြီးမျက်နှာကို ကြည့်ပြီး ကျော်လွင်ဦး ရယ်ချင်စိတ်ကို ချုံးနှိမ်ထားရသည်။

"ညီက ကြီးမေကို သွားစ,တာပါ အန်ကယ်၊ အဲဒါကို ကြီးမေက တကယ်မှတ်ပြီး အန်ကယ်ဒေးဗစ်ကို ပြဿနာလုပ်တာပါ"

"ဒီသူငယ် ဘာတွေများ လုပ်ထားပြန်သလဲ မောင်ဦးရာ၊ မင်းကြီးမေ အန်ကယ့်ကို တိုက်စစ်ဆင်သွားတာကတော့ ရေရေလည်လည်ပဲ၊ ရှင်းပြခွင့် မပြောနဲ့ မေးမြန်းခွင့်တောင် မပေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာ သည်လို တက်မယ် မထင်လို့ ညီ စထားတာပါ"

"ဘာများ သွားစထားလို့လဲကွဲ"

"ဟို...ဟိုလေ တစ်ခြားတော့ မဟုတ်ပါဘူး အန်ကယ်ဒေးဗစ်ရာ၊ အန်ကယ်က ရည်းစားစာ ပေးတယ်ဆိုပြီး ညီက ကြီးမေကို သွားပေးထားလို့ခင်ဗျ"

"ဟာကွာ... မင်းတို့ဟာ မဟုတ်တာ၊ မခင်ရီမေက ဘာမပြော ညာမပြောနဲ့ ပါးဆွဲတီးလိုက်ရင် ငါ့မှာ အသက်အရွယ်ကြီးမှ အရှက်ဟက်တက် ကွဲရမယ့်ကိန်းပဲကွ"

"ကြီးမေ အဲသလောက်တော့ မရမ်းကားပါဘူး အန်ကယ်ဒေးဗစ်ရ"

"ပြောနိုင်လားကွာ၊ ခုတောင် ပြူးတူးပြဲတဲ့ ငါ့ကို ကိုက်စားမယ့်ပုံ၊ မင်းအငယ်ကောင် လုပ်ပုံနဲ့တော့ ငါ့မျက်နှာကြီး အရှမ်းပွနေပြီ တော်ပြီကွာ၊ ငါလည်း ပြန်တော့မယ်၊ မင်းအဖေတိုက်တဲ့ အရက်လဲ မသောက်ရဲတော့ဘူး"

လှည့်ပြန်ရန် ဟန်ပြင်နေသဖြင့် လှမ်းဆွဲထားရသည်။

"ဟာ...အဲသလိုတော့ မလုပ်ပါနဲ့ အန်ကယ်ဒေးဗစ်ရာ၊ ဖေဖေ အန်ကယ့်ကို စောင့်နေတာ"





"မခင်ရီမေက သူ့မောင်ကို တိုင်ပြောထားရင် ဘယ်လိုလုပ်ပါကွ၊ မင်းအဖေ မင်းလတ်က ဒီအသက်အရွယ်ရောက်မှ ဘာဖြစ်တာလဲဆိုပြီး ငါ့ကို ဆဲနေမှာ"

"အဲဒီတော့ မပူနဲ့အန်ကယ်၊ ကြီးမေက သူပြောသလို အမျိုးသမီးရေးရာကိုပဲ တိုင်ချင်တိုင်မှာ၊ ဖေဖေ့ကိုတော့ ရှက်ပြီး တိုင်မှာ မဟုတ်ဘူး"

"အမျိုးသမီးရေးရာတိုင်လဲ ဘယ်ကောင်းမလဲကွာ၊ ဒီအသက်အရွယ်ကြီးတွေနဲ့ ရုံးပြင်ကနား သွားရမှာ မဟန်ပါဘူး"

"ကဲ...အန်ကယ် ဖေဖေ့ဆီသွားတော့ ကြီးမေကိစ္စကို စိတ်ချသဘောပေါက်အောင် ကျွန်တော် ရှင်းပြထားမယ်"

"မင်းညီလိုတော့ ထပ်ပြီး မချွန်ပါနဲ့ကွာ"

သည်ည ဖေဖေနှင့် အရက်သောက်ရသည်ကို အန်ကယ်ဒေးဗစ် ဘယ်လိုမှ စိတ်ဖြောင့်နိုင်မည် မဟုတ်သည်ကို စိတ်က သိနေပါ၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

စာရေးစားပွဲပေါ်မှာ မီးကိုပိတ်ပြီး ညီလတ် ခုတင်ဆီသို့ လျှောက်သွားသည်။ ခုတင်ပေါ် ကြောချပြီး ညီလတ်က ရယ်နေ၏။

"ညီ ဘာရယ်တာလဲ"

"ညနေက ဦးဒေးဗစ်ကြီးနဲ့ ကြီးမေအဖြစ်က ရေရေလည်လည် ဟားရတယ် ကိုကိုရာ"

"ဟင်...ဒါဖြင့် ပြဿနာဖြစ်နေတာကို ညီမြင်တယ်ပေါ့"

"မြင်တာပေါ့၊ ဂိုဒေါင်ဆောင်း စီစဝါပင်တွေကြားထဲက ချောင်း ကြည့်နေတာ၊ ကြီးမေ တစ်ချက်အော်လိုက်တိုင်း ဦးဒေးဗစ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွန့်တွန့်သွားတာပဲ"

"ညီလုပ်ပုံနဲ့ လူကြီးတွေ မျက်နှာပျက်စရာ ဖြစ်ကုန်တော့မှာပဲ၊ ဒါပေမဲ့ ခုတော့ အားလုံး အဆင်ပြေသွားပါပြီ"

"ကိုကို ကြားဝင်လိုက်တယ်မို့လား၊ ကျေးဇူးပါပဲကိုကိုရာ၊ ပြဿနာတွေသာ ကြီးထွားပြီး မေမေ့နားပေါက်ကြားသွားရင်တော့ မေမေ ငါ့ကို အသကုန်သိပ်မှာ၊ သင့်ခ်ိယူ ကိုကို မင်းကို ကျေးဇူး တုန့်ပြန်တဲ့အနေနဲ့ မင်းရဲ့ ကေသီကို ငါ ဘယ်တော့မှ မစတော့ဘူး"

ကျော်လွင်ဦး ခေါင်းကို မတ်ခနဲ ဖြစ်သွား၏။

"ကိုကို့ကေသီ မဟုတ်ပါဘူးကွ. ညီရ"

"ငါ မယုံဘူးကိုကို"

ပြောပြီး ညီလတ်က လဲလျောင်းရာမှ ထသည်။ အိပ်ခန်းမီး၏ အလင်းရောင်ဝယ် ညီလတ်သည် ညဝတ်အကျီဖားဖားကြီးနှင့် ဘိုသီဘတ်သီ ဖြစ်နေ၏။

"ယုံပါညီရာ၊ ကိုကိုနဲ့ ကေသီဟာ ရိုးရိုးသားသား ခင်တာပါ၊ ခုအချိန်တွေမှာ ကိုကို နှလုံးသားရေးရာတွေကိုလဲ မစဉ်းစားနိုင်သေးပါဘူး"

"ဘာဖြစ်လို့လဲ"



"ညီနဲ့ ကိုကို့ကို မေမေက ပညာတတ် ဖြစ်စေချင်တယ်၊ စီးပွားရေးလုပ်ငန်းမှာ သူ့လို မေမေက ကြီးကြီးကျယ်ကျယ် ဖြစ်စေချင်တယ်၊ မေမေ ဒီလိုဆန္ဒအားကြီးနေတဲ့အချိန်မှာ မေမေ စိတ်ထိခိုက်သွားအောင် ကိုကို ရည်းစား မထားချင်တာပါ"

"ငါကတော့ ချစ်ရမယ့်သူတွေ့ရင် ရည်းစားထားမှာပဲ"

"ဒါဆို မေမေသိရင် မင်းကို ခွင့်လွှတ်မှာ မဟုတ်ဘူး"

"မေမေ မသိအောင် ထားမှာပေါ့ကိုကိုရ၊ မင်းကိုလဲ ငါအကြံ ပေးမယ်"

ကျော်လွင်ဦးက ငြိမ်ပြီး နားထောင်သည်။

ညီလတ်က ပြတင်းပေါက်ကို ဖွင့်လိုက်ရင်း–

"မင်း ကေသီကို ချစ်ပစ်ကိုကို၊ မေမေမသိအောင် ငါကာကွယ် ပေးမယ်၊ ငါ ရည်းစားထားရင်လဲ မေမေ မသိအောင် မင်းက ကာကွယ် ပေးရမယ်"

ကျော်လွင်ဦးက ညီလတ်ပခုံးကို ဆုပ်ညှစ်ပြီး–

"ကိုကိုတော့ မထားပါရစေနဲ့ ညီရာ၊ ညီထားရင် ကိုကိုက ကာကွယ်ပေးမှာပေါ့"

"နေပါဦး ကိုကို၊ ငါမင်းကို အလေးအနက် တစ်ခုမေးမယ်"

www.burmeseclassic.com



"ဆယ်ခုလောက် မေးကွာ"

"မနောက်နဲ့၊ မင်း ကေသီကို တကယ်စိတ်မဝင်စားဘူးလား"

"မဝင်စားပါဘူးကွ"

"သေချာတယ်နော်"

"သေချာပါတယ်"

"ဒါဖြင့် ငါ ကေသီကို လိုက်မယ်"

မျက်ချင်းချင်းဖြစ်သွားသည့် မျက်နှာကို သတိပြုမိဟန်ဖြင့် ညီလတ်က ဖြုံးသည်။

"ဟို...ဟိုလေ ညီရာ"

"ဘာဟိုလဲ စကားကို မင်း ပြတ်ပြတ်သားသားပြော"

"ဒီလိုကွာ ညီရာ၊ ခုစာမေးပွဲကြီးကလဲနီးတော့ ကိုကို ကေသီကို သိပ်စိတ်ဝင်စားလို့ မဖြစ်သေးဘူး၊ ဟိုဒင်းလေ စာမေးပွဲပြီးတော့ စိတ်များ ဝင်စားမလားလို့"

"ဟား...ဟား မင်းဟာလေ ခိုးစားချင်တာလဲ လွန်ရော လူမိမှာကိုလဲ အသေအလဲကြောက်၊ ဒီမှာကိုကို မင်းချစ်စရာရှိတာကို ချစ်ပစ်လိုက်စမ်းပါကွာ၊ အဆီးအတားတွေနဲ့ နှလုံးသားကို ချုပ်နှောင်လို့ မရပါဘူး။ ငါတော့ ထင်တယ်ကိုကို"



စကားတန့်ပြီး မျက်နှာကို စေ့စေ့ကြည့်၏။

"ကေသီ မင်းကို ချစ်နေတယ်ကွ ကိုကိုရ"

"ဟာ မဖြစ်နိုင်သေးတာညီရာ၊ ကိုကိုမှ သူ့ကို ချစ်တယ်လို့ မပြောရသေးတာ"

"မင်း မပြောပေမယ့် သူ့နှလုံးသားက လိုလားနေတယ်ကွ"

"အားပါး ငါ့ညီရဲ့ စကားလုံးတွေက ကြီးမားသိပ်သည်းလှချည်လား၊ ပြောစမ်းပါဦး ကေသီက ဘယ်လို လိုလားပြီး သိနေတာလဲ"

"မင်း မသိဘူးလား"

"မသိလို့ မေးနေတာပေါ့ ညီရ"

သူ့ခုတင်ပေါ် ပြန်လှဲသည်။

မျက်နှာကြက်မှ မီးရောင်က သူ့မျက်နှာပေါ် ဘေးတိုက်တစ်ခြမ်း ကျနေ၏။

"အတန်းထဲမှာ မေဘယ်လ်နဲ့ကေသီ စကားပြောရင် မင်းနာမည်ကို သူတို့ပါးစပ်များမှာ ချတိုမချဘူး။ ကိုဦးကလော ကိုဦးကလေ ဆိုတဲ့ စကားကို တစ်နေ့ ဆယ်ခါမက ပြောတယ်"

ငြိမ်သက်စွာ နားထောင်ရင်း ကေသီ့ကို သတိရနေသည်။ အကြော်ဆိုင်မှာ အချဉ်ခွက်ထဲ ဘူးသီးချောင်းကလေး နှစ်ခဲ့ဥက



www.burmeseclassic.com

www.burmeseclassic.com



လက်ချင်းထိစေတ်သွားသည်ကို ကေသီသည် အဘယ်ကြောင့် ရက်စ
သန်းခဲ့ရပါသနည်း၊

"မိန်းကလေးတွေရဲ့အချစ်ကို သူတို့ရဲ့ လှုပ်ရှားမှု ဟန်ပန်
ကြည့်တာနဲ့ သိလို့ရတယ် ကိုကို၊ မင်းတို့လေးယောက် အကြေ
ဆိုင် ထိုင်တယ်ကွာ၊ အဲဒီအထဲမှာ မေဘာယ်လ်နဲ့ ဝါဝါဟန်ပန်
ရိုးသားမှုရှိတယ်"

"ကေသီက မရိုးမသား ရှိနေလို့လား ညီရ"

"မရိုးမသား ရှိနေတာကို ပြောတာမဟုတ်ဘူး၊ ထူးခြားနေ
တာကို ပြောတာ၊ မင်းတို့ အကြော်ဆိုင်ထိုင်တာကို ငါမနေ့တစ်နေ့က
သိတာမဟုတ်ဘူး၊ သိနေတာ ကြာပြီ၊ မင်းတို့ မသိအောင် ငါလာငြ
လေ့လာထားပြီးသား"

"ဟာကွာ..ညီကလဲ ကိုကိုတောင် ရက်လာပြီ"

"လုပ်မနေနဲ့ အချစ်ဆိုတာ ရှက်စရာအလုပ်မဟုတ်ဘူး
ဒီတော့ ကေသီကို မင်း စာပေးကွာ"

"ဟာ...မလုပ်ပါနဲ့ညီရာ၊ ရင်ထဲက ဆန္ဒတွေကို စာမေးပွဲပြီးမှပဲ
ကိုကို စဉ်းစားပါရစေ"

ညီလတ် မျက်နှာရှုံ့မဲ့သွား၏။





"မင်းဟာက စာမေးပွဲပြီးတာတောင် စဉ်းစားတဲ့အခြေအနေ
ပဲလား ကိုကိုရ။ တော်ပြီကွာ မင်းနှလုံးသားကိစ္စတွေကို ငါဘာမှ
စွက်ဖက်တော့ဘူး၊ သူများ ဦးသွားမှ ညီရဲ့ ကိုကိုတော့ ရှုံးပြီလို့
လာမအော်နဲ့၊ အဲဒီအခါကျ ငါလုံးဝ မင်းကို ကြင်နာမှာ မဟုတ်ဘူး"

ပြောပြီး ညီလတ်က စောင်ကို ခေါင်းအထိ ဆွဲခြုံသည်။

ညီလတ် အိပ်ပျော်သွားသော်လည်း သူတော်တော်နှင့် အိပ်
မပျော်။ ကေသီနှင့်ပတ်သက်သော အကြောင်းတရားများသည် ခေါင်း
ထဲသို့ ပြေးလွှားရောက်ရှိလာကြ၏။

အချစ်ဆိုတာကိုတော့ သူ သဘောပေါက်စ ပြုလာပါပြီ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ရေပန်းပေါက်ကလေးများမှ ဖွာကျလာသည့် ရေစက်များက ဦးရေများကို ထိတွေ့သည်၊ ခေါင်းလျှော်ထားသည့်ကြောင့် မွှေးရနံ့က ရေချိုးခန်းမှာ သင်းပျံ့နေပါ၏။

ဥရောပဆပ်ပြာခဲနှင့် တစ်ကိုယ်လုံးကို ပွတ်သပ်ရင်း ကေသီသည် မိမိ၏ အလှတစ်ခုလုံးကို သုံးသပ်မိသည်၊ တစ်ဆက်တည်းမှာပင် ခြေမွှေးမီးမလောင် လက်မွှေးမီးမလောင် နေခဲ့ရသည့်ဘဝကိုလည်း ကျေနပ်မိပါ၏။

နှစ်ပက်မီဘ၏ အမွေအနှစ်များသည် အမြင့်မားဆုံးသော

www.burmeseclassic.com

www.burmeseclassic.com



လူနေမှုဘဝမှာလဲ ရပ်တည်ခဲ့ပါသည်။ ဖေဖေ၏ဌာနတစ်ခု၏ အကြီးမားဆုံးသောရာထူး၏ လစာကို မိသားစု မက်မောမှု မရှိသော်လည်း မြင့်မားသောဂုဏ်အတွက် မေမေသည်လည်းကောင်း ကောသီသည်လည်းကောင်း ရောက်လေရာ အရပ်ဒေသတွင် မျက်နှာ ပွင့်ခဲ့သည်။

အတွေးနှင့် ဘဝကို ကျေနပ်နေဆဲမှာ ရေချိုးခန်းတံခါး ခေါက်သံက နားဆီသို့ ပြေးရောက်လာ၏။

"ဟဲ့...ဘယ်သူလဲ၊ အထဲမှာ ရေချိုးနေတယ်လေ"

အသံတိတ်သွား၏။

"ဟဲ့...မေးနေတယ်လေ၊ ဘယ်သူလဲ"

"မိငွေးပါမမ၊ ဧည့်ခန်းမှာ မမသူငယ်ချင်း ရောက်နေတယ်"

"ဘယ်သူလဲ"

"မေဘဲလ်လို့ ပြောတယ်မမ"

"မေဘယ်လ်ပါဟယ်၊ နင်နဲ့ကျမှပဲ ငါ့သူငယ်ချင်းလဲ လူစိမ်း စစ်က တိရစ္ဆာန်ဖြစ်ရတော့တယ်"

မိငွေး၏နိုးနိုးခစ်ခစ် ရယ်သံကို ရေချိုးခန်းထဲမှ ကြားနေရသည်။

"ထိုင်ပါဦးလို့၊ မမ ရေချိုးနေတယ်လို့ ပြောလိုက် ဟုတ်လား"



"ဟုတ်ကဲ့မမ"

မျက်နှာမှာ သနပ်ခါးခပ်မွှမ်မွှမ်ကလေး လိမ်း၊ အိမ်နေ အပျော့ စားဝတ်စုံကို ဝတ်ပြီး အပေါ်ထပ်မှဆင်းတော့ ဧည့်ခန်းဆက်တီပေါ်မှာ မေဘယ်လ်ကို မဂ္ဂဇင်းတစ်စောင် ဖတ်လျက် တွေ့ရသည်။

"စောင့်ရတာ အတော်ကြာသွားသလား၊ ဆောရီးနော် သူငယ် ချင်း"

"ရပါတယ်ကွ၊ ဘာလဲ ကောသီ ခေါင်းလျှော်လား"

"အေးကွာ ကျောင်းပိတ်ရက်ကလေး လျှော်ရတာ"

"အန်ကယ်နဲ့ အန်တီ့ကို မတွေ့ပါလား"

"လှည်းကူးဘက် သွားကြတယ်၊ ဖေဖေအောက်က အရာရှိ တစ်ယောက်ရဲ့ အမေ လှည်းကူးမှာ ဆုံးတယ်ဆိုလို့ သွားမေးကြတာ"

မေဘယ်လ်နှင့် မျက်နှာချင်းဆိုင် ဆက်တီမှာ ဝင်ထိုင်သည်။ စားပွဲပေါ်မှာ ဖြန့်ထားသည့် ဆံစများကို ကျောဘက်သို့ သပ်တင် လိုက်၏။

"မေဘယ်လ် အလည်သက်သက်ပဲလား"

"ဟုတ်တယ်ကောသီ၊ ကိုယ်လဲ ရေချိုးခေါင်းလျှော်ပြီးရင် ဘာလုပ်ရမလဲလို့ စဉ်းစားနေတာ၊ မေဘယ်လ်ရောက်မလာရင်တော့

www.burmeseclassic.com



မဂ္ဂဇင်းတစ်အုပ်နဲ့ အချိန်ကုန်မှာပဲ"

"ကိုယ် တွေးမိပြီးတော့ လာခဲ့တာပါ"

သည့်နောက် မဂ္ဂဇင်း၊ ဂျာနယ်များကို လှန်ပြီး မင်းသား အကြောင်း၊ စတီရီယို အဆိုတော်များအကြောင်း ပြောသည်။ ပြစ်ချက် အနည်းငယ်ရှိသည့် မင်းသားကတော့ သူတို့ပါးစပ်များမှာ ရစရာ မရှိတော့။

"ကေသီက ရုပ်ရှင်မင်းသားတွေထဲမှာ ဘယ်သူ့ကို အကြိုက် ဆုံးလဲ"

"ဘယ်သူမှ မကြိုက်ဘူး၊ ရုပ်ချောပါတယ်ဆိုတဲ့ မင်းသား ကိုလဲ ကိုဦးနဲ့ ချိန်ထိုးကြည့်တယ်၊ ကိုဦးလောက် ဘယ်သူမှ မချော ဘူး"

မေဘယ်လ်က မျက်လုံးဝိုင်းလေးနှင့် ကေသီကို မော့ကြည့် တော့–

"ချွေးမ၊ နင်ပေါက်ကရပြောဖို့ မကြံစည်နဲ့နော်၊ ငါက ရိုး သားသားပြောတာ"

"အေးပါဟဲ့၊ ငါလဲ မရိုးမသားတဲ့စကားကို မပြောမိဘူး ပါလား"



"အံမာ နင့်မျက်လုံးကို ကြည့်တာနဲ့ ငါသိတယ် မေဘယ်လ် နင်တစ်ခုခုကို ပြောတော့မှာ"

မေဘယ်လ် ရယ်၏။

ကေသီက မေဘယ်လ်ပေါင်ကို လက်သီးဆုပ်နှင့် လှမ်းထုသည်။

"ကိုဦးထက် ချောတဲ့သူ တစ်ယောက်ရှိသေးတယ် ကေသီရဲ့"

"မင်းသားထဲမှာလား"

"မဟုတ်ဘူး"

"အဆိုတော်တွေထဲမှာလား"

မဟုတ်ဘူး"

"ဒါဖြင့် ဘယ်မှာလဲ"

"ကျောင်းမှာ"

ကေသီ တွေပြီး စဉ်းစားသည်။

ဘယ်သူများပါလိမ့်။

ကိုဦးထက် ချောတာ ကျောင်းမှာ မရှိတာကတော့ အသေချာဆုံး ဖြစ်သည်။

"ဘယ်သူများလဲဟဲ့"

"ညီလတ်လေကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ထွီ သွားစမ်းပါ၊ အသံကြားတာနဲ့ ကျက်သရေက ယုတ်နေပြီ"

"စဉ်းစားပြောနော် ကေသီ၊ သူ့အစ်ကို ကိုဦးနဲ့ ပတ်သက်ပြီး ကျက်သရေယုတ်ကလေးမဟုတ်ဘဲ ကျက်သရေ အတုံးအခဲလေး ဖြစ်နေဦးမယ်"

"အမယ်...မိမေဘယ်လ်- စကားနောက် တရားပါတယ်၊ ငါနဲ့ ကိုဦးက ဘာမှ ဖြစ်တာမဟုတ်ဘဲနဲ့ ပညာသင်ချိန်မှာ ငါ ဒါတွေ စိတ်ဝင်စားပါဘူး"

မယုံပါဘူးဆိုသည့် စကားကို မေဘယ်လ်က အနိုင်အမာ ပြောသည်။ နေ့လယ်ဘက် နှစ်ယောက်သား လက်ဖက်သုပ်စားကြတော့ မေဘယ်လ်က-

"ငါနင့်ကို တစ်ခုမေးမယ် ကေသီ"

"မေးလေ"

"နင် ကိုဦးကို ချစ်နေတယ်မို့လား"

"ဟယ်...မဟုတ်တိ မဟုတ်တာတွေ မေဘယ်လ်ရယ်၊ ငါ ကိုဦးကို ရိုးရိုးသားသား ခင်တာပါ"

"မယုံဘူးဆိုတဲ့ စကားကိုပဲ ငါ ထပ်ပြောရဦးမှာပဲ"

"ယုံပါဟာ၊ ကိုဦးက ငါ့ကို ချစ်တယ်လို့လဲ မပြောပါဘူး"



"ဒါက သူ့အပိုင်းလေ၊ ငါမေးနေတာက နင့်အပိုင်းကဏ္ဍကို မေးနေတာ၊ နင် ကိုဦးကို ချစ်နေတယ်မို့လား"

ကေသီ့မျက်နှာ ရှက်ရဲရဲကလေး ဖြစ်နေသည်မှအပ အကြောက်အကန် ငြင်းဆန်ခြင်းတော့ မရှိ။

"တို့မိန်းကလေးတွေမှာ ဝဋ်နာကံနာ တစ်ခုရှိတယ် ကေသီ"

"ဘာကိုလဲဟ"

"ယောကျ်ားတစ်ယောက်ကို ချစ်ရင် စပြီး ဖွင့်မပြောရဲတာ၊ ဖွင့်မပြောဝံ့တာ ဝဋ်နာကံနာပေါ့"

ကေသီက အကြမ်းပန်းကန်ထဲသို့ ရေနွေးငှဲ့ရင်း-

"မဆိုင်ပါဘူးဟယ်၊ အချစ်ကို စတင် တင်ပြရမှာ မိန်းကလေးတွေ အလုပ်မှ မဟုတ်ဘဲ၊ ပြီးတော့ မိန်းမတွေရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာဆိုတာ ရှိသေးတယ်လေ၊ ပန်းပွင့်လိုပေါ့ဟာ"

"ဘာပန်းပွင့်လိုလဲ"

"ပန်းပွင့်လေးတွေက အရူးခံ၊ အနမ်းခံဖို့အတွက် နေရာမှာ ရပ်တည်ပေးရတယ်လေ၊ ခူးသူ၊ ပန်းချင်သူက လာပေါ့"

"ဟာ...အဲဒီသဘာဝကြီးနဲ့ ဥပမာပေးပြီး ဆင်ခြေမပေးစမ်းပါနဲ့ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မေဘယ်လ်၊ နင်ပြောသလိုဆို ငါကစပြီး ကိုဦးတို့ ကိုဦးရယ် ကိုဦးကို ချစ်နေတာ မနေနိုင် မထိုင်နိုင် ဖြစ်နေပါပြီ၊ ဒါကြောင့် ကျွန်မအချစ်ကို နားလည်ပြီး ကျွန်မကို အချစ်ချွေ ပေးပါလို့ ဒူးတုတ်တောင်းခံရမှာလား"

"ငါက အဲသလိုသဘော မေးတာ မဟုတ်ပါဘူး ကေသီရ နင် ကိုဦးကို ချစ်နေတယ်လို့ ငါ ယုံကြည်နေတယ်။ ဒါကြောင့် ငါ့ကို အမှန်အတိုင်းပြောပါလို့ ပြောတာပါ။ ကိုဦးကို သွားပြောခိုင်းတာ မဟုတ်ပါဘူး"

"ဟဲ့…စကားတွေ ပြောနေလိုက်တာ ငါသုပ်တဲ့လက်ဖက် ကောင်းရဲ့လား၊ ပုစွန်ခြောက် ထပ်ထည့်ပေးဦးမယ်လေ၊ နင် လျှာ လည်သွားအောင်ပါ"

"မိကေသီ နင်ငါ့ကို စကားလွှဲမပစ်နဲ့၊ ကိုဦးကို နင်ချစ်နေ တယ်မို့လား"

"ဟာကွာ"

"သူငယ်ချင်းချင်း မရှက်စမ်းပါနဲ့ကွာ၊ ချစ်ချစ်တယ်ပေါ့ နင့်ကို ဘယ်သူက လာတရားစွဲမှာမို့လို့လဲ"

"တော်ပါတော့ မေဘယ်လ်ရာ၊ ငါက ချစ်နေတယ်လို့ ပြော





လိုက်ရင် နင် ကိုဦးကို သွားပြောမှာ"

"ကြည့်…ကြည့်၊ ခွေးမ ပေါ်ပြီ…ပေါ်ပြီ"

"အယ်"

သည်သို့နှင့်…

အချစ်ဆိုသည်ကို ကေသီလည်း ခံစားတတ်မှု ပြုလာပါသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

"စာထဲမှာ ဘာတွေ ရေးထားလဲ ကေသီ"

စာရေးစားပွဲမှာ တင်ထားသည့် အပြာနုရောင် စာအိတ်လေးကို ကြည့်ပြီး မေဘာယ်လ်က မေးသည်။ ကျောင်းပိတ်ရက်များတွင် ကေသီနှင့် မေဘာယ်လ် အိမ်မှာဆုံနေကြပါပဲ။ တစ်ရေး စားသောက်ပြီး ညနေ နေအေးမှ မေဘာယ်လ်က ပြန်တတ်သည်။

"ငါ့ကို ချစ်တယ်ဆိုတဲ့ အကြောင်းတွေ ရေးထားတာပေါ့ကွာ၊ စာမေးပွဲဖြေမယ့် ရက်အတွင်းမှာ ကေသီ့ကို စိတ်အနှောက်အယှက် ဖြစ်အောင် လုပ်တာတော့ မဟုတ်ပါဘူးတဲ့၊ ရင်ထဲက ခံစားနေရတာတွေကို သူ မျိုသိပ်မထားနိုင်လွန်းလို့ တင်ပြရတာပါတဲ့၊ သူ့အချစ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ရေထားတာ စုံလို့ပါပဲဟာ၊ စာကတော့ ညွှန့်နေတာပဲ၊ ခုခေတ် အချစ်ဝတ္ထုမှာ နာမည်ကြီးနေတဲ့ စာရေးဆရာတွေတောင် ကိုဦးအရေးအသားကို မီမှာ မဟုတ်ဘူး"

"ကိုယ့်ငါးချဉ်ကို ချဉ်တယ်လို့ မပြောနဲ့လေ"

"မယုံရင် နင် ဖတ်ကြည့်ပါလား"

"အမယ်လေး၊ မဖတ်ရဲပါဘူးဟယ်၊ ငါက ကြက်သီးထ တတ်ပါဘိနဲ့"

"ဟယ်...ခွေးမ၊ ကိုဦးက သူ့ရင်ထဲက အကြောင်းတွေပဲ ရေးထားတာ၊ ကြက်သီးထစရာ ဘာမှမပါဘူး၊ ဒါပေမယ့် ငါ့အတွက်တော့ ရင်ခုန်စရာပဲ မေဘယ်လ်"

သည်တစ်ခါတော့ စကားကို အမှန်ကန်ဆုံး ပြောဖြစ်သည်။ နေ့လည်စာ စားပြီးသောအခါ မေဘယ်လ်က တခုတ်တရနှင့်-

"ကြေသီက ကိုဦးကို ချစ်တယ်လို့ အဖြေပေးမယ်ပေါ့"

"အေးပေါ့၊ ငါလဲ ကိုဦးကို ချစ်နေတာပဲဟာ၊ စာမေးပွဲကိုတောင် သည်နေ့စစ်၊ နက်ဖြန် ပြီးချင်နေတာဟ"

မေဘယ်လ်ကတော့ ကေသီပြောသမျှ ခေါင်းတညိတ်ညိတ်။ သည်နေ့ မေဘယ်လ်နှင့် တွေ့ရာလေးပါး စကားပြောရင်း စာကျက်





တာ အပျော်ဆုံးပါပဲ။

"ကိုဦးနဲ့ သည်ကြားထဲ တွေ့သေးလား"

"မတွေ့ဘူး၊ ဒီစာကို ညီလတ် လာပေးတာလို့ နင့်ကို ပြောထားတာပဲဟာ"

"သူတို့ ညီအစ်ကိုနှစ်ယောက်က ပုံစံမတူဘူးနော် ကေသီ"

ကေသီက ကော်ဖီမစ်နှစ်ခွက်စာ ဖျော်နေရာမှ ပြုံးသည်။

"အငယ်ကောင်က ပြောင်၊ ကျောင်းမှာ သူ မပြောင်ဘူး၊ လျောင်ဘူးတဲ့ကျောင်းသူ တစ်ယောက်မှ မရှိသလောက်ပဲ"

"ဟုတ်တယ် မေဘယ်လ်၊ ငါလဲ သူ့အစ်ကိုမျက်နှာနဲ့ တော်တော်သည်းခံရတာ"

"ဒါပေါ့လေ၊ တစ်နေ့ ခွေးမျိုးမတော်ချင်လဲ တော်ရမယ့်ဟာ"

"လာပြန်ပြီ ဒီစကား၊ အဲဒီစကားကို ညီလတ်လဲ ပြောင်စပ်စပ်နဲ့ ငါ့ကို ပြောသွားတယ် သိလား"

"အမှန်စကားပဲလေ"

ပျော်နေသည်ကြောင့် ဘာတုန့်ပြန်စကားကိုမှ ကေသီမပြော တော့။ သို့သော်လည်း ကေသီ၏ အပျော်သည် မေဘယ်လ် ပါဝင် သည့် ညနေစာ ထမင်းဝိုင်းမှာ လုံးဝ ပျောက်ဆုံးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်မှာ မေမေ မပါ။

ကေသီက စောစောက မေမေရောက်လာသည့်အသံကို ကြားထားသဖြင့်–

"မေမေ အပြင်ပြန်ထွက်သွားတာလား မေမေ"

"အစည်းအဝေးကနေ လှည့်ဝင်လာတာ၊ အထက်က ရာထူးတိုးမြှင့်ပြီး နယ်ထပ်ပြောင်းရမယ်လို့လဲ သမီးမေမေက ပြောသွားတယ်"

"ဟင်…ဘယ်တော့လဲ မေမေ၊ ဘယ်ကို ပြောင်းရမှာလဲ"

ရင်မှာ လှုပ်ခတ်နေမှုကို မေဘယ်လ် သိလိမ့်မည်။ မေဘယ်လ်က ကေသီကို ထိတ်ထိတ်ပျာပျာလေး ကြည့်သည်။

"သမီးမေမေ ပြောသွားတာ ရေရေလည်လည် မဟုတ်သေးပါဘူးကွယ်၊ အင်း…အစိုးရ အရာထမ်းဘဝက ဒီလိုပဲ မေဘယ်လ်ရဲ့မင်းအန်ကယ်ရဲ့ အလုပ်ကလဲ နယ်မှာ အခြေစိုက်တွေရှိတော့ နယ်ကို လှည့်ပတ်ပြောင်းရွှေ့နေရတာ၊ မိတ္ထီလာကနေ ပြောင်းတုန်းကလဲ မြန်းစားကြီးပဲ၊ ပြောင်းရပြီဆိုရင် မင်းတို့အန်ကယ်က သမီးနဲ့မိန်းမကို တစ်ခါထဲ ခေါ်တာ"

ထမင်းဝိုင်းမှာ စကားသံ တိတ်နေ၏။ မေဘယ်လ်က ထမင်းစားရင်း ကေသီမျက်နှာကို လှမ်းလှမ်းကြည့်သည်။





ရင်မှာ ဆို့တက်နေသည်ကို မေဘယ်လ် သိနိုင်ပါ့မလား။

ညဘက် စာကျက်ရင်း ကိုဦး မျက်နှာကို မြင်သည်။

အို…စာမေးပွဲကြီးက နီးနေပြီ။

ကိုဦးကို မေ့ထားဦးမှပါပဲ။

☆ ☆ ☆

www.burmeseclassic.com

(၁၆)

ရက်ပိုင်းသာ လိုတော့သည့် စာမေးပွဲအတွက် ပြန်လှန်လေ့ကျင့်
နီးများ စုပေါင်းလုပ်သည်။ လောလောဆယ် အခြေအနေမှာတော့
ာသီ ဘာကိုမှ စဉ်းစားနိုင်စွမ်း မရှိ။ စာမေးပွဲဆိုသည့် အသိက
င်ကို ဖိစီးထားသည်။ ရံဖန်ရံခါတွင် ကိုဦးကို သတိတရ ရှိသော်လည်း
ိုဦးနှင့် တွေ့ချိန်က နည်းပါးလာသည်။ ကိုဦး အိမ်မှာ စာတွေ
ကျက်နေသည်ဆိုသည့်သတင်းကိုတော့ ကေသီ ရထားပါ၏။

သည်နေ့ ကျောင်းမှအိမ်သို့ ခပ်စောစောအပြန် မြေနီလမ်းချိုး
သးသို့ အရောက်တွင်–



www.burmeseclassic.com

www.burmeseclassic.com



"ကောသီ...ဟော့...ကောသီ"

နောက်ပါးမှ ပြေးလွှားလာသံနှင့် ခေါ်သံကြောင့် ကောသီနောက်သို့ လှည့်လိုက်သည်။

"နေပါဦးဟာ၊ အော်ခေါ်လိုက်ရတာ တစ်ချက်လေးတောင် လှည့်မကြည့်ဘူး"

အနားသို့ ရောက်လာသည်။

လှည့်မကြည့်ဘဲနှင့် ညီလတ်မှန်း ကောသီ သိ၏။

"နင်ကလဲဟာ ငါ့ကို မြင်ရင် မျက်နှာကြီး မှုန်ကုပ်သွားတာပဲ နင်နဲ့ငါဟာ ရန်သူ မဟုတ်ပါဘူးဟာ"

"ရန်သူပဲ"

ကောသီက ခပ်ဆတ်ဆတ်ပြောရင်း လျှောက်မြဲတိုင်း လျှောက်သည်။ ညီလတ်က နံဘေးမှာ ကပ်ပါလာ၏။

"နင် သေသေချာချာ စဉ်းစားကြည့်စမ်းပါ ကောသီ"

"ဘာကို စဉ်းစားရမှာလဲ"

"ဟဲဟဲ...နင်ငါပြောတာကို သိပ်စိတ်ဝင်စားသွားပြီမို့လား"

မျက်နှာလေးက မချိုမချဉ် ဖြစ်နေသော်လည်း ပမာမခန့် အမူအယာတွေ ညီလတ်မျက်နှာမှာ မရှိ။





"လာလုပ်မနေနဲ့၊ နင်ပြောနေတာတွေကို ငါ ဘာမှ စိတ်မဝင်စားတော့ဘူး၊ နင်နဲ့ ငါနဲ့လဲ ဘာမှ မပတ်သက်ဘူး"

"ခု မပတ်သက်ပေမယ့် နောက်တော့ ပတ်သက်လာမှာပေါ့ ကောသီရာ"

"ဘာ"

"နင် ငါ့ကို စွတ်အော်မနေနဲ့ ကောသီ၊ ငါ နင့်နောက်ကို လိုက်လာတာ ဂုံမှုအတွက် လိုက်လာတာ"

"ဟာင်"

ကောသီမျက်လုံး ဝိုင်းစက် ဖြစ်သွား၏။

"နင်နဲ့ ငါနဲ့က ရန်သူတွေ မဟုတ်ပါဘူးဟာ"

"စကားကို ပေကြိုးလုပ်မနေနဲ့ ညီလတ် နင် ဘာပြောချင်လဲ"

"ပြောချင်တာ မဟုတ်ဘူး၊ စာပေးချင်တာ"

"ဘာ"

"လာပြန်ပြီ ဒီဘာကြီး၊ နင် တဘာဘာနဲ့ အော်လိုက်တိုင်း ငါ့ရင်ကို စုန်သွားတာပဲဟာ၊ စာပေးချင်တယ်ဆိုတာက ငါက နင့်ကို ကြိုက်ပြီး ပေးတဲ့စာ မဟုတ်ပါဘူး"

"အံမာ ငါကလဲ နင့်ကို မကြိုက်ပါဘူး"

www.burmeseclassic.com



"သဘောပေါက်ပါတယ်၊ နှင်ငါ့ကို ဘယ်လိုမှ မကြိုက်နိုင်ဘူး ဆိုတာ သဘောပေါက်ပြီးသားပါ။ ခုပေးတဲ့စာက ကိုကိုက နှင့်ကို ပေးနိုင်းလိုက်တဲ့စာ ကေသီ"

"ဘာစာလဲဟ"

ကေသီ၏အမေးကို ညီလတ်က ဖြေသည်။ ကေသီက စိတ်လှုပ်ရှားစွာနှင့် ခေါင်းကို အသာညိတ်လိုက်၏။

"ငါ့အထင် ပြောရမလား ကေသီ"

"ဘာအထင်လဲ"

"ကိုကိုက စာကို စာအိတ်ထဲမှာ ထည့်ပြီး အလုံပိတ်ပေးလိုက်တာ။ စာထဲမှာ ဘာတွေ ရေးထားတယ်ဆိုတာကို ငါ မသိဘူး။ ဒါကြောင့် ငါ့အထင်ကို ပြောရလားလို့ နှင့်ကို မေးတာ"

"သားအား မပြောနဲ့၊ ပေး ပေး စာကို ပေး၊ နှင်လဲ ငါ့နောက်လိုက်မလာနဲ့တော့၊ ပတ်ဝန်းကျင်က မြင်ရင် နှင်နဲ့ ငါနဲ့ ဘာလိုလိုကြီး ပြောနေကြဦးမယ်"

"ငါကလဲ အပြောမခံနိုင်ပါဘူး"

"ကြီးကျယ်လိုက်တာ"

"ကြီးကျယ်တာ မဟုတ်ပါဘူးဟာ၊ ကိုယ့်အစ်ကိုရဲ့ ပစ္စည်းနဲ့



ဘယ်အထင်ခံနိုင်မလဲ၊ ငရဲကြီးမှာပေါ့"

"ဟင်…နှင်…နှင်"

ညီလတ်ကေသီ့ထံမှ စကားကို မစောင့်တော့။ စာကို ထုတ်ပေးပြီး ထံပါးမှ လှစ်ခနဲ ပြေးထွက်သွားသည်။ စာအိတ်လေးကို ကိုင်ရင်း ကေသီ ညီလတ်ကို လှည့်ကြည့်မိသေး၏။

ညီလတ်က မိမိကို အဝေးကနေ လျှာထုတ်ပြသွားသေးသည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

မှတ်မှတ်ရရ စာမေးပွဲ နောက်ဆုံးနေ့။

စာမေးပွဲ ဖြေဆိုပြီးသည်နှင့် အိမ်ပြန်မည်လုပ်တော့ ညီလတ်က သူ့လက်ကို ဖမ်းဆွဲထားသည်။

"မင်း အိမ်ပြန်လို့ မဖြစ်ဘူး ကိုကို"

"ဟာ…ညီကလဲ"

"မဟာနဲ့ ဒီနေ့ မင်းအတွက် ရင်ခုန်ဖွယ်လေး တစ်ခုရှိတယ်"

သူ ညီလတ်ကို မျက်ခုံး နှစ်ဘက်တွန့်ပြီး ကြည့်သည်။ ဒီကောင့်မှာ ဘာအစီအစဉ်တွေ ရှိသည်မသိ။ အိမ်မပြန်ဘဲ ဘီယာသွား

www.burmeseclassic.com

www.burmeseclassic.com



သောက်ကြမယ် ကိုကို ဆိုလျှင်တော့ အပြင်းအထန် တားရမည်။

"စာမေးပွဲ မဖြေခင် တစ်ရက်က ငါ ကေသီနဲ့ တွေ့တယ် စာမေးပွဲနောက်ဆုံးနေ့မှာ မင်းကို ရွှေတိဂုံဘုရား မြောက်ဘက်ထောင့်က ခေါင်းလောင်းကြီးမှာ စောင့်ပါတဲ့"

"မင်း ကိုကို့ကို ပြောမထားပါလား"

"စာမေးပွဲ ဖြေနေတုန်း၊ မင်းရင်တွေ အရမ်းခုန်ပြီး မဖြေနိုင် ဖြစ်မှာစိုးလို့ မပြောတာကွ၊ ခုငါပြောတာနဲ့တောင် မင်းရင်ခုန်နေပြီ မို့လား"

သည့်စကားကတော့ အမှန်။

ကေသီနှင့် ပတ်သက်လည်း သူ ရင်ခုန်တတ်တာကတော့ ကြာပြီ။

"နေပါဦး ညီ၊ ကေသီက ညီ့ကို စကားပြောလို့လား"

"အဟား... မင်း မေးသင့်မေးထိုက်တဲ့ မေးခွန်းပဲ ကိုကို့ အစက ငါ့ကို မုန်းပြီး ကြည့်မရပေမယ့် မင်းနဲ့ပတ်သက်ပြီးတော့ သူ ငါ့ကို ကြည့်ရသွားပြီလေကွာ၊ အော်..ညီလတ်ဆိုတဲ့ ကောင်လေး ဟာ တစ်နေ့ကျရင် ငါ့မတ်ကလေး ဖြစ်လာမှာပါလားလို့ သူ တွေး မိမှာပေါ့"



အနေအထားက ခေါင်းထဲမှာ ရှုပ်သလို ဖြစ်နေ၏။ ညီလတ် အမူအယာကတော့ အေးအေးဆေးဆေး။

"ကေသီက ကိုကို့ကို ချိန်းရအောင် ကိုကိုနဲ့ ကေသီ ဘာမှ မဖြစ်သေးဘူးညီ"

"ကျွတ်...မင်း သိပ်အ,တယ်ကိုကို၊ ဘာလဲ ဟိုက ချိန်းတော့ မင်း မသွားဘူးလား ရတယ်၊ နောက်မှ ငါက မပြောလို့ ဘာလို့ဆိုတဲ့ အချိုးကို မင်း လာမချိုးနဲ့"

"စိတ်မကြီးပါနဲ့ညီရာ၊ တစ်ခုတော့ရှိတယ်။ ကိုကိုနဲ့ အတူ မင်းလိုက်ဖို့တော့လိုတယ်"

"စကြောက်"

သူတို့ အိမ်ကကားကို မစောင့်တော့။ တက္ကစီတစ်စီးကို လက်ပြတားပြီး ဘုရားသို့ လာခဲ့သည်။

လှေခါးထစ်များကို နင်းဖိတက်တော့ ညီလတ်က...

"သူက ကိုယ့်ကို တွေ့ချင်လို့ ချိန်းတယ်ဆိုတာ တော်တန်ရုံ မတွေ့ဘူး မဟုတ်ဘူး။ ကေသီနဲ့ တွေ့ရင် ဖော်လိုသာ လိုက်ပစ်၊ အရေမရ အဖတ်မရတဲ့စကားတွေ လျှောက်မပြောနဲ့ သိလား"

"ရင်တော့ အရမ်းခုန်တယ် ညီ၊ တွေ့ရင် ဘာစကား

www.burmeseclassic.com

www.burmeseclassic.com



စပြောရမှန်းတောင် မသိဘူး"

ကုန်းတော်ပေါ်ရောက်တော့ ပင့်သက်ကို ဟူးခနဲ မှုတ်ထုတ်သည်။ လေပြေက ခပ်နွေးနွေးလေး တိုက်ခတ်၏။ စာမေးပွဲပြီးသဖြင့် ဘုရားပေါ်မှာ ကျောင်းသူကျောင်းသား တော်တော်များများကို တွေ့ရသည်။

"ကိုယ်က စကားတွေ ထွေထွေထူးထူး လျှောက်ပြောမနေရဲ့ တွေ့တာနဲ့ ကေသီ နေကောင်းတယ်နော်။ စာမေးပွဲ ဖြေနိုင်တယ်မို့လား စာမေးပွဲရက်တွေမှာ ကိုယ်ကေသီ့ကို အရမ်းသတိရတာပဲ။ ဘာညာ ပေါ့ကွာ၊ ဒီလောက်တော့ ကိုကို ပြောတတ်ဆိုတတ်ရမှာပေါ့"

"အင်း...ကြိုးစားရမှာပဲ"

"အတူတူ အကြောင်းကြောင်းစကားတွေတော့ လျှောက်မပြော နဲ့နော်"

"ဘာလဲ အတူတူ အကြောင်းကြောင်း စကားဆိုတာ"

ညီလတ် သူ့အစ်ကိုကို အားမလို အားမရနိုင်စွာ ကြည့်လိုက် သည်။

"ဥပမာကွာ ထမင်းစားပြီးပြီလားတို့၊ ဘုရားကြီးက ရွှေရောင် ဝင်းနေတာပဲနော်လို့၊ ဟိုမှာ ငှက်ကလေးတွေ ပျံနေတယ်လို့ အဲဒီ



စကားမျိုးကို ပြောတာကွ၊ အဲဒီစကားတွေလဲ အချစ်နဲ့ ဘာမှ သက်ဆိုင်ဘူး"

"အင်း...ကြိုးစားကြည့်ရမှာပဲ"

"မင်းဟာလဲ တကြိုးထဲ ကြိုးစားနေ၊ ကိုးရိုးကားရား ဖြစ်ရင် တော့ ငါ နောက်ကနေ ခဲနဲ့ လှမ်းထုမှာပဲ"

"ဟင်...ညီက အေးနားက မလိုက်ဘူးလား"

"ဖွတ်ကျား...လိုက်လို့ဖြစ်မလားကွ၊ အေးကကပ်လိုက်ရင် သူ ရှက်နေမှာပေါ့"

နှုတ်ကို ဆိတ်ထားလိုက်သည်။

ဘုရားကို လက်ျာဘက်မှ ပတ်ပြီး ခေါင်းလောင်းကြီးဆီသို့ ရောက်တွင်–

"ဟိုမှာ ကေသီနဲ့ မေဘယ်လ် ရောက်နေတယ်"

ညီလတ်၏ အားတက်သရော စကား။

သူ ခြေလှမ်းကို မမှားအောင် မနည်းထိန်းလိုက်ရသည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



ကေသီ ရှက်နေသည်ကို သိသည်။

အနားသို့အရောက်တွင် ကေသီက ခေါင်းလေးငုံ့သည်။

"စကားပြောကြနော်။ မေဘယ်လ်ရှေ့က ဆုတောင်းပြည့်မှာ ထိုင်နေမယ်"

"ညီ…ညီလဲ ပါတယ်၊ မေဘယ်လ်"

"အို…ကိုဦးညီ ပါလာတာ မေဘယ်လ်က ဘာလုပ်ရမှာလဲ"

"သူ ပျင်းနေမလားလို့ပါ"

"ညီလတ်လား ပျင်းမှာ၊ တန်ဆောင်းမှာထိုင်ပြီး ရှေ့က ဖြတ်သွားသမျှ မိန်းကလေးတွေကို မျက်စိစားပွဲထိုင်နေမှာ"

မေဘယ်လ် လှစ်ခနဲ ထွက်သွားသည်။

သူ ခပ်ယောင်ယောင် ဖြစ်နေဆဲမှာ ကေသီက–

"ထိုင်လေ"

အုကြောင်ကြောင်နှင့် ကေသီ့နံဘေး ဝင်ထိုင်သည်။ ထိုင်လေ ဆိုသည့် စကားပြောပြီးသည်နှင့် ကေသီကလည်း ဘာစကားမှ မပြော။ အကြည့်က စိန်ဖူးတော်ကြီးဆီ ရောက်နေသည်။

ချစ်မိသူနှင့် နဖူးတွေ့ဒူးတွေ့ ကြုံဆုံရသောအခါ သူ့စိတ်တွေ ကယောင်ချောက်ချား အားကိုးတကြီးနှင့် ဘေးတန်ဆောင်းမှာ





ထိုင်နေသော ညီဖြစ်သူကို လှမ်းကြည့်သောအခါ ညီလတ်က အက်လုပ်ဆိုသည့် သဘောမျိုး သက်ရောက်သည့် လက်ဟန်ခြေဟန်ကို ပြသည်။

"ကေသီ"

"ဟင်"

"ကိုယ့်ကို ချိန်းတာ ဘာလုပ်မလို့လဲဟင်"

"ဘာ…ဘာပြောတယ်"

ကေသီ့ကိုယ်ခန္ဓာ တောင့်ခနဲ ဖြစ်သွားသည်။ စူးရဲသော အကြည့်များက ကျော်လွင်ဦး၏ မျက်နှာပေါ်သို့ ကျရောက်၏။

"ဟို…ဟိုလေ ညီကပြောတယ်၊ စာမေးပွဲ နောက်ဆုံးနေ့ကျ ရင်တဲ့ ကေသီက ဒီခေါင်းလောင်းကြီးနားမှာ စောင့်နေမယ်လို့ မှာလိုက်တယ်ဆို"

"ဩော်…ဖြစ်ရတယ်၊ ဒီမှာ"

စကားကို တုံ့ခနဲ ရပ်ပြီး ကေသီက အနက်ရောင် ပိုက်ဆံအိတ်ထဲမှ စာကို ထုတ်သည်။

"ဒီစာက ဘယ်သူ့စာလဲ၊ ကိုဦးပေးတဲ့စာ မဟုတ်ဘူးလား"

"မ…မဟုတ်ပါဘူးကေသီ၊ ကိုယ် ကေသီ့ကို စာမပေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"ဟို...ဟို...ဟိုဟာလေ"

"တော်...တော်ပါတော့၊ မကြားချင်ဘူး၊ ဘာမှ မကြားချင်ဘူး"

မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ကေသီအနားမှ ပြေးထွက်သည်။ မင်သက်စွာ ငေးကြောင်ကြည့်နေဆဲဝယ် ကေသီ၏ ရှိုက်သံက နားဆီသို့လာ ရောက်ရိုက်ခတ်သည်။

"ကိုဦး ဘာဖြစ်တာလဲ၊ ကေသီ ဘာဖြစ်သွားတာလဲ"

အနားသို့ အပြေးရောက်လာသည့် မေဘယ်လ်က လက်မောင်းကို ကိုင်လှုပ်ပြီး မေးသည်။

"ကေသီ ဘာဖြစ်သွားမှန်းကို ကိုယ်လဲ မသိဘူး မေဘယ်လ်၊ ကိုယ့်ကိုတော့ အရမ်းစိတ်ဆိုးသွားပုံရတယ်"

"ဒုက္ခပါပဲ၊ ဘာတွေဖြစ်ကုန်တာလဲ မသိပါဘူး၊ သွားမယ် နော်ကိုဦး၊ မေဘယ်လ် ကေသီ့နောက်ကို အမြန်လိုက်မှဖြစ်မယ်"

မေဘယ်လ် သုတ်ပျာပျာနှင့် ကေသီ့နောက်သို့ အပြေးကလေး လိုက်၏။

ကျော်လွင်ဦး ပင့်သက်ကို မှုတ်ထုတ်သည်။

စိတ်တစ်ခုလုံး ရှုပ်ထွေးစွာဖြင့် မွန်းကြပ်လာ၏။ နားမလည်နိုင်





မှုများနှင့်အတူ ရင်မှာ ဆောက်တည်ထားသည့် စိတ်ကူးလှလှလေးများ အရိုဖရဲဖြစ်ကုန်သည်။

"ကိုကို"

ခေါ်သံနှင့်အတူ ညီလတ်အနားသို့ ရောက်လာ၏။

"ဘယ်လိုဖြစ်သွားတာလဲ"

"မသိပါဘူး ညီရာ၊ ကေသီ ကိုယ့်ကို ချိန်းထားတာ ဘာလုပ်မလို့လဲဟင်လို့ မေးမိတာနဲ့ ရှုးရှုးရှားရှား ဖြစ်တော့တာပဲ"

"ဟာ... သေလိုက်ပါတော့ ကိုကိုရာ၊ မင်းကတော့ ထုပ်ပါ့ အပါ့ကွာ၊ သွားပြီ မင်းကိုတော့ ရေရေလည်လည် ခါသွားပြီ"

ကျော်လွင်ဦး နားမလည်နိုင်စွာဖြင့် ညီလတ်ကို ငေးကြောင်ကြည့်နေမိပါ၏။

☆ ☆ ☆

"အတန်တန်မှာလိုက်တယ်၊ စကားအပိုတွေ မပြောပါနဲ့၊ သူပြောတဲ့ စကားပေါ်မှာ မူတည်ပြီး ဖော်လို လိုက်ပါလို့"

"ဒါကတော့ ညီရာ ကိုကိုပြောတဲ့စကားက ဘာလွန်လို့လဲ ပြီးတော့ ကိုကို့ကို စာတစ်စောင် ထုတ်ပြတယ်။ ကိုဦးရေးတဲ့စာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလားတဲ့၊ မဟုတ်လို့ မဟုတ်ဘူးလို့ ကိုကိုက ပြောတာပေါ့"

"သေကိုကို၊ မင်း မြောက်ဖက်မှစ် ခုတ်လှေခါးပေါ်ကနေ ဒိုင်ဗင်ထိုးချပြီး သေလိုက်ဖို့ကောင်းတယ်၊ အဲဒီစာကို မင်းကိုယ်စား ငါက ရေးပေးလိုက်တာ"

"ဟော..."

"ဟောတွေ ဘာတွေလုပ်ပြီး မျက်လုံးကြီး ပြူးကြည့်မနေနဲ့၊ မင်းချစ်ပုံချစ်နည်းကြီးက အေးတိအေးစက်နိုင်လွန်းလို့ ငါက အတည်ပေါက်နဲ့ စာထဲမှာ ချိန်းလိုက်တာ၊ ကဲ... ခု ကေသီလာတယ်၊ အဲဒါ မင်းကို ချစ်လို့ပေါ့"

"နေပါဦး၊ ဒါဆို ကေသီက ကိုကို့ကို ချိန်းထားတာ မဟုတ်ဘူးပေါ့"

ကျော်လွင်ဦးကို ကြည့်ပြီး ညီလတ်မျက်နှာတွင် စိတ်ပျက်လက်ပျက်ဟာန်များ ဖြစ်ပေါ်နေ၏။

"ငါက မင်းကို သက်သက်ပြောလိုက်တာ၊ ဒီအတိုင်းခေါ်ရင် မင်းရှက်တိရှက်ကြောက်နဲ့ မလိုက်မှာစိုးလို့၊ အရမ်းညံ့တယ်ကွာ၊ တကယ်ဆို ကေသီနဲ့တွေ့ပြီး အလိုက်သင့် နေလိုက်ပေါ့။ ခုတော့ ကေသီက ကိုယ့်ကို ချိန်းတယ်လို့ဆိုတဲ့ စကားကြီးကို အကြောင်း





ကြောင် သွားပြောရတယ်လို့ကွာ"

"အေးကွာ ကိုကိုကလဲ ညံ့ပါတယ်၊ တစ်ခါမှ ဒီလို မိန်းကလေး တစ်ယောက်နဲ့ မဆုံဘူး၊ မကြုံဘူးတော့ ရင်ထဲမှာ မွန်ထူနေတာ အမှန်ပဲညီ၊ ဒါပေမယ့်ကွ အဲဒါတွေကို ညီကိုကို့ကို ကြိုတင်ပြောထား ရင်တော့ ကောင်းတယ်"

"အင်း...အဲဒါတော့ ငါ့အမှားပဲ ကိုကို၊ ငါတွက်ထားတာက မင်းကို ကြိုပြောထားရင် မင်းရှက်ပြီး မလိုက်မှာစိုးလို့ ကြိုပြောမထား တာ၊ ခုတော့ အားလုံး ကဘောက်တိကဘောက်ချာ ဖြစ်ကုန်ပြီ"

"ကေသီတော့ ကိုကို့ကို စိတ်နာသွားမှာပဲ"

ခေါင်းလောင်းကြီးကို မှီပြီး အကြည့်တွေ အဝေးရောက်နေ၏။ ကေသီနှင့် မေဘယ်လ်ကိုတော့ အရိပ်အရောင်မျှပင် မမြင်ရတော့။ ညီလတ်က အိတ်ထဲမှ စီးကရက်ဘူး ထုတ်ပြီး သူ့ကို တစ်လိပ်လှမ်း ပေးသည်။

"ကိုကို မသောက်တတ်ဘူး၊ မင်းကတော့ ဖေဖေမကြိုက်တဲ့ အလုပ်မှန်သမျှ အကုန်လုပ်တော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပေးနေသည့် စီးကရက်ကို ကျော်လွှင်ဦး လှမ်းမယူ။ ညီလတ်က စိတ်တိုစွာ အော်၏။

"ယူလေကွာ"

"ကိုကိုမှ မသောက်တတ်ပဲ ညီရာ"

"မသောက်တတ်လဲ မှာကြည့်၊ လှုပ်ရှားနေတဲ့ မင်းစိတ်တွေ ငြိမ်သက်သွားမယ်"

ညီဖြစ်သူအလိုကျ စီးကရက်တစ်လိပ် မီးညှိသောက်သည်။ ချောင်းတွေ တဟွတ်ဟွတ်ဆိုးတော့—

"စီးကရက်တောင် ဖြောင့်အောင် မသောက်တတ်တာ အချစ်ကို မင်း ဘယ်လို နားလည်တတ်သိတော့မှာလဲ ကိုကို၊ မင်းသိပ်ညံ့တယ်။ ငါ့အစ်ကို လုပ်ဖို့တောင် မကောင်းတော့ဘူး"

"အေးကွာ၊ ကိုကိုကတော့ ပြောစရာဖြစ်နေပြီ၊ ညီလို ရည်းစား တွေ မထားဘူးတော့ ကိုကိုက ဘယ်သိမလဲကွာ။ ကေသီကို တွေ့တော့ ဘာစကား စရမှန်း မသိဘဲနဲ့ လွယ်ရာ ပြောလိုက်တာ"





"ဆယ်ခါလောက် ပြန်သေလိုက်ပါကွာ၊ တကယ်လို့ ကေသီက ချိန်းလည်း ကေသီ ကိုယ့်ကို ချိန်းတယ်ဆိုတဲ့ စကားကို မင်း မပြောရဘူး၊ ဟိုက မိန်းကလေး ရှက်သွားမှာပေါ့၊ အေးလေ အပြစ်ကတော့ မင်းကို အထင်ကြီးမိတဲ့ ငါ့အပြစ်ပဲ"

"ဒီတစ်ခါ ကိုကို တကယ် ထပ်ချိန်းမယ်ကွာ၊ ခုလိုမျိုး မဖြစ်စေရဘူး"

ညီလတ်က လက်ကြားထဲမှ အစီခံထိနေသည့် စီးကရက်တိုကို လက်ညှိုးနှင့် လွှင့်တောက်ပစ်လိုက်သည်။

"ကေသီ လာမယ်အားကြီးကြီး၊ မိန်းကလေးတစ်ယောက်ကို သံပတ်ကော်ရုပ်လို လျှော့လိုက်တင်းလိုက် လုပ်လို့များရတယ် ထင်နေသလား၊ ပြီးတော့ ကေသီက ရာစုလွန် ဆပ်စလူး မဟုတ်ဘူးကွ၊ မာနက အချိန်တစ်ရာလောက်ရှိတာ"

"မာနတစ်ခွဲသားပဲ ကြားဖူးပါတယ်ညီရာ"

"များတာခြင်း ကြီးတာခြင်း တူတူပဲဟာကွာ၊ ဒီလိုနေရာမျိုး ကျတော့ မင်းခေါင်းက အတွေးသိပ်ထွက်တယ် သိလား၊ အလကား အချစ်ဖွတ်ကျား"

အပြစ်တွေကတော့ တကယ်ကို မိမိအပြစ်။ ကေသီနှင့်



www.burmeseclassic.com

www.burmeseclassic.com



သွားမတွေ့ခင်ကတည်းက ညီက စကားလမ်းတွေ ကြောင်းနေသည်ကို သူ သဘောပေါက်ဖို့ကောင်းသည်။

"မင်းကို ကောသိ ပါးချမသွားတာ ကံကောင်းတာပဲ ကိုကို"

"အေးကွာ၊ ချရင်လဲ ခံရမှာပဲ၊ ကိုကို့ကံက တိုးလွန်းပါတယ်"

"ကိုယ့်အရည်ချင်း ကိုယ် သိပြီမဟုတ်လား"

ခေါင်းညိတ်မပြသော်လည်း ဝန်ခံသလို ပြုံးနေရ၏။

"ဒါကြောင့်မို့ မင်းကို ငါ အစကတည်းက ပြောတယ်"

"ဘာပြောခဲ့လို့လဲ ညီရ"

"အတွေ့အကြုံလေးရအောင် ရည်းစားလေး ဘာလေး ထားကြည့်ပါလို့ ပြောခဲ့တာလေ၊ မမှတ်မိတော့ဘူးလား"

"မှတ်မိပြီ၊ ကိုကို မှတ်မိပြီ"

"အဲဒီတုန်းကတည်းက ထားကြည့်လိုက်ရင် ခုလို ကမောက်ကမ ဖြစ်စရာအကြောင်း ဘာမှမရှိဘူး"

ညွှံချက်ကတော့ အရမ်းဖြစ်နေသည်။

ဒါကို ဖုံးကွယ်ချင်သေးသဖြင့်–

"ကိုကိုက မေမေဆူမှာ ကြောက်တယ်လေ"

"ငကြောက်၊ ကိုယ်ရည်းစားထားတာကို မေမေရေ သားတော့ ရည်းစားထားပြီဗျလို့ ဘယ်သားသမီးမှ မိဘရှေ့မှာ အာပြဲကြီးနဲ့ ကုန်းမအော်ဘူး၊ တိုးတိုးတိတ်တိတ် ထားကြတဲ့ဟာ၊ ကဲ…ငါရည်းစားတွေ လျှောက်ထားခဲ့တာ မေမေသိလား"

"မသိဘူး"

"ဟဲ… ဟဲ၊ အဲဒါ အရည်အချင်းတစ်ခုပဲ ကိုကိုရ၊ အဲသလို အရည်အချင်းမျိုး မင်းမှာ မရှိဘူး"

ဟုတ်နေ၏။

"တကယ်ကွာ ကိုကို သေသင့်ပါတယ်"

"သေတော့ မသေပါနဲ့၊ သင်ခန်းစာတော့ ကောင်းကောင်းယူ၊ နောက်ကို အဲသလို အလားတူပုံစံမျိုး မဖြစ်စေနဲ့၊ ကောသီကို တွေ့ရအောင် ငါကြိုးစားမယ်၊ မင်း အူကြောင်ကြောင်နိုင်တာတွေ၊ အတွေ့အကြုံမရှိလို့ ရိုးသားလို့ အမှားမှား အယွင်းယွင်း ဖြစ်တာတွေကို ငါ တောင်းပန်ပေးမယ်"

ညီ့ရဲ့ ကျေးဇူးတွေကတော့ အရမ်းကြီးနေပါပြီ။

☆ ☆ ☆







www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ဖေဖေ့ကို ရွှေဘုံသာလမ်းသို့ လိုက်ပို့ရင်း ညီနှင့် ပတ်သက်ပြီး အိမ်မှာ ဖေဖေ အရမ်းစိတ်ဆိုးနေသည်ကို အခြေတည်ပြီး–

"ဖေဖေ ညီ့ကို အရမ်းစိတ်ဆိုးနေတယ် ထင်တယ်"

ဖေဖေက အကြည့်ကို ရှေ့တူရူသို့ ဝေးစိုက်ထားရင်းမှ–

"ဆိုးတာပေါ့ သားကြီးရ၊ တကယ်ဆို အိမ်မှာ သူအငယ်ဆုံး၊ ဘယ်ကိုသွားသွား တစ်ယောက်ယောက်ကို အသိပေး သွားရမှာပေါ့"

"လူကြီးတွေကို ညီက မလေးမစား လုပ်တဲ့သဘောတော့ မဟုတ်ပါဘူး ဖေဖေရယ်၊ ညီက အငယ်ဆုံးဖြစ်နေတော့ ဘာကိုမှ



www.burmeseclassic.com

www.burmeseclassic.com



သိတတ်၊ မဆင်ခြင်တတ်တာလဲ ပါပါတယ်"

"သားကြီး မသိဘူးနော်၊ ဒီကောင် ခြေအရမ်းရှုပ်ချင်နေတယ်"

မိးပွိုင့်တွင် မီးနီပြသဖြင့် ဘရိတ်ကို အသာယာ ဖိနင်းလိုက်သည်။

"ညီ မရှုပ်ပါဘူး ဖေဖေ"

စကားကို ဖေဖေက ပြုံး၏။

"သားကြီးနဲ့ သူကြီးမေကတော့ အငယ်ကောင်ဘက်က ဆိုလုံး၀ ကာကွယ်တာပဲ။ ဒါကြောင့်လဲ ဟိုကောင် ဆိုးချင်တိုင်းဆိုးနေတာ၊ ဒီမယ်သားကြီး ဖေဖေ ပြောမယ်"

ဖေဖေ့စကား ရှေ့မဆက်မီ မီးပွိုင့်အစိမ်းရောင်မီး ပွင့်လာ၏။ ဂီယာကို အသာတင်ပြီး ကားကို ဦးဝိစာရလမ်းအတိုင်း မောင်းထွက်သည်။

"လွန်ခဲ့တဲ့ သုံးလေးရက်က ဖေဖေ့မိတ်ဆွေတွေနဲ့ ကရဝိက်ကအပြန်မှာ ကန်တော်ကြီးလမ်းဆုံမှာ သားငယ်ကားနဲ့ ဖေဖေနဲ့ ထိပ်တိုက်ဆုံတယ်"

"အဲဒီနေ့က ညနေဘက် ကားလျှောက်မောင်းမယ်လို့ ညီက သားကို ပြောသွားတယ် ဖေဖေ"



"ဟုတ်ပြီ၊ သူတစ်ယောက်ထဲဆို ဖေဖေ ဘာမှ ပြောနေစရာမလိုပါဘူး၊ ခုဟာက သားငယ်နံဘေးမှာ ကောင်မလေးတစ်ယောက်ပါတယ်"

"ဗျာ"

"သားကြီး အရမ်းအံ့ဩသွားပြီမို့လား၊ ဖေဖေကားကိုတွေ့တော့ အဝိုင်းကြီးကိုပတ်ပြီး မောင်းပြေးတာ ဖေဖေ ပထမ လိုက်ဦးမလို့ပဲ၊ ညှိသည်တွေ ပါနေတာနဲ့ စိတ်ကို ပြန်လျှော့လိုက်ရတယ်"

ကားကို ထိန်းမောင်းရင်း အတွေးကို ဖြန့်ထားမိသည်။ ဘယ်သူများပါလိမ့်။

ညီကတော့ တစ်နေ့တာ ကြုံဆုံရသည် ကောင်မလေးများ၏ အမည်ကို မြောက်များစွာ ပြောဖူးသည်။ လိုက်မှတ်၍မင် မနိုင်တော့။

"သားကြီးကို ဖေဖေ မေးမယ်"

"မေးပါ ဖေဖေ"

"သားငယ်မှာ ရည်းစားသနာတွေများ ရှိနေလား"

ဦးဝိစာရ အဝိုင်းကြီးကို ကွေ့ပတ်လိုက်သည်။

"မရှိပါဘူး ဖေဖေ"

"အငယ်ကောင်ဘက်က လိုက်ပြီး သားကြီး ဖေဖေ့ကို ညာဖို့

www.burmeseclassic.com

www.burmeseclassic.com



မကြီးစားနဲ့နော်"

"သား မညာပါဘူး၊ ညီမှာ ရည်းစားမရှိပေမယ့် မိန်းကလေး သူငယ်ချင်းတွေကတော့ များတယ်မေမေ၊ ဟိုနေ့က မေမေတွေ့လိုက်တာလဲ ညီ့မိန်းကလေးသူငယ်ချင်း ဖြစ်မှာပါ။ သား ညီ့ကို လေ့လာရသလောက် မိန်းကလေးတွေနဲ့ ပတ်သက်ပြီး လေးလေးနက်နက် ခံစားမှု ညီမှာ မရှိပါဘူး"

မေမေက နောက်မှီပေါ် ခေါင်းတင်ပြီး မျက်လုံးကို မှေးစင်းသည်။ ပြီး သက်ပြင်းကို ခပ်ပြင်းပြင်းချပြီး–

"သားငယ်မှာ ရည်းစားတွေ ဘာတွေ ရှိလို့တော့ မဖြစ်ဘူး သားကြီး"

"မေမေ စီစဉ်ထားတာ ရှိလို့လား"

"ဟုတ်တယ်၊ ဦးကြည်မောင် ဒေါ်ခင်မေလွင်ကို သားကြီး သိတယ်မို့လား"

အတိတ်၏ အရိပ်များကို သူ ဘယ်တော့မှ မမေ့။

ခေါင်းညိတ်ပြတော့–

"ဘိုမ ကိုလဲ သား သိတယ်မို့လား၊ သူတို့သမီးလေ"

"သိပါတယ် မေမေ"



"အဲဒီဘိုမနဲ့ သားငယ်ကို ကျောင်းပြီးရင်ဖြစ်စေ၊ ကျောင်းမပြီးခင်ဖြစ်စေ လက်ထပ်ပေးဖို့ သူ့မိဘတွေနဲ့ မေမေ ကတိစကားရှိတယ်"

"ဪ" ။

"သားကြီး နားလည်သဘောပေါက်တယ်နော်။ သူတို့ဘက်က သူတို့သမီးကို ထိန်းသိမ်းနိုင်ပြီး မေမေတို့ဘက်က သားငယ်ကို မထိန်းသိမ်းနိုင်ရင် မျက်နှာပျက်စရာ ဖြစ်လာမယ်။ ဒါကြောင့် သားကြီးက ကိုယ့်ညီကို မျက်ခြည်မပြတ်နဲ့ ဖျောင်းဖျထိန်းသိမ်း ဟုတ်လား"

"စိတ်ချပါ မေမေ"

မေမေ့ကို ရွှေဘုံသာလမ်းမှာ ထားခဲ့ပြီး သူ့ကားကို ပြန်မောင်းလာသည်။

ကျောင်းမှတ်တိုင်အလွန်လောက်တွင် သူ့မျက်လုံးများ ဝိုင်းစက်သွားရပါ၏။

* * *

ကားကို ရပ်တန့်ပြီး ဘက်ခ်ဂီယာသွင်းသည်။ နောက်သို့ စပ်ကြမ်းကြမ်း မောင်းဆုတ်ခဲ့ပြီး နံဘေးအရောက်တွင် ကားကို

www.burmeseclassic.com



တုံ့ရပ်လိုက်၏။

"မေဘယ်လ်"

"ဟင်…ကိုဦး"

သူ ကားပေါ်မှ ခပ်သွက်သွက်ကလေး ဆင်းသည်။

"ကိုယ် မေဘယ်လ်ကို သိပ်တွေ့ချင်နေတာ"

"မေဘယ်လ် ထင်ထားပါတယ် ကိုဦး"

"အိမ်ကို လာဖို့ကျတော့ မေဘယ်လ်တို့အိမ်ကို ညီက မသိဘူးတဲ့၊ ဖြစ်ခဲ့တဲ့ကိစ္စတွေမှာ ကိုယ်တော်တော် စိတ်ဆင်းရဲသွားပါတယ် မေဘယ်လ်"

မေဘယ်လ် ပြုံးနေသော်လည်း မေဘယ်လ်၏ အပြုံးသည် အားအင်လျော့ပါးနေသည်ကို သတိပြုမိ၏။

"မေဘယ်လ် အချိန်လေး နည်းနည်းများ ပေးနိုင်လားမသိဘူး"

"ရပါတယ် ကိုဦး"

"ဒါဖြင့် ကားပေါ်တက်ပါနော်၊ အအေးတစ်ခုခုသောက်ရင်း ကိုယ်တို့ စကားပြောကြရအောင်နော်"

မေဘယ်လ် ခေါင်းအညိတ်မှာ သူက ကားနောက်ခန်းတံခါးကို ဖွင့်ပေးသည်။





မေဘယ်လ်နှင့် အအေးချမ်းဆုံး ပြောနိုင်မည့် နေရာဒေသတစ်ခုကို သူ စဉ်းစားလိုက်ပါ၏။

* * *

"ဟင်…ကေသီတို့ ပြောင်းသွားကြပြီ ဟုတ်လား မေဘယ်လ်"

လုံးဝ ထင်မှတ်ထားခြင်း မရှိ။ စိတ်တစ်ခုလုံး တုန်လှုပ်ခြောက်ခြားသွားသည်ကို မေဘယ်လ် သတိပြုမိလိမ့်မည်။ ကိုင်ထားဖြစ်သည့် အအေးဘူးကို စားပွဲပေါ် ပြန်အချတွင် မေဘယ်လ်က သူ့ကို ခပ်ဝေဝေလေး ကြည့်၏။

"ဟုတ်တယ် ကိုဦး၊ ကေသီ သိပ်ရှက်သွားတယ်၊ စာမေးပွဲနောက်ဆုံးနေ့က တွေ့ခြင်းဟာ မေဘယ်လ်လဲ သူ့ကို နောက်ဆုံးတွေ့လိုက်ရတာပဲ"

"ဘယ်ကိုပြောင်းမယ်ဆိုတာတောင် မေဘယ်လ်ကို ပြောမသွားဘူးလားဟင်"

မေဘယ်လ်က ခေါင်းကို ခါယမ်းပြသည်။

"ဘေးက တိုက်ခန်းတွေကို မေဘယ်လ် မစုံစမ်းကြည့်ဘူးလားဟင်၊ ဘယ်ပြောင်းသွားတယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"မစုံစမ်းဘဲ နေပါမလား ကိုဦးရယ်၊ စုံစမ်းကြည့်တာပေါ့၊ စုံစမ်းတော့လဲ ဘယ်သူမှ မသိဘူးတဲ့၊ ကေသီတို့ မိသားစုကလဲ ပတ်ဝန်းကျင်နဲ့ အခေါ်အပြော နည်းတယ်လေ"

ဝေးပြီဆိုသည့် အသိက ရင်ထဲ ရောက်လာ၏။

ဝမ်းနည်းကြေကွဲမှုများက အသည်းနှလုံးကို အုပ်စိုးလာသည်။

"ကိုယ် အဲဒီနေ့က စကားတွေအရမ်းမှားသွားတယ် မေဘယ်လ်ရယ်၊ ညီကလဲ ကိုယ့်အစ်ကို ခံစားနေရတာကို သိတော့ နီးစပ်စေချင်လွန်းလို့ မတိုင်ပင်ဘဲ မလုပ်သင့်တာ လုပ်တယ်၊ တကယ်လဲ ကိုယ် ကေသီ့ကို မေတ္တာရှိနေတာပါ မေဘယ်လ်ရယ်"

"အဲဒါကို မေဘယ်လ် နားလည်သဘောပေါက်ပါတယ် ကိုဦး။ ဒါပေမယ့် ကေသီကတော့ သူ့အချစ်ကို စော်ကားတာ၊ သူ့မာနကို ချိုးတာ၊ သူ့ကို အရှက်ခွဲတာဆိုပြီး တော်တော်ကို နာကျင်သွားတယ်"

"အဲဒီသဘောမျိုးတွေ လုံးဝ မပါဘူး၊ အင်း...ကိုယ် တော်တော်ကို ညံ့တဲ့ကောင်ပါ။ ကိုယ်စကားပြော လိမ္မာခဲ့ရင် သည်လို အခြေနေမျိုး ရောက်မှာမဟုတ်ဘူး"

"ဒါပေမဲ့ ကိုဦးတို့ ဝေးတော့ ဝေးကြရမှာ အမှန်ပဲ၊ ဘာဖြစ်လို့လဲ



ဆိုတော့ သူ့အဖေ နယ်ပြောင်းဖို့ အမိန့်ထွက်ထားပြီးသား"

ပြောင်းပေမဲ့လဲ ချစ်သူအဖြစ်နဲ့ ခွဲခွာခြင်းဟာ လမ်းဆုံး မရှိနိုင်ဘူးပေါ့ မေဘယ်လ်"

"အဲဒါတော့ အမှန်ပဲ"

"ခုတော့ ခြေရာပျောက်ပါပဲ၊ ရောက်တဲ့ အရပ်ဒေသကနေ ကေသီကတော့ ကိုယ်ကို မုန်းတီးရွံရှာနေမှာပါပဲ"

မေဘယ်လ့်ထံက စကားအသံမထွက်တော့။

ပြန်တော့ မေဘယ်လ်ကို လမ်းထိပ်ထိ လိုက်ပို့သည်။

ရေစက်မကုန်ရင် ပြန်ဆုံကြမှာပါ ကိုဦးရာဆိုသည့် စကားကိုတော့ မေဘယ်လ် ပြောသွားပါ၏။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

"ကဲ... ဆိုစမ်းပါဦး၊ သည်နေ့ ညီက ပဲခူးကို ဘာကိစ္စနဲ့ သွားတာလဲ"

"ကိုကို သိပ်သိချင်နေလား"

"သိချင်တာပေါ့ကွ၊ ကိုကိုက ညီ့ရဲ့ အရေးအခင်း ကိစ္စမှန်သမျှကို စိတ်ဝင်စားပေးရမယ်မို့လား"

"အင်း...ပြောရမှာတော့ နည်းနည်းရှက်သားကွ"

သူ မျက်ခုံးနှစ်ဖက်တွန့်ပြီး ညီလတ်ကို ကြည့်လိုက်သည်။ ညီလတ်က ခုတင်ပေါ်တွင် တင်ပလ္လင်ခွေထိုင်ရင်း မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ရယ်ကျဲကျဲလုပ်ထား၏။

"ပြောစမ်းပါ၊ သည်လောက် ဝေးဝေးလံလံ ညီက ဘာသွားလုပ်တာလဲ"

"အချစ်ကိစ္စ ကိုကို"

"ဟော...မင်းအချစ်ကိစ္စကလဲ ပဲခူးကြီးထိတောင် မိုင်ရှည်လှချည်လား"

"သူက ပဲခူးမှာနေတာ ကိုကိုရ"

စိတ်ဝင်စားသွားသည်။

တစ်နေ့က ကားပေါ်မှာ မေမေပြောသည့် ညီကို ကောင်မလေးတစ်ယောက်နှင့် တွေ့သည်ဆိုသည့်စကားနှင့် ဆက်စပ်တွေးမိ၏။

"နေဦး၊ တစ်နေ့က မေမေက ငါ့ကိုပြောတယ်၊ ညီကို ကားပေါ် ကောင်မလေးတစ်ယောက် တင်သွားတာ တွေ့တယ်လို့ ပြောတယ်"

"ဟာ...မေမေ မြင်သွားတယ် ဟုတ်လား"

"မြင်တာပေါ့၊ မေမေမေးတော့ ထုံးစံအတိုင်း ကိုကိုက ကာဘာလုပ်လိုက်ရတာပေါ့"

"အဲဒီ ငတိမကို ပဲခူးက ကိုကို"



"ရန်ကုန်နဲ့ ပဲခူး ဘယ်လိုများ ဆုံကြရတာလဲ ညီရာ"

"ဆုံတာက ရိုးရိုးလေးပါ၊ မာဂရက်ကို ကိုကို သိတယ်မို့လား"

ကျော်လွင်ဦး ခေါင်းကို ဆတ်ခနဲ ညိတ်၏။

"မာဂရက်နဲ့ အဲဒီ ခင်သော်ဇင်က သူငယ်ချင်း"

"ကိုကိုမသိလို့ မေးပါရစေ၊ မာဂရက်က ညီနဲ့ဖြစ်နေတာ မို့လား"

"အဲဒါကတော့ ဟုတ်တယ်လေ၊ ခုညီက မာဂရက်ကို မကြိုက်တော့ဘူး၊ ခင်သော်ဇင်ကို ကြိုက်တာ။ ရန်ကုန်မှာ တွဲနေရင် မာဂရက် သိမှာစိုးလို့ ပဲခူးကိုသွားပြီး ချိန်းနေရတာ ကိုကိုရ။ ခင်သော်ဇင်ကလဲ ရန်ကုန်ကို သိပ်မလာရဲဘူး၊ မာဂရက်တွေ့သွားရင် မကောင်းဘူး ဘာဘူးပေါ့၊ ညီကတော့ ဂရုမစိုက်ပါဘူး၊ သူ့ထက်ပိုချစ်တဲ့သူကို တွေ့လို့ ချစ်လိုက်တာ တရားနည်းလမ်းကျပါတယ်"

ညီကတော့ သူ့ဒဿနနှင့်သူ တက်ကြွနေ၏။

"ခင်သော်ဇင်က မာဂရက်ထက် ချစ်စရာကောင်းတယ် ကိုကို၊ ချိုမြိန်တဲ့အနမ်းဆိုတာ မင်း သိလား"

"ဆေးသကြားသုတ်ထားတဲ့ အနမ်းမျိုး ဖြစ်မှာပေါ့ ညီရ"

"ဖွတ်...ဒါကြောင့် မင်းကို ကောသိ ပစ်သွားတာ၊ ချိုမြိန်တဲ့

www.burmeseclassic.com



အနမ်းဆိုတာ သိပ်ရင်ခုန်ရတယ်၊ ရင်ခုန်ပြီးတော့ ရင်ပါ သက်တုန်တော့တာပဲ၊ သရုပ်ပေါ်အောင်တော့ မင်းကို ငါ ရှင်းပြမတတ်ဘူး၊ မင်းငါနဲ့ လျှောက်လိုက်ရင်တော့ ချိုမြိန်တဲ့အနမ်းကို ခံစားရမှာပဲ"

"တော်ပါပြီညီရာ၊ ကိုကိုနမ်းမှ မချိုမြိန်ဘဲ အဆိပ်သင့်ရင် နေရင်းထိုင်ရင်း ကြွေနေဦးမယ်"

စကားကို သဘောကျစွာဖြင့် ညီလက်ရယ်သည်။ ညီ၏ ချစ်ခြင်းများကို နားထောင်ရင်းမှ သူက ညီလက်နံ့ဘေးမှာ လာထိုင်ပြီး ပခုံးကို ဆုပ်မှက်လိုက်၏။

"ညီပြောသမျှကို ကိုကိုနားထောင်ပြီးပြီ၊ ဒီတစ်ခါတော့ ကိုကိုပြောမယ့်စကားကို ညီ လေးလေးနက်နက် နားထောင်ပါ"

"ဘာတွေလဲ"

"ညီ ဘိုမ ဆိုတာကို သတိရရဲ့လား"

"သတိရတာထက် သိတာလေ၊ နယ်ကို ငါရောက်လာတုန်းက ချစ်စရာကောင်းတဲ့ ကောင်မလေးကို မသိဘဲနေမလား၊ ဒါပေမဲ့ ခုဆို သူလဲ ညီ့အရွယ်လောက်တော့ ရှိမယ်၊ မြင်ရင်တောင် မှတ်မိမှာ မဟုတ်ဘူး"

"ညီ ဘိုမကို ချစ်လား"

"ဟာ...ဘာတွေ လာပြောနေတာလဲ၊ ငယ်ငယ်တုန်းက



တွေ့ဖူးဆုံဖူးတာပဲ ရှိတာ"

"ဆောရီးညီ၊ ကိုကိုစကားပြော လောသွားတယ်၊ ကိုကိုပြောချင်တာက ညီကို အဲဒီဘိုမနဲ့ ကျောင်းမပြီးခင်သော်လည်းကောင်း၊ ကျောင်းပြီးလျှင်သော်လည်းကောင်း လက်ထပ်ပေးဖို့ မေမေတို့ လူကြီးချင်း စကားရှိထားတယ်ညီ"

"ဟာ...မေမေလဲ စွတ်လုပ်နေပြန်ပြီ၊ ဘိုမက ငယ်ငယ်က ချောပေမယ့် ကြီးလာတော့ ချောချင်မှ ချောမှာ၊ မချောရင် ဘယ့်နှယ်လုပ်မလဲ"

"ညီက လှပမှ ကြိုက်တယ်လား"

"လှတိုင်း အလှအပ ကြိုက်ကြတာချည်းပါပဲကွာ၊ ကဲ... မင်းကို ငါမေးမယ်၊ မေမေနဲ့ ဂေါ်ရင်ကို ကုလားကြီး သူငယ်ချင်းဖြစ်ခဲ့ပြီး သူ့သမီးဂေါ်ရင်ကျိုမနဲ့ မင်းကို လက်ထပ်ပေးရင် ကိုကို ယူမလား"

"ဒါကတော့ မေမေစိတ်ချမ်းသာဖို့လဲ ထည့်တွက်ရဦးမယ်လေ"

"သွားစမ်းပါ၊ မိဘစိတ်ချမ်းသာဖို့အတွက် အသားမည်းမကြီးကို တစ်သက်လုံး စိတ်ဆင်းရဲခံပြီး ထိုင်ကြည့်မနေနိုင်ပါဘူးကွာ"

"ကဲ... ဒါဖြင့် ကိုကိုထပ်မေးမယ်၊ ဘိုမက ငယ်ငယ်ကအတိုက်

www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး ချောလာရင်ကော"

"ဟဲဟဲ ဒါကတော့ စဉ်းစားစရာတွေ ဖြစ်လာပြီပေါ့ ကိုကိုရာ"

"ခင်သော်ဇင်ကို ဘယ်လိုလုပ်မလဲ"

ညီလတ်က ထိုင်ရာမှ ထပြီး ပြတင်းပေါက်ဘက်လျှောက်သွားသည်။ မှန်တံခါးအဖွင့်မှာ ညလေအေးက ဝေ့ခနဲ ဝင်လာ၏။

"အချစ်တစ်ခုကို မင်း သိပ်ပြီး အလေးအနက် စဉ်းစားတာလဲ ကိုကို၊ ငါ မင်းလောက် မစဉ်းစားဘူး၊ အချစ်ကို ဘဝနဲ့ယှဉ်ပြီးတော့လဲ ခေါင်းထဲမထည့်ဘူး၊ ခေါင်းရှုပ်တယ်၊ ခုနေခါမှာ ခေါင်းကို ရှင်းရှင်းလေးထားပြီး အချစ်ကို ပျော်ပျော်လေးပဲ ခံစားမယ်"

"အင်း…တစ်နေ့တော့ စိတ်အေးရတာပေါ့လေ၊ ပေဖေ့မှာ စိုးရိမ်နေတာ တစ်ခုရှိတယ် ညီ"

"ဆိုစမ်းပါဦး"

"မင်း တစ်ခုခု ထင်ရာလုပ်သွားရင် လူကြီးချင်း မျက်နှာပျက်မှာကို ဖေဖေ အရမ်းစိုးရိမ်တယ်။ ရည်းစားသနာ မထားမိအောင် တားဆီးဖို့လဲ ကိုကို့ကို တာဝန်ပေးတယ်"

"ဟား…ဟား တာဝန်ပေးခံရတဲ့ ပုဂ္ဂိုလ်ကြီးက ရည်းစားထားချင်နေတာကို ဖေဖေသိရင် သားနှစ်ယောက်စလုံးကို အိမ်ပေါ်ကမှ





ကန်ချမလား မသိဘူး"

"အေးကွ၊ ဖေဖေပြောနေတုန်းကများ ကိုကို့မျက်နှာ ဘယ်သွားထားရမှန်း မသိဘူး၊ သားကြီး လိမ္မာတယ်၊ အေးအေးဆေးဆေးနေတယ်ပြောတော့ ကားမောင်းရင်းနဲ့လေ စိတ်မှာ မလုံမလဲ ဖြစ်လိုက်ရတာ"

စကားကို ညီလတ် တဟားဟား ရယ်ပါ၏။

ရယ်ပြီးတော့မှ–

"မင်း ငါ့အတွက် ဘာမှစိတ်မပူနဲ့၊ ငါ မင်းကို ကတိတစ်ခုပေးမယ်၊ မင်း မျက်နှာပျက်အောင် ငါ မိန်းမ ခိုးမပြေးပါဘူး"

"အိမ်ကိုပဲ တစ်ခါထဲ ခေါ်လာမယ်ပေါ့"

ပြောပြီး သူပါ ညီလတ်နှင့်အတူ လိုက်ရယ်သည်။

သံယောဇဉ်ကြိုးများက ညီအစ်ကိုနှစ်ယောက်၏ ရင်မှာ အပ်ဆင့်တိုးရစ်ချည်နှောင်လျက် ရှိပါသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

[အပိုင်း– သုံး]

## (၂၀)

ပထမနှစ်…။

ဒုတိယနှစ်…။

တတိယနှစ် စတက်မှာ ပထမနှစ် ဒုတိယနှစ်တွေထက်ပိုပြီး ညီလတ် ရည်းစားအတွဲများလာသည်ဟု သူထင်သည်။

သူတွင်ပဲလား မဟုတ်ပါ။

ဖေဖေကဆိုလျှင် ထမင်းဝိုင်းမှာ မျက်နှာမှုန်မှုန်နှင့် ညီလတ်ကို တရားဝင် စကားဆိုလာ၏။

"သားငယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ခေါ်သံကြောင့် ညီလတ် ဆတ်ခနဲ ဖြစ်သွားသည်။ ကြီးမေက ဟင်းခတ်ထည့်နေရာမှ မျက်လုံးကို လှန်ကြည့်၏။

"ဘာလဲ ဖေဖေ"

"မနေ့က ကျောင်းမတက်ဘူးလား၊ သမ္မတမှာ ကောင်မလေး တစ်ယောက်နဲ့ သားငယ်ကို ဖေဖေတွေ့တယ်"

သူက ညီလတ်မျက်နှာကို အထိတ်တလန့် လှမ်းကြည့်၏။

ညီ့ပုံစံကတော့ အေးအေးဆေးဆေးပါပဲ။

"သား ကလပ်စ်ကို တစ်ချိန် တက်ပါတယ်ဖေဖေ၊ သမ္မတက ကားကောင်းတာနဲ့ သွားကြည့်တာပါ"

ညီက အဖြေရဲသော်လည်း ဖေဖေသည် ကောင်မလေး တစ်ယောက်ကိစ္စကိုတော့ ဖျောက်ထားသည်။ ဒါကို ဖေဖေက–

"ကောင်မလေးက တက္ကသိုလ်ကပဲလား"

"ဟုတ်ပါတယ် ဖေဖေ"

ဖေဖေက ထူးခြားဟန်မပြဘဲ ထမင်းကို ဆက်စားသည်။ စားသောက်ပြီး အချိုပွဲတည်ချိန်ကျမှ အမေးစကားကို စတော့၏။

"သားငယ်ကို ဖေဖေ တစ်ခုမေးမယ်"

"မေးပါဖေဖေ"





"အဖြေကို လေးလေးနက်နက် ပေးဖို့တော့လိုတယ်"

"ဟုတ်ကဲ့"

စကားကို မဆက်သေး။

ဖေဖေက စားပွဲပေါ်မှ စီးကရက်ဘူးကို လှမ်းယူပြီး တစ်လိပ် ထုတ်ယူ မီးညှိသည်။ တစ်ချက်ရှိုက်ထုတ်ပြီးမှ–

"သားငယ် အိမ်ထောင်ပြုချင်ပြီလား"

"ဟာ...မဟုတ်တာ ဖေဖေရာ၊ ကျောင်းတောင်မပြီးသေးတာ"

"အိမ်ထောင်ပြုတာနဲ့ ကျောင်းမပြီးတာ ဘာမှ မဆိုင်ပါဘူးကွာ၊ သားက ခုလို ကောင်မလေးတွေ ထည်လဲနဲ့ လျှောက်တွဲနေတော့ ဖေဖေက ရှက်တယ်"

ညီလတ် ငြိမ်သွားသည်။

"ဖေဖေ့မိတ်ဆွေတွေက သားငယ်ကို နေရာတိုင်းမှာ မြင်တယ်၊ မြင်တိုင်းလဲ တစ်နေရာ တစ်ယောက်ပဲ၊ ဖေဖေ့ကိုတောင် ကျီစယ် နောက်ပြောင်ကြတယ်၊ ကိုမင်းလတ်တဲ့ ခင်ဗျား မစွံသလောက် ခင်ဗျားသားက တယ်စွံပါလားတဲ့၊ သားတော်မောင်ဆီက နည်းပညာ ယူဦးတဲ့"

ညီလတ်ပြုံးတော့ ဖေဖေက–

www.burmeseclassic.com

www.burmeseclassic.com



"မပြုံးနဲ့သားငယ်၊ သူတို့ပြောချင်တာက ခင်ဗျားဂုဏ်သိက္ခာနဲ့ နေသလောက် ခင်ဗျားသားက သိက္ခာမဲ့နေတယ်ဆိုတာကို အရယ်စကား လုပ်ပြီး ပြောတာ၊ သားကို ဖေဖေ အထူးပြောချင်တာက ကိုယ့်ကိုယ်ကို ဂုဏ်သိက္ခာရှိအောင် နေပါ၊ သားကြောင့် မိဘဂုဏ် အမျိုးဂုဏ်ကို မထိခိုက်ပါစေနဲ့"

စကားကို အေးဆေးစွာပြောပြီး ဖေဖေဧည့်ခန်းဘက် ထွက်သွားသည်။ ဖေဖေထွက်သွားသည်နှင့် ညီလတ်က သူ့ကို မျက်စိတစ်ဘက်မှိတ်ပြသည်။

ဒီကောင် ဘယ်လိုမှ အပိုးမကျိုး။

* * *

"အင်း...ညီကတော့ ဖေဖေ ပြောမယ်ဆိုလဲ ပြောစရာကြီးဖြစ်နေပြီ၊ ဘယ်ကောင်းမလဲ"

"တော်စမ်းပါကိုကိုရာ၊ ဖေဖေက သူထင်ရာ စွတ်ပြောနေတာ အချစ်ကို လေ့လာရှာဖွေတာ ဂုဏ်သိက္ခာကျတဲ့ အလုပ်လားကွ သုတေသနလုပ်ငန်းအမျိုးမျိုး ရှိတဲ့အနက် ငါလဲ အချစ်သုတေသန လုပ်ငန်းကို လုပ်တာပဲဟာ"



"အေး...မင်းထင်ရာလုပ်နေ၊ ဖေဖေက စိတ်မရှည်ရင် မင်းကို ဘိုမနဲ့ ပေးစားပစ်လိုက်မှာ"

"ငါလဲ စိတ်မရှည်ရင် ဖေဖေကို ပြောပစ်လိုက်မှာ"

"ဘာပြောမှာလဲ"

"ခုချက်ချင်း ပေးစားတော့ဗျာလို့"

ကျော်လွင်ဦးက ခပ်ဟက်ဟက်ကလေး ရယ်၏။

"မရယ်နဲ့ ကိုကို ငါ တကယ်ပြောတာ၊ ငါ့ရင်ထဲမှာ နှစ်နှစ်ကာကာ အချစ်ဆိုတာ ဘာမှ မရှိသေးဘူး၊ အတင်းအဓမ္မနဲ့ အိမ်ထောင်ပြုတော့ကွာဆိုရင် ငါ ပြုလိုက်မှာ"

"နေပါဦး၊ သမွတကို ဘယ်သူနဲ့ သွားကြည့်တာလဲ"

"ရွှေဘိုနဲ့"

"ဟင်...မေသူအောင်နဲ့ ပြတ်သွားပြီလား"

"မပြတ်သေးဘူး"

"ဟာကွာ ဘယ်ကောင်းမလဲ"

"လုပ်မနေနဲ့ ကိုကို၊ မင်းကို ငါစောစောက ပြောတယ် မဟုတ်လား၊ အချစ်ကို သုတေသန လုပ်နေတာပါလို့၊ စိတ်တိုင်းကျသေးတာ ငါစာတမ်း မပြုစုနိုင်သေးဘူး၊ စာတမ်းပြုစုနိုင်တဲ့နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ထဲမှာ အချစ်တစ်ခုပဲ ရှိနေစေရမယ်"

ညီအချစ်ကို သူ မသုံးသပ်ချင်တော့။

အိပ်ရာဝင်ပြီး ခြင်ထောင်အချုတွင်မှ ဖေဖေ့ကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ညီရာ ဆိုသည့်စကားကို ပြောဖြစ်၏။

ညီကတော့ ကက်ဆက်ကို တိုးတိုးဖွင့်ပြီး အချစ်သီချင်းတစ်ပုဒ်ကို ငြူးလေးနဲ့ခံစားနေသည်။

• • •



(၂၁)

"ကိုကို...ဟေး...ကိုကို"

ညီလတ်အသံကြောင့် နှင်းဆီကိုင်းနှစ်ခုကို ဆက်နေသည့်လက်က အလိုလို ရပ်သွားသည်။

ခေါင်းကိုအသာမတ်ပြီး အကြည့်မှာ အိမ့်ထဲသို့ အပြေးအလွှားဝင်သွားသော ညီလတ်ကို တွေ့သည်။ ချက်ချင်းဆိုသလိုပင် အိမ်ထဲမှ ပြန်ထွက်လာပြန်၏။

"ကိုကို မင်း ဘယ်မှာလဲ"

ဟိုဟိုသည်သည် ကြည့်ပြီး ညီလတ် အော်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို နှင်းဆီခင်းထဲမှာ ညီ"

နှင်းဆီခင်းသို့ ညီလတ် အပြေးရောက်လာသည်။

"မင်းရဲ့ သစ်ပင်ကိုင်းဆက်နည်း ပညာတွေကို ရပ်လိုက်စမ်း ကိုကို၊ မင်းကို ငါ ဝမ်းသာစရာစကား ပြောစရာရှိတယ်"

"ကိုကို့အတွက်လား ညီ့အတွက်လား"

"မင်းအတွက် မင်းအတွက်၊ ငါကွာ အံ့အားသင့်ပြီး မျက်လုံးကြီး တောင် ပြူးထွက်သွားတယ်၊ တကယ်ကွာ တကယ်ကို ပြောတာ"

မည်မျှ ဝမ်းသာနေသည်တော့ မသိ။ သူ့လက်ကို ဆွဲပြီး ကုံကော်ပင်အောက် ထိုင်ခုံဝိုင်းလေးဆီသို့ ခေါ်သွားသည်။

"လမ်းထိပ်က တိုက်ဝါကြီးနဲ့ ခြံကြီးကို မင်းသိတယ်မို့လား ကိုကို"

သူ စဉ်းစားသလိုလုပ်တော့-

"မင်းကလဲ ကြောင်နေပြန်ပြီ၊ တို့ညနေဘက် လမ်းလျှောက်ရင် အဲဒီခြံကြီးရှေ့ရောက်ရင် ခြံကြီးက လူမနေဘူးနော်၊ သရဲခြောက်မှာ တောင် ကြောက်ရတယ်လို့ မင်း ပြောသေးတယ်လေ"

"ဟုတ်ပြီ ဟုတ်ပြီ၊ အစက ပန်းချာပီလင်မယား နေသွားတာ လေ၊ အဲဒါ ခုဘာဖြစ်လို့လဲ ညီ၊ သရဲခြောက်လို့လား"





"ထွတ်...ဘယ်က သရဲခြောက်ရမှာလဲ၊ ခု အဲဒီခြံကြီးကို ကောသီတို့ ရောက်နေပြီကွ သိလား"

"ဟင်...ကောသီတို့ ရောက်နေတယ် ဟုတ်လား"

အံ့သြမှုနှင့်အတူ လက်ထဲမှ နှင်းဆီကိုင်းနှစ်ခုကို ယောင်ရမ်းပြီး လွှတ်ချလိုက်မိ၏။

"ဟုတ်တယ်ကိုကို၊ နီဆန်းကားကြီးနဲ့ပရိဘောဂတွေ တင်ပြီး ပြောင်းတာ၊ ငါ ရပ်ကို ကြည့်နေတာ"

"ကောသီ့ကို တွေ့လား"

"တွေ့တာပေါ့၊ ငါ့ကိုမြင်တာနဲ့ ကောသီ့နှုတ်ခမ်းကြီး စူသွားတာ တစ်ထွာလောက်ရှိမယ်"

ဒေါသမပြေသေးသည်ကို စိတ်က သိလိုက်၏။

ဖြေသိမ့်လို့ ရတာကတော့ မိမိဝန်းကျင်သို့ ကောသီရောက်လာခြင်းပင်။

"ကောသီတို့ ငှားနေတာလား မသိဘူးနော်"

"ဘယ်က ငှားရမှာလဲ၊ ဝယ်လိုက်တာခင်ဗျ၊ အဲဒီဘေးခြံက မာလာတို့ကို ငါချက်ချင်း စုံစမ်းလိုက်တာ"

"ဟုတ်ရဲ့လားညီရာ၊ ကောသီ့ဖေဖေက အရာထမ်းဘဝနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝယ်နိုင်ပါ့မလား"

"ကေသီမေမေဘက်က ချမ်းသာတယ်ဆိုတာကို မင်းမေ့နေပြီလား။ ဒါတွေထားစမ်းပါကွာ၊ ကေသီ ရန်ကုန်ပြန်ရောက်လာတာကို မင်း ဝမ်းမသာဘူးလားကိုကို"

"ရင်ထဲမှာ ဖော်မပြနိုင်လောက်အောင် ဝမ်းသာတာပေါ့ညီရ"

"ငါ့ကိုကော ကျေးဇူးမတင်ဘူးလား"

"ညီပြောနေကျ စကားမျိုးနဲ့ ပြောရရင် ရေရေလည်လည်တင်တယ်"

ညီလတ် ရယ်သည်ကိုတော့ သူ လန့်သွား၏။

အရယ်မှာ အကြောင်းရာတစ်ခု ရှိသည်ကိုလဲ သိသည်။ ထင်ထားသည့်အတိုင်းပါပဲ။

"ဒါဖြင့် မင်းစုထားတဲ့ မုန့်ဖိုးထဲက ငါ့ကို ငါးထောင်လောက်ချေးပါ ကိုကိုရာ၊ နောက် ငါ မုန့်ဖိုးတွေ စုပြီး မင်းကို အရစ်ကျပြန်ဆပ်ပါ့မယ်"

"များလှချည်လား၊ ညီ ဘာလုပ်ဖို့လဲ"

"အချစ်သုတေသနကိစ္စလေးတွေ ရှိသေးတယ် ကိုကိုရာ၊ ဘယ်လုပ်ငန်းမဆို ငွေကို ရေလို သုံးပစ်ရတယ်ဆိုတာ မင်းသိရက်သားနဲ့"





သူ ပင့်သက်ချတော့–

"ပင့်သက်တွေ ဘာတွေ ချမနေပါနဲ့ ကိုကိုရာ၊ ကိုကို့ရဲ့နှလုံးသားအကျိုးကို ညီဖြစ်သူက ဘယ်လို လိုလားတယ်ဆိုတာမင်း သိပါတယ်၊ ခုလဲ ငါ့မှာ ဝမ်းသာအားရ ပြေးလာပြီး ပြောရတာလမ်းမှာ ခလုတ်တိုက်လို့ ခြေမတောင် ကွဲတယ်"

အမှန်ပါပဲ။ညီ့ခြေမမှာ သွေးစတွေ ထွက်နေ၏။

ညီ့ကို သနားစိတ်နှင့် စုထားသည့် ငွေထဲမှ ငွေငါးထောင်ကို ညီဖြစ်သူ လက်ထဲသို့ လိုလိုလားလား ထည့်လိုက်မိပြန်ပါ၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## (၂)

"ဟယ်...ကိုဦး"

မြင်သည်နှင့် မေဘယ်လ် ဝမ်းသာအားရ ဖြစ်သွားသည်။

"အထဲဝင်ခဲ့ရင် ပြီးရော"

"ဆင်းတော့မယ်ဆိုတာ သိလို့ ဒီနေရာက စောင့်နေတာ၊ ဆယ်မိနစ်လောက်စွန်းတော့ တိရစ္ဆာန်ဆေးကု ဆရာဝန်လောင်းကြီး ကျောင်းမှ တက်ရဲ့လားလို့ တွေးပူသေးတယ်"

"တိရစ္ဆာန်ဆေးကုဆရာဝန်လောင်းလို့ ပြောပါနော်၊ တိရစ္ဆာန်ဆေးကုဆရာဝန် မပြောပါနဲ့ နားထဲမှာ ကြားရဟာ မသင်္ကာလွန်းလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘွာ...ဘွာ စကားမှားသွားတယ်၊ ဒီပါးစပ်ကြီးကို မကောင်းပါဘူး၊ တစ်ခါမှားခဲ့လို့လဲ အသည်းကွဲရပြီးပြီ၊ ခုထိ ဒီပါးစပ်က အမှတ်မရှိဘူး"

မေဘယ်လ်နှင့်အတူ သူကပါ ရယ်၏။

"ကိုယ် ကားပါလာတယ် မေဘယ်လ်၊ မေဘယ်လ်နဲ့ စကားပြောချင်တာတွေလဲ ရှိတယ်"

"မြင်ကတည်းက သိပါတယ်နော်၊ အကြောင်းရှိလို့ လာတယ်ဆိုတာ"

"ဖေဖေ့လုပ်ငန်းတွေကိုလဲ ကူညီနေရသေးတော့၊ မရောက်ဖြစ်ခဲ့တာပါ မေဘယ်လ်၊ အမြဲ သတိရနေတယ်ဆိုတာ ယုံပါ"

စကားတပြောပြောနှင့် ကားဆီ လျှောက်ခဲ့သည်။ ကားနား အရောက်မှာ ကိုဦး မေဘယ်လ်ဆီ ရောက်လာမယ်ဆိုတာကို အတတ် သိပြီးသားဆိုသည့် စကားကို မေဘယ်လ်က ပြောပါ၏။

* * *

"ဩော်...ကေသီတို့ တောင်ကြီးက ပြောင်းလာတာကိုး"

"ဟုတ်တယ်ကိုဦး၊ မနေ့က ရောက်ရောက်ချင်း မေဘယ်လ်ဆီ





သု ပေါက်ချလာတာ၊ မေဘယ်လ်ဖြင့် အံ့အားကြီးကို သင့်သွားတာပဲ၊ ပြီးတော့ ဘယ်ရမလဲ မေဘယ်လ် သူ့ကို ရေရေလည်လည် ဆူပွက် ပစ်လိုက်တာပေါ့"

မေဘယ့်လ်ရှေ့သို့ အအေးပုလင်းကို တိုးရွှေ့ပေးသည်။ ဆိုင်မှာ လူရှင်းသဖြင့် စကားပြော လွတ်လပ်ပါ၏။

"မနေ့က ပြောင်းလာတော့ ညီလတ် ခြံရှေ့ကနေ ရပ်ပြီး မျက်လုံးပြူးကြီးနဲ့ ကြည့်နေတာကို တွေ့တယ်တဲ့။ သူ့နှုတ်ခမ်းကို နှုပြပစ်လိုက်တယ်တဲ့။ ရေစက်လဲ မကုန်နိုင်ဘူးလား မသိဘူးတဲ့။ ဘစ်လမ်းထဲက ခြံကိုမှ ဝယ်မိရက်သား ဖြစ်တယ်တဲ့"

"ဒါဆို ကေသီ တော်တော်ဝမ်းနည်းနေလား မသိဘူးနော်"

မေဘယ်လ်က ပြုံးရင်း ဖယောင်းပိုက်ကလေးဖြင့် အချိုရည်ကို ခပ်ဖွဖွ စုပ်၏။

"ကေသီက အစွဲတော့ တော်တော်ကြီးတယ် ကိုဦး၊ ဒေါသက နှစ်တွေကြာတာတောင် တစ်စက်ကလေးမှ လျော့မသွားဘူး။ ဒါပေမယ့် မေဘယ်လ် ကေသီ့ကို အားလုံး ရှင်းပြပါတယ်"

"ကေသီ လက်ခံရဲ့လားဟင်၊ မေဘယ်လ်က ကိုဦး သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာတွေကို ပြောမပြလိုက်ဘူးလား ကိုဦး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ခံစားနေရတယ် ဆိုတာကိုကော ပြောမပြလိုက်ဘူးလား"

မေဘယ်လ်က မျက်လုံးကို အသာလှန်ကြည့်သည်။

"ပြောပြပါတယ်၊ ဒါပေမယ့် ကေသီ တုတ်တုတ်မလှုပ်ဘူး ကိုဦး၊ ဒါပေမယ့် တစ်ခုတော့ မေးတယ်"

"ဘာမေးလဲဟင်၊ ကေသီက မေဘယ်လ်ကို ဘာမေးလိုက်တာလဲ"

"ဒီအချိန် ဒီအခါ ရောက်မှတော့ ကိုဦးလဲ ချစ်သူတွေ ဘာတွေ တွေ့နေမှာပေါ့တဲ့"

"အာ…မတွေ့ပါဘူး မေဘယ်လ်ရယ်၊ ကိုယ့်အကြောင်းကို မေဘယ်လ် သိသားပဲဟာ"

"သိလို့လဲ မေဘယ်လ်က ရှေ့နေကြီး လုပ်ပေးလိုက်ပါတယ်။ ကိုဦးကတော့ ရိုးရိုးကြီးပဲလို့၊ အဲသလိုပြောတော့ ကေသီ နည်းနည်း ပြုံးတယ် ကိုဦး သိလား"

သံယောဇဉ်ကြိုးမျှင်လေးများ မပြတ်တောက်သေးသည်ကိုတော့ သူသိလိုက်၏။

ကေသီ့ကို ကျေပါစေကြောင်း တောင်းပန်ပေးဖို့ မေဘယ်လ်ကို အပူကပ်တော့-



"ပြောပေးလို့ ပြန်ပေါင်းထုတ်ရင် ဘာကျွေးမလဲ" ဆိုသည့် စကားကို မေဘယ်လ်က အရယ်နှင့်ပြော၏။

မင်္ဂလာဆောင်တဲ့နေ့ ဆီးဒိုးနားမှာ အကောင်းဆုံး ဒင်နာပေးမယ်ဆိုသည့် စကားကို သူ စိတ်လက်ပေါ့ပါးစွာ ပြောဖြစ်သည်။

သြော်…ဖြစ်ပျက်ခဲ့တာလေးတွေကို ကေသီ နားလည်ခွင့်လွှတ်နိုင်မှာပါပဲ။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

"ဒီတစ်ခါတော့ စကားတွေကို တောင်ပြောမြောက်ပြော လျှောက်မပြောနဲ့ ကိုကို၊ မေဘယ်လ် မျက်နှာပျက်ရရင် မကောင်းဘူး"

"ဟုတ်တယ် ညီ၊ ခုလဲ ဘုရားကို မေဘယ်လ်က မလိမ့်တစ်ပတ် လုပ်ပြီး ခေါ်လာရမှာ။ ဒီတစ်ခါ အ,ရင်တော့ တစ်သက်ခံပေရော့ပဲ"

"အင်း…ဒီလို နားလည်သဘောပေါက်ထားရင် မဆိုးပါဘူး၊ ကဲ–သွားမယ်၊ မင်း ကားယူထားမလား"

"ညီက ဘာနဲ့သွားမှာလဲ"

"မြို့ထဲပဲ လိုက်ပို့။ သည်နေ့ ပစ်ချာကြည့်မယ်၊ အပြန်ကျ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရှာဖြစ်လာမယ်"

ညီက သူ့ကို ကားသော့ လှမ်းပေးသည်။

ညှိခန်းမှအထွက်တွင် ကြီးမေက ညီအစ်ကိုနှစ်ယောက် တတွတ်တွတ်နဲ့ ဘာတွေ ကြိတ်စည်နေကြလဲဟု မေးသည်။

"ကျောင်းပိတ်တဲ့ရက်ကလေး ကြီးမေရာ၊ ပြင်ပလောကကြီးရဲ့ အလှအပတွေကို ထွက်ပြီး ရှာချင်သေးတာပေါ့"

ကြီးမေးကတော့ ဘာသိဘာသာ။

ပန်းပင်ပြုပြင်ခြင်းနှင့် ဘုရားရှိခိုးခြင်း အလုပ်မှလွဲပြီး ကြီးမေ ဘာကိုမှ စိတ်ဝင်စားခြင်း မရှိ။

ညီလတ်၏ အချစ်ရေးကိစ္စကို မေမေက ကြီးမေကို တင်ပြတုန်းကလည်း "ကောင်မလေးတွေကိုက ထပါတယ် ငါ့မောင်ရယ်"ဟုသာ သာမန်မျှပြောပြီး ထူးမခြားနေလိုက်သည်။ နောက်ပြီး "ဖြစ်လဲ ကိစ္စမရှိပါဘူး၊ တို့က အထီးတွေ မွေးထားတာ"ဟု အပျိုကြီးပီပီ နောက်ဆက်တွဲ စကားကွန့်သေး၏။

ခြံထဲမှ ကားကို ဘီးလိမ့်အထွက်တွင် သူပခုံးနှစ်ဖက်တွန့်တော့ ညီက ဘာဖြစ်တာလဲဟု မေးသည်။

"ရင်ခုန်လို့ပါ"





"မင်းရင်ခုန်တာကလဲ ပန်းကြီး တွန့်ရသလားကွ၊ ဘယ်လိုမှ ဆက်စပ်မှု မရှိလိုက်တာ"

"အသည်းပါ ယားသွားတာ၊ အင်း...မေဘယ်လ်က မသိမသာ ရှောင်ပေးရင် စကားကို ဘယ်လိုစရမှန်းတောင် မသိပါဘူး ညီရာ"

"လုပ်လာပြီ၊ ညက မင်းကို ငါသင်ထားတယ်မို့လား ကိုကိုရ၊ ခွင့်လွှတ်ပါ ကေသီရယ်၊ ကေသီ ကိုယ့်ကို ရက်ရက်စက်စက် ပစ်ခွာသွားတုန်းက ကိုယ် စားမဝင် အိပ်မပျော် ရောဂါတောင် ရခဲ့ပါတယ် ပေါ့"

"ဟာ...ဖြစ်မှ မဖြစ်တာ လိမ်လို့ကောင်းပါ့မလား ညီရာ၊ ဆရာဝန် ဆေးလက်မှတ်ပြဆိုရင် ဘယ်လိုလုပ်မလဲ"

"မင်းကိုတော့ ငါလက်သီးနဲ့ ထိုးချင်နေပြီ ကိုကို၊ ဘယ်သူက မင်းကို ဆေးလက်မှတ်ပြခိုင်းမှာလဲ၊ မင်းပြောတဲ့ စကားကို ကေသီက သိပ်သဘောကျသွားမှာ၊ မိန်းမဆိုတာ တို့ယောကျ်ားတွေ ညာသမျှ လိမ်သမျှကို အားရပါးရ ယုံကြည်တာကွ"

သည်လိုနှင့် ကေသီနှင့်တွေ့ဖို့ အချိန်တွေက နီးသည်ထက် နီးကပ်လာပါပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com



လေပွေခါးထစ်များကို နင်းဖိတက်တိုင်း ရင်ခုန်နှုန်းက မြန်ဆန်လာသည်။

မိမိကိုတွေ့လျှင် ကေသီသည် မျက်နှာကို မှုန်တည်ထားနေသည်လား။ သို့မဟုတ်...

နှုတ်ခမ်းကို တင်းတင်းကြီး ဖိကိုက်ပြီး မျက်နှာထားနှင့်များနေလေမည်လား၊ တွေးရင်း ကြောင့်ကြစိတ်တွေ ဖြစ်ပေါ်နေရသည်။

မေဘယ်လ် အချိန်းအချက်လုပ်ထားသည့် တနလ်ာထောင့်သို့ရောက်တော့ ခြေအစုံက တန့်သွား၏။

ကေသီက ဗုဒ္ဓရှေ့မှာ ကြို့ကြို့ကလေးထိုင်ပြီး လက်အုပ်ချီဘုရားရှိခိုးနေ၏။ မေဘယ်လ်က သူ့ကို မြင်သွားပြီး အနားသို့ပြေးလာသည်။

"လာ ကိုဦး၊ ကေသီ ဘုရားရှိခိုးနေတယ်"

"ဖြစ်ပါ့မလား မေဘယ်လ်ရယ်၊ ဒေါ်နဲ့မောနဲ့ ဆော်ထည့်လိုက်ရင် ဘုရားပေါ်မှာ ကျော်မကောင်း ကြားမကောင်း ဖြစ်ကုန်မယ်"

"ကိုဦး သိပ်ပြီး သွေးကြောင်တာပဲ၊ ကေသီ ဒီလောက်မရိုင်းဘူး။ ကေသီ ဘုရားရှိခိုးပြီးလို့ ကိုဦးကို တွေ့ရင်တော့ ကိုဦး အ,တီးအ,တ လုပ်မနေနဲ့၊ ကိုယ်လဲ ကိုယ့်မွေးနေ့မို့ ဘုရားလာတာ၊ ကြုံကြိုက်လိုက်တာ





ဘာညာတို့ ပြောနော်။ တော်ကြာ မေဘယ်လ် အကွက်ရိုက်တာတွေ ပေါ်ပြီး မချော ပိုစိတ်ဆိုးသွားမယ်"

"စိတ်ချ မေဘယ်လ်၊ ဒီတစ်ခါတော့ ကိုယ်မအ,တော့ဘူး၊ ညီကလဲ တစ်ညလုံး လက်ထပ်သင်ပေးလိုက်မယ်"

သည်မှာ ကေသီဘုရား ရှိခိုးခြင်းအလုပ် ပြီးစီးသွားသည်။

ကေသီ ထိုင်ရာမှ ဖြည်းညှင်းစွာ ထ၏။

နောက်ဘက်သို့ လည်ပြန်လှည့်အကြည့်တွင်...

* * *

ဝိုင်းစက်သွားသည့် မျက်ဝန်းကို ပထမဆုံး တွေ့ရသည်။

နှုတ်ခမ်းနုလေး ဖုဖုစူအုံ့ဆဲတွင် သူက...

"ကေသီ နေကောင်းတယ်နော်"

စကားတုန့်ပြန်မှုကို မရဘဲ အေးစက်သော အကြည့်များကိုသာ ရသည်။

"ကိုယ်လဲ မွေးနေ့မို့ ဘုရားမှာ ပန်း,ရေချမ်း လာကပ်တာ၊ ကေသီနဲ့ ခုလို မမျှော်လင့်ဘဲ တွေ့ရတော့ အရမ်းဝမ်းသာတာပဲ"

"ကျွန်မကတော့ ဝမ်းမသာဘူး"



www.burmeseclassic.com

www.burmeseclassic.com



စကားတုံးတိတိကြီးအတွက် ခြေဖျားလက်ဖျားတွေပင် အေးစက်ချင်လာ၏။ သို့သော်လည်း သူ သတိကို ထိန်းသည်။

"ကေသီ ကိုယ့်ကို အရမ်းစိတ်ဆိုးနေတယ်ဆိုတာ ကိုယ်သိပါတယ်"

"သိရင်ပြီးတာပဲ၊ ကိုယ့်ခရီးကိုယ် ဆက်သွား"

"မဟုတ်သေးဘူး ကေသီရယ်၊ စိတ်နာစရာ ဖြစ်သွားတဲ့ အကြောင်းရင်းကို ရှင်းပြဖို့ ကိုယ့်မှာ တာဝန်ရှိတာပေါ့"

မေဘယ်လ်ကလဲ သူ့ဘက်လိုက်ပြီး–

"ဟုတ်ပါတယ် ကေသီရယ်၊ ကေသီ့ကို ကိုယ်ရှင်းပြခဲ့သလို ကိုဦးက ထူထူအအနဲ့ပါပယ်၊ ကိုဦးအကြောင်းကို ကေသီလဲ သိရက်သားနဲ့ အထက်တန်းကျောင်းသားဘဝကတည်းက စကားကို လေးလုံးကွဲအောင် ပြောတတ်ခဲ့လို့လား"

မေဘယ်လ်၏ စကားအထောက်အကူ တန်ဖိုးကြီးလှပါ၏။ သူက မေဘယ်လ်ကို ကျေးဇူးတင်စွာ လှမ်းကြည့်သည်။

"ဘာလဲ ရှေ့နေခကို ကိုဦးက ပေးထားလို့ ရှေ့နေလုပ်ပေးနေတာလား မေဘယ်လ်"

မေဘယ်လ် သွားစွယ်ကလေးပေါ်အောင် ရယ်၏။

သူကတော့ 'ကိုဦး' ဆိုသည့် အသုံးအနှုန်းအတွက် မှန်းတိုင်းသည့် အသည်းနှလုံး နေရာသို့ ဇဟိုပြုခြင်း မရှိတော့သည်ကို စားလည် သဘောပေါက်လိုက်သည်။

"ကိုယ်က ရှေ့နေလုပ်ပေးတာ မဟုတ်ပါဘူး ကေသီရယ်၊ ကိုဦးနဲ့ ကေသီက သံယောဇဉ် ရှိခဲ့ကြသူတွေပါ၊ ကေသီ ကိုဦးကို ချစ်တယ်ဆိုတာ ကိုယ်သိသလို ကိုဦး ကေသီ့ကို ဘယ်လောက်ချစ်တယ် ဆိုတာကိုလဲ..."

"တိတ်စမ်း မေဘယ်လ်၊ ကိုယ် မကြားချင်ဘူး"

သူက စကားဖြတ်ဝင်ပြီး–

"မေဘယ်လ်ပြောတာကို မကြားချင်တော့ရင် ကိုယ်ထပ်ပြောပါ့မယ်ကေသီ၊ မေဘယ်လ် ပြောတာတွေ အကုန်မှန်ပါတယ်"

"ဘာမှန်တာလဲ"

"ကိုယ်ကေသီ့ကို သိပ်ချစ်တယ်ဆိုတာ"

"အို...ဘာတွေမှန်းလဲ မသိဘူး"

ရှက်ရဲရဲမျက်နှာတွင် သံယောဇဉ်အငွေ့အသက်များ ရှိနေ၏။ သွားမယ်ကွာဟု ပြောပြီး ခြေလှမ်းအရွေ့တွင် သူက ကေသီ့နံဘေးမှာ ကပ်လျက်သား ဖြစ်နေသည်။

"သွားတော့လေ"






www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုသွားရမှာလဲ ကေသီ"

"ကိုယ်သွားချင်ရာ သွားပေါ့"

"ကိုယ်က ကေသီအနားမှာပဲ နေချင်တာပါ"

ဝေ့လာသည့် မျက်စောင်း။

သည်မျက်စောင်းမှာ မုန်းတီးမှုတွေ မပါဘဲ ချစ်ခြင်းတွေ ပါနေသည်ကို သူ ကောင်းကောင်းသိလိုက်၏။

☆ ☆ ☆



(၂၄)

"ထိုင်...သားကြီး"ဆိုသည့် စကားကို နားခံရင်း ဖေဖေ့ မျက်နှာကို လျင်မြန်စွာ အကဲခတ်သည်။ ကြည်ကြည်လင်လင် မျက်နှာထားကြောင့် စိတ်မှာ အနည်းငယ် အေးရ၏။

ဖေဖေ့ ရှေ့ဆိုဖာဆက်တီတွင် ထိုင်ဖြစ်သည်နှင့် ဖေဖေက သူ့မျက်နှာကို ခပ်စိုက်စိုက်ကလေး ကြည့်သည်။ ပြီး သောက်နေကျ ငါးသုံးလုံးစီးရက်ကို ယွန်းဘူးကလေးထဲမှ တစ်လိပ်ထုတ်ယူပြီး မီးညှိ၏။

"ဖေဖေ့ သားကြီးကို မေးချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မေးပါ မေမေ"

"ဖြေတဲ့နေရာမှာ သားကြီးက မေမေ့ကို သူငယ်ချင်းတစ်ယောက်လို ပုံစံနဲ့ဖြေ ဟုတ်လား၊ သားငယ်သာ ဒီလို အနေထားမျိုးဆို မေမေ မေးမှာလဲ မဟုတ်ဘူး၊ သားကြီးကျတော့ မေမေ စိတ်ဝင်စားမှု ရှိသွားတယ်ပေါ့ကွာ"

ပြောပြီး မေမေ့မျက်နှာ ပြုံးရောင်သန်းသည်။

စီးကရက်ငွေ့ကို ရှိုက်ရင်း မေခဖွဲ့အကြည့် သူ့ဆီရောက်လာပြန်၏။

"မေးပြီနော်၊ သားကြီးမှာ 'ချစ်သူရှိပြီလား"

ရင်မှာ သိမ့်ခနဲ ဖြစ်သွားသည်။

စကားကို အမှန်ဆိုရန်အတွက် မေမေ့ကို ရှက်မိသေး၏။

"သားမှာ ချစ်သူ ရှိပါတယ် မေမေ"

"ကောင်မလေးက ဘယ်ကများပါလိမ့်"

"လမ်းထိပ်က ခြံကြီးကပါမေမေ၊ သူတို့ တောင်ကြီးက ပြောင်းလာကြတာ မကြာသေးဘူး"

"လမ်းထိပ်က ဟုတ်လား၊ ဘယ်သူ့သားသမီးများပါလိမ့်၊ အစက အဲဒီခြံကြီးမှာ ပန်ချာပီမိသားစုနေတာပဲ"



"သူတို့ ဝယ်လိုက်ကြတာ မေမေ၊ သူ့နာမည်က ကေသီပါ၊ သားနဲ့ခုမှ တွေ့သိကြတာ မဟုတ်ပါဘူး"

မေမေ့ကို အကျိုးအကြောင်း အကုန်ပြောပြသည်။ မေမေက စီးကရက်သောက်ရင်း ငြိမ်သက်စွာ နားထောင်ပြီးမှ–

"ငယ်ချစ်ပါ"

သူက ရှက်စနိုးပြုံးပြီး ခေါင်းညိတ်သည်။

"အေးလေ၊ မေမေ မကန့်ကွက်ပါဘူး။ မိဘမျိုးရိုးကလဲ ဆိုစရာ မရှိပါဘူး၊ သားကြီးအတွက် မေမေ ဝမ်းသာပါတယ်၊ ဒါပေမယ့် အချိန်အနည်းငယ်တော့ သားကြီး ယူရလိမ့်မယ်"

မေမေရည်ရွယ်သည့်စကားကို သူ သိသည်။

သူ့ကို ဘွဲ့တစ်ခု ရစေချင်သည်မှာ မေမေ့ အသည်းနှလုံးမှလာသော ဆန္ဒလည်း ဖြစ်ပါ၏။ နောက်ပြီး ကေသီနှင့် မိမိကို တစ်ကွေ့တစ်နေရာ မေမေ ဆုံတွေ့ခဲ့သဖြင့် သည်အမေးစကား ဖြစ်ပေါ်လာရသည်ကိုလည်း သူ နားလည်သဘောပေါက်၏။

ညရောက်တော့ ညီကို မေမေ့သဘောထားနှင့် အကြောင်းစကားများကို ပြောပြဖြစ်ပါ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက ကိုကို့ကို ကေသီနဲ့ သဘောတူတဲ့ အနေအထား မှာရှိတယ် ညီ သိလား"

"သိပ်ရှိတာပေါ့ကွာ၊ မင်းကို မမေးခင်ကတည်းက ဖေဖေက ကေသီကို လေ့လာပြီးသား၊ စုံးစမ်းပြီးသား၊ ချမ်းသာတယ်၊ သမီးတစ်ယောက်ထဲ။ အဲဒါတွေနဲ့တင် ဖေဖေက ကေသီကို အမှတ်ပြည့် ပေးလိုက်ပြီးသားကွ သိရဲ့လား၊ ကေသီသာ ဆင်းဆင်းရဲရဲ နွမ်းနွမ်း မိသားစုထဲက ဖြစ်ကြည့်၊ မင်းကို သဘောတူပါလိမ့်မယ် အားကြီးကြီး၊ နားရင်းထမရိုက်ရင်တောင် ကံကောင်းပဲ"

"ဘာပဲဖြစ်ဖြစ်ကွာ ကိုကိုတော့ အရမ်းဝမ်းသာတာပဲ၊ ဖေဖေ့ ကိုလဲ အရမ်းကျေးဇူးတင်တယ်"

"ဖေဖေက တရားတော့ မတရားဘူးကွ"

"ဘာကိုလဲ ညီရ"

"ငါ့ကျတော့ အဲသလို လေးလေးနက်နက် မမေးဘူး၊ ရေရေ လည်လည် ဘာက်လိုက်တယ်"

ညလေအေးနှင့်အတူ ခြံထဲမှ ပန်းနံ့က ပြတင်းပေါက်ကို တိုးဝင်လာသည်။

"မိဘဆိုတာ အကြီးဘက် အငယ်ဘက် လိုက်တယ်လို့





ဘယ်ရှိလဲ ညီရာ၊ ညီ့ကို လေးလေးနက်နက် မမေးတာလဲ ဖေဖေ့မှာ အပြစ် မရှိပါဘူး"

"အေးလေ၊ မင်းအလိုကျတွေ ဖေဖေက ဖြိုးဖြိုးဖြိုးဖြိုးနဲ့ ခေါင်းညိတ်နေတော့ ဖေဖေ့ဘက်က မင်း ကာတော့မှာပေါ့ ရပါတယ်"

"မဟုတ်ပါဘူး ညီရာ၊ ကိုကို ဆိုလိုတာက ညီက တစ်နေ့ တစ်ယောက် ဆိုတာမျိုးကို တွဲနေတော့ ဖေဖေက ဘယ်သူ့ကို မှတည်ပြီး လေးလေးနက်နက် မေးရမှာလဲ၊ ခင်သော်ဇင်ကို မှတည် မေးရမလား၊ မာဂရက်၊ ပန်စီ၊ မာရီယာ၊ ဇင်မာ သူတို့တွေကို မှတည်ပြီး လေးလေးနက်နက် မေးရမလား"

ညီက စကားသံ ထွက်မလာ။

"ပြီးတော့ ဖေဖေ့မှာ ညီ့အတွက် ရည်ရွယ်ထားပြီးသား"

"ခေါက်...ခေါက်"

သူ့စကားမဆုံးခင် တံခါးခေါက်သံ ပေါ်လာ၏။

ညီက သူ့ခုတင်မှ ထပြီး–

"ဘယ်သူလဲ"

"အေးကြည့်မပါ ကိုလေး"

"အသံဖြူပါလား၊ နင့်ဘိုးအေမို့လို့ တံခါးကို အရမ်းခေါက်



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ"

"ဧည့်သည်တွေရောက်နေလို့ ဖေဖေကြီးက ကိုကြီးနဲ့ ကိုလေးကို ခေါ်ခိုင်းလို့ပါ"

"ဘယ်က ဧည့်သည့်တွေလဲ"

"ကျွန်မ မသိဘူးကိုလေး၊ ဖေဖေကြီးကတော့ ဝမ်းသာအားရကို ဖြစ်တာပဲ"

"အေး လာခဲ့မယ်"

အေးကြည်မ အပေါ်ထပ်မှ ဆင်းသွားသံကို ကြားသည်။

"ကဲ… ဆင်းကြစို့ညီ၊ ဖေဖေက သူ့ဧည့်သည့်တွေနဲ့ မိတ်ဆက်ပေးချင်လို့ထင်တယ်"

"ကိုကိုပဲ ဆင်းသွား၊ ညီ တစ်နေ့လုံး ပင်ပန်းတာ အနားယူချင်ပြီ"

"ဟာ…ဖြစ်မလားညီရ၊ ဖေဖေက နှစ်ယောက်စလုံးကို ခေါ်တာ၊ လာ…လှာ ဖေဖေ့ကို စိတ်အနှောင့်အယှက် မပေးနဲ့"

ညီလတ်ကို ဆွဲခေါ်ခဲ့ရသည်။

လှေကားကို နင်းဖိအဆင်း အောက်ထပ်မှ ဖေဖေ၏ စကားသံနှင့် ရယ်မောသံကို ကြားစပြုလာ၏။

• • •





တအံ့တသြ ဖြစ်နေရသည်။

ဖေဖေ့ရှေ့ဆိုဖာတွင် ခေတ်ကိုအမီလိုက်ထားသော ဝတ်စားဆင်ယင်မှုနှင့် သေသပ်စွာ ထိုင်နေသူကို 'ဘိုမ' ဟု နားလည်သိချိန်တွင် ဖြတ်သန်းကျော်လွှားခဲ့သည့် ကာလများကို ချက်ချင်း သုံးသပ်မိပါ၏။

"ဒါ…သားကြီး မောင်ကျော်လွင်ဦးလေ၊ ကိုကြည်မောင်နဲ့ မခင်မေလွင် သိတယ်မို့လား၊ ဒါက အငယ်ကောင် ညီလတ်"

ဖေဖေ့အသံက ဝမ်းသာအားရသံ။

"လမ်းမှာတွေ့ရင် ဘယ်လိုမှ မှတ်မိနိုင်စရာ မရှိဘူး၊ သမီး သူတို့ကို မှတ်မိတယ်မို့လား"

ဘိုမက ရယ်ရယ်ပြုံးပြုံးနှင့် ခေါင်းညိတ်သည်။

သူ အံ့သြရသည်က ဘိုမမျက်နှာထားက ငယ်စဉ်ကလို တင်းတင်းမာမာ မဟုတ်။ ငယ်ဘဝနှင့် ခြားနားသော ဟန်အမူအယာများကို အရွယ်နှင့်အသိက ပြောင်းလဲပေးခဲ့ပုံရသည်။ ဖေဖေတော့ ညီလတ်နှင့် ဘိုမကို အဓိပ္ပာယ်ပါသော အကြည့်နှင့်- ပြုံးပြီး ကြည့်ပါ၏။

"မင်းအန်ကယ်ကြည်မောင်က ပင်စင်ယူလိုက်ပြီ သားရဲ့၊ ရန်ကုန်ကို ပြန်ပြောင်းလာကြတာ၊ ခုနစ်မိုင်မှာ မြေဝယ်ထားတယ်လေ၊ တိုက်ဆောက်မှာ တိုက်မပြီးသေးတော့ ဖေဖေတို့နဲ့ပဲ နေမှာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ညီက ကြီးမေနံဘေးမှာ ကြုံ့ကြုံ့ကလေး ထိုင်ပြီး တစ်ချက်တစ်ချက်တွင် ဘိုမကို လှမ်းအကဲခတ်ကြည့်သည်။

သိန်းရီမနှင့် အေးကြည်မက ဘိုမတို့၏ သားရေသေတ္တာကြီးများကို သယ်ပိုးပြီး အောက်ထပ်ထောင့်စွန်းခန်းသို့ ယူသွားသည်။

"ရထားနောက်ကျတယ်ထင်တယ်"

"ဟုတ်တယ် ကိုမင်းလတ်၊ တောင်ငူနဲ့ဖြူးကြားမှာ ပျက်သေးတယ်"

"ဖုန်းဆက်ပြီးတော့များ အကြောင်းမကြားဘူးဗျာ၊ ဖုန်းဆက်ထားတော့ လာကြိုရတာပေါ့"

"ခင်ဗျား အံ့အားသင့်သွားအောင် တမင်ဖုန်းမဆက်တာ"

"နေပါဦး၊ ကျန်တဲ့ပစ္စည်းတွေကကော"

"ဌာနက ကားနဲ့ တင်လာခဲ့တယ်၊ နက်ဖြန်နေ့လယ်လောက် ရောက်မယ်ထင်တယ်"

အဖော်မင်သော ဖေဖေ့အတွက် အပျော်တွေ ဖြစ်နေသည်။ ဖေဖေနှင့် အားလုံးကို နှုတ်ဆက်ပြီး အပေါ်ပြန်တက်သောအခါ ညီလတ်ရယ်မြူးနေ၏။

* * *



"ကိုကို"

"ဘာလဲညီ"

"ငါ အချစ်ဆိုတာကို ရှာတွေ့ပြီကွ"

အခန်းထဲ ရောက်မဆိုက် ညီက ပြောသည်။

"ဘယ်မှာ ရှာတွေ့တာလဲ"

"အောက်ထပ်မှာလေ"

သူ့မျက်ခုံးတန်းလေး တွန့်တက်သွား၏။

"ဘိုမလား"

"ဟုတ်တယ်"

"မင်းဟာက မမြန်ဆန်လွန်းဘူးလား ညီ၊ ဘိုမကို ကြီးမှ ခုတစ်ခါပဲ တွေ့ရတဲ့ဟာ"

"အချစ်မှာ အချိန်ကာလ ကြာမြင့်မှု၊ နှောင့်နှေးမှုရယ်လို့ မရှိဘူးကွ ကိုကိုရ၊ ချစ်ချင်းအစ မျက်စိကတဲ့ ငါခု ဘိုမကို ရေရေလည်လည် ချစ်သွားတယ်"

"မာဂရက်တို့တုန်းကလဲ ညီဒီလိုပဲ ပြောခဲ့တာပါပဲကွာ"

"အဲဒီ ပြောခဲ့တုန်းက အနှစ်မပါဘူး၊ ခုငါ ဘိုမကို မြင်မြင်ချင်းရင်မှာ အရမ်းလှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အနှစ်ပါတဲ့ အချစ်လား"

"သိပ်ဟုတ်တာပေါ့ကွာ၊ ရင်ထဲမှာ အေးခနဲ စိမ့်ခနဲကို ခံစားလိုက်ရတာ"

ပြောပြီး ညီက ခုတင်ပေါ် ပစ်လှဲသည်။

"ငါ့အသည်းနှလုံးကို ပေါက်ပန်းဈေးဆန်တယ်လို့ မင်းသုံးသပ်နေသလား ကိုကို"

စကားကို မတုန့်ပြန်ဘဲ ခေါင်းအုံးကို ခုတင်စောင်းမှာတင်ပြီး ခေါင်းတင်လှဲလိုက်သည်။

"မသုံးသပ်ပါနဲ့ ကိုကိုရာ၊ အိမ်ပေါ်ထပ်က ဆင်းလာချင်းဘိုမကို မြင်တော့ ရင်မှာ တလှပ်လှပ်နဲ့ ဖြစ်လာတာ"

"အဲဒါလဲ အနှစ်ပါတဲ့ အချစ်လား"

"ဒါပေါ့ကိုကို၊ ငါရည်းစားပေါင်းမြောက်များစွာ ထားဖူးတာမင်းအသိပဲ၊ ဒါပေမယ့် ငါတစ်ခါမှ အဲသလို ရင်မှာ တလှပ်လှပ် မခံစားခဲ့ရဘူး သာမန်ပဲ၊ ဖွဲ့ဖွဲ့လန်းလန်းလဲ မရှိဘူး၊ ခု ဘိုမ မျက်နှာလေးကို အောက်ထပ်ပြေးဆင်းပြီး နောက်ထပ်တစ်ခါတောင် ထပ်ကြည့်လိုက်ချင်တယ်ကိုကို"

"တော်ပါတော့ ညီရာ၊ မင်းရင်ထဲက အချစ်တွေ အခုမှ





အနှစ်အကာတွေနဲ့ ဖြစ်လာပြီ ဆိုတာကို ငါ ယုံလိုက်ပါ့မယ်၊ သွားတော့ ဆင်းမတွေ့ပါနဲ့။ တော်တော်ကြာ မေမေက ငါ့သားတော့ ပိုးထပြန်ပြီဆိုပြီး အန်ကယ်ကြည်မောင်ကို အားနာပါးနာ ဖြစ်နေပါဦးမယ်"

"မင်းကလဲ ပိုးထတာ မဟုတ်ပါဘူးကွ အချစ်ပါ"

သည့်နောက် အတန်ကြာသည်ထိ စကားမပြောဖြစ်။ သူက မီးချောင်းကို ပိတ်လိုက်ပြီး ညအိပ်မီး အပြာရောင်ကို ဖွင့်လိုက်သည်။

"ကိုကို အိပ်တော့မလို့လား"

"မအိပ်သေးပါဘူး"

"ငါ စဉ်းစားနေတယ်"

"ဘာကိုလဲ"

"ဘိုမက ငါ့ကို ချစ်မှ ချစ်ပါ့မလား မသိဘူး"

"ချစ်မှာပါ ညီရ"

"မင်း ဘာကိုသုံးသပ်ပြီး ချစ်မှာပါလို့ ပြောနိုင်တာလဲ ကိုကို"

"တွေးရတာ လွယ်လွယ်လေးပါ ညီရာ၊ ဒီလို မလာခင်ကတည်းက ဘိုမ ဒက်ဒီနဲ့ မာမီက သူ့သမီးကို ညီနဲ့ လူကြီးချင်း



www.burmeseclassic.com

www.burmeseclassic.com



သဘောတူထားတဲ့အကြောင်း ပြောမှာပဲ။ ဘိုမဘက်က ဘာမှ ငြင်းချက်မရှိလို့ ဒီမှာ စိတ်လက်ဆေါ့ပါးစွာနေပြီး တိုက်ဆောက်ဖို့ စိစဉ်တာပေါ့။ ပြီးတော့ မေမေက ဒါ ညီလတ်လေလို့ ပြောတော့ ဘိုမ ရှက်ပြုံးလေး ပြုံးပြီး ခေါင်းငုံ့သွားတယ် မဟုတ်လား"

"ဟုတ်တယ်ကိုကို၊ ငါလဲ မြင်တယ်"

"ဒါမြတ်နိုးနိုင်မှု၊ ချစ်နိုင်မှုရဲ့ သင်္ကေတလေးတွေပဲကွ"

"အာပါး၊ မင်း အရမ်းတိုးတက်နေပြီကွာ၊ အချစ်နဲ့ပတ်သက်တဲ့ လေ့လာသုံးသပ်ချက်တွေ အရမ်းတန်းမြင့်နေပြီ၊ မင်းစကားကြောင့် ငါအရမ်းပျော်သွားပြီ"

အံ့တော့ ဩရသည်။

အချစ်နှင့် ပတ်သက်လျှင် ညီသည် သည်မျှလောက်အထိ ထိတ်ထိတ်ပျာပျာ မဖြစ်ခဲ့ဘူးပါ။

☆ ☆ ☆



[အပိုင်း – လေး]

www.burmeseclassic.com

www.burmeseclassic.com

(၂၅)

"နံနက်ခင်းမှာ လမ်းလျှောက်တာ ကျန်းမာရေးနဲ့ သိပ်ညီတာ၊ ကိုယ်က ကျန်းမာရေး လိုက်စားတာကို ရေရေလည်လည် ဝါသနာပါတာ၊ ကိုကို့ကို အဖော်ညှိလို့ မရတာနဲ့ အပြေးလဲ မလေ့ကျင့်ရ၊ လမ်းလဲ မလျှောက်ရနဲ့ တော်တော့်ကို နေမထိ ထိုင်မသာ ဖြစ်နေတာ ဘိုမ ရောက်လာမှ အဆင်ကို ပြေတော့တာပဲ"

"ဘာအဆင်ပြေတာလဲ"

"အဖော်ရတာကို ပြောတာပါ"

ဘိုမ အားကစားထရက်စုံ အပြည့်အစုံနှင့် စတိုင်တင်းနေသော ညီလတ်ကို ကြည့်ပြီး စိတ်က ရယ်ချင်နေ၏။

"ကိုဦးပြောတော့ တစ်မျိုးပါလား ကိုလတ်ရဲ့"

"ဘာကို တစ်မျိုးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီးရေပြင်ကို ကျော်ဖြတ် တိုက်ခတ်လာသည့် လေအေးကို အားရပါးရ ရှူရှိုက်လိုက်သည်။ ရေပြင်ပေါ်မှ ကရဝိက်ကြီးကို နှင်းများကြားမှာ မှုန်ဝါးဝါး မြင်ရ၏။

"ကျန်းမာရေးအတွက် မနက်ဘက် လမ်းထွက်လျှောက်မယ် ဆိုရင် ဘယ်တော့မှ မထဘူးတဲ့။ ဘိုမ ရောက်မှ ညီ အရမ်းဝီရိယ ကောင်းနေတယ်တဲ့။ ဘိုမတို့ စရောက်ပြီး နောက်နေ့မှာ ဘိုမ လမ်းလျှောက်ထွက်တာ မြင်တာနဲ့ ညီ ဈေးပြေးပြီး ထရက်စုတ ဝယ်တာတဲ့"

"ဟာ...ကိုကို ဘာတွေ လျှောက်ပြောမှန်း မသိဘူး"

"အန်ကယ်ကလဲ ပြောပါတယ်နော်၊ စုကျောင်းပိတ်ရက်မှာ အငယ်ကောင် ကျန်းမာရေး လိုက်စားနေပါလားတဲ့၊ ဒါတိုင်းဆိုရင် နေဖင်ထိုးမှ ထတဲ့ကောင်တဲ့"

"ဟာ...နေခါးထိုးတယ်ဆိုလဲ ဖြစ်ပါတယ်"

"အို...စာစကားရှိလို့ ပြောရတာလဲဟာ"

"ရှက်စရာကြီး"

"ရှက်တယ် ဟုတ်လား၊ တို့သိရိရတာနာခြံကြီးကို ညဘက်မှာ ရောက်တယ်၊ နောက်နေ့မနက်ရောက်တော့ ရည်းစားစကား ပြောခဲ့ တယ်၊ နှစ်ဆယ့်လေးနာရီတောင် မပြည့်သေးဘူး ချစ်တယ်ပြောတာ မရှက်ဘူးလား"





"ဟဲ...ဟဲ ကိုယ်နဲ့ဘိုမက ငယ်ချစ်ပဲဟာ"

"ဘာငယ်ချစ်လဲ၊ ငယ်ငယ်တုန်းက လူကို ပိတ်တွန်းတာလေ၊ တစ်သက်မကျေဘူး သိလား"

"ဒါဖြင့် ဘိုမ စိတ်ကျေနပ်အောင် ကန်တော်ကြီးထဲ စုန်ချ သေပြလိုက်မယ်"

အတွယ်ယှဉ်လျှောက်ရင်း ညီလတ်က ဟန်ပြင်သည်။

"အ်မာ...ဆွဲမယ်မထင်နဲ့၊ တကယ်လဲ မသေရဲဘဲနဲ့လား မရှိုးနဲ့ ညီလတ်၊ မိဘချင်း သဘောတူထားပြီးသား ဆိုပြီးတော့လဲ ကိုလတ် သိပ်အခွင့်အရေးယူတာပဲ"

"ဘိုမက ကိုယ့်ကို မချစ်လို့လား"

"သွားပါ၊ ကျွတ်ဆတ်ဆတ် မာကျောကျောပုံစံကို သိပ်မုန်း တာပဲ သိလား၊ မိဘစကား နားထောင်တဲ့ သမီးအလိမ္မာ ဖြစ်ချင် လွန်းလို့သူ့ကို ချစ်လိုက်တာ"

"ဘယ်လိုပဲချစ်ချစ်လေ၊ ချစ်ဖို့ပဲ အရေးကြီးတာ"

နှင်းမှုန့်များကြားမှ ဘိုမက မျက်စောင်းထိုး၏။

"ကိုလတ်ကို မကျေနပ်တာ တစ်ခုရှိသေးတယ်"

"ဘာကိုလဲ"

"ကိုလတ်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးရင် ဘိုမတို့တဲ့ ယာမည်ကြီးနဲ့ မိတ်ဆက်မပေးပါနဲ့၊ မိုးမြင့်မေသူဆိုတဲ့ မှတ်ပုံတင်



www.burmeseclassic.com

www.burmeseclassic.com



နာမည် ကျော်ဒင်းနာမည် ရှိပါတယ်"

"ကိုယ့်ကိုက နှုတ်ကျိုးနေပြီလေ"

"ကိုလတ် နှုတ်ကျိုးတာက အရေးမကြီးဘူး၊ ကိုလတ်သူငယ်ချင်းတွေ ဘိုမ ဘိုမ မဘိုမလို့ ခေါ်တာကို နားထောင်ရတာ တကယ့်ကို ကန့်လန့်ကြီး သိလား"

"နာမည်ကို ပြင်ခေါ်လို့ ပြောလိုက်ပါ့မယ်"

"မနောက်နဲ့နော်"

စကားကိုဘန့်ပြီး ဘိုမက လမ်းလျှောက်ခြင်းအလုပ်ကို ခပ်သွက်သွက်ကလေးလုပ်သည်။

"ဖြေးဖြေးလျှောက်ပါဟ"

"အို..ကျန်းမာရေးအတွက် လမ်းလျှောက်ပါတယ်ဆိုမှ လိပ်လိုလျှောက်နေရမှာလား၊ ကိုလတ်မလျှောက်နိုင်တော့ဘူးလား"

"ဒုက္ခပဲ"

"ဒါဖြင့် ဖြေးဖြေးလျှောက်ပါ ဘာပါ လာအော်မနေနဲ့ မိုးစင်စင်မလင်းခင် အိမ်ကို အရောက်ပြန်လျှောက်မယ်၊ မောခြင်းကို အောင့်အည်းသည်းခံပြီး လျှောက်ရသည်။ အိမ်ပြန်ရောက်တော့ အခန်းထဲမှာ လေးဘက်ကြီး ပစ်သွားရသည့် မိမိကို ကြည့်ပြီး ကိုလှိုင်က ရယ်ပါတော့၏။

☆ ☆ ☆

(၂၆)

အင်းလျား၏ ညနေလေအေးက ခပ်စိမ့်စိမ့်ကလေး တိုက်ခတ်သည်။ ကန်ဘောင်မှာ လမ်းလျှောက်ရင်း သူက ကေသီ၏ လက်ချောင်းကလေးများကို ဆုပ်ကိုင်ထား၏။

သည်နေရာ သည်ဒေသကို ညနေအေးတိုင်း သူနှင့် ကေသီ လာနေကျပါပဲ။ ဘဝအရေးနှင့် ပတ်သက်ပြီး ဒီကန်ဘောင်ပေါ်မှာ ဆွေးနွေးတိုင်ပင်ရသည်ကလဲ ခဏခဏ။

ခုလဲ သူ့ရင်က ဆန္ဒတွေက ကေသီနှလုံးသားကို စိုးမိုးထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က မေမေ့ကို အကြောင်းစုံ ဖွင့်ပြောထားတာ၊ ကေသီ့ကိုလဲ မေမေက သိထားတယ်လေ၊ ညကတော့ မေမေက ပြောတယ်၊ သားကြီး ပညာစုံပြီပဲတဲ့၊ သားကြီး ဆန္ဒမှန်သမျှ မေမေက ဖြည့်ဆီးပေးဖို့ အသင့်ပဲတဲ့၊ ကေသီ့မိဘတွေဆီ သွားပြီး အသိပေး နေ့စပ်ရမလားတဲ့"

"ကေသီ ရှက်တယ်"

"ဘာရှက်စရာလဲ ကေသီရယ်၊ လူတိုင်း ရင်ဆိုင်ရတဲ့ အချစ်တို့ အိမ်ထောင်ရေးတို့ဆိုတာ ရှက်စရာအလုပ်မှ မဟုတ်တာ"

"အပြောကောင်း၊ ကိုဦးက ယောကျ်ားလေးဆိုတော့ ကိုယ့်အမေကို သူငယ်ချင်းလို သဘောထားပြီး ပြောလို့ရတယ်၊ ကေသီက ဘယ်လိုပုံ စံထားပြီး သွားပြောရလဲ ကိုဦးရဲ့၊ ခဏလေးနေပါဦး ကိုဦးရယ်၊ မေမေ့ကို ကေသီဖွင့်ပြောပြီး ဖေဖေ့ကို အသိပေးနိုင်းပါမယ်"

"ခုပြန်ရင် ပြောကွာ"

"နှုတ်ကမရဲဘူး ကိုဦးရေ၊ ဖွင့်ပြောရင် မေမေတို့ သဘောတူမယ်ဆိုတာ သိတယ်၊ နှုတ်ကိုက ရှို့တွန့်တွန့် ဖြစ်နေတာ"

"ဒါဖြင့် မေမေ့ကို လွှတ်လိုက်မယ်"

"အမယ်လေးလေး၊ အဲဒါမှ မိကေသီ ရှက်ပြီး နေရာဘုံးစနဲ့ လဲမယ်၊ လပိုင်းလေးတောင် မစောင့်နိုင်ရအောင် ကိုဦး





ဘယ်လိုဖြစ်နေတာလဲ၊ ဒီကိစ္စကြီး ပြောဖို့က အရှိန်ယူရသေးတဲ့ဟာ"

ကိုဦးကလဲ လိမ္မာပါတယ်ကွာ၊ ကေသီကို မရမှာ ကျနေတာပဲ ဆိုသည့်စကား အပိတ်ဝယ် ကျေနပ်မှုနှင့် ခေါင်းညိတ်လိုက်ရသည်ချည်း ဖြစ်သည်။

ပြန်တော့ သူ့ ကားကို ခပ်ကြွမ်းကြွမ်းမောင်းသည်ကို ကေသီက...

"ဘာလဲ ပြောတဲ့စကားကို မကျေနပ်လို့ ဆန္ဒပြတဲ့ သဘောနဲ့ ကားကို အရမ်းမောင်းတာလား"

"မဟုတ်ပါဘူး"

"အကဲမပါနဲ့ သိလား၊ မိကေသီက ခုတစ်ခါတည်းတောင် ကိုဦးနဲ့ လိုက်ချင်တာ"

"ဒါဖြင့် မပြန်နဲ့တော့လေ မေမေဆီ တစ်ခါတည်း ခေါ်သွားမယ်"

"ပြောသွက်လိုက်တာဟယ်၊ ကေသီတစ်ခါတည်း မလိုက်တာက မိဘတွေ သဘောတူနိုင်ခြေရှိလို့ မလိုက်တဲ့ဟာ၊ မေမေ့ကို ပြောပြလို့ သဘောမတူတဲ့ အရိပ်အယောင်လေး ဖြကြည့် မမြင်ရ ကိုဦးနောက်ကို လုံးဝ လိုက်လာမှာ"



www.burmeseclassic.com

www.burmeseclassic.com



“အင်း…မြန်မြန်လိုက်ပြေးဖြစ်အောင် မတော်ရသေးတဲ့ ယောက္ခမကြီးက သဘောမတူတဲ့ အရိပ်အယောင် ပြပါစေလို့ ဆုတောင်းရတော့မှာပဲ”

“မဦးမချွတ်စကားတွေ မပြောနဲ့”

ပြောပြီး ကေသီက ဗိုက်ကောက်ကို လိမ်ဆွဲသည်။ လက်ထပ်ပြီးရင် ကိုဦးက ကေသီတို့နဲ့ လိုက်နေမှာနော် ဆိုသည့်စကားကို ပြောချိန်တွင် ကားက အဝိုင်းကို ကွေ့ပတ်သည်။

“စာအတိုင်းပဲ လုပ်ပါ”

“ဘာစာအတိုင်းလဲ”

“သျှောင်နောက် ဆံထုံးပါ၊ ဆံထုံးနောက် သျှောင်ပါဆိုတဲ့ ရှေးထုံးလဲ မရှိဘူး၊ ဈေးသုံးလဲ မရှိဘူး”

“ဟေအေး ကိုဦး၊ အဲဒါတော့ မရဘူးနော်၊ ဒီက သမီးတစ်ယောက်ထဲ၊ အဘိုးကြီး အဘွားကြီးကို ပစ်ထားပြီး လင်နောက်ကောက်ကောက်ပါအောင် မလိုက်နိုင်ဘူး”

“ဟ…ဖေဖေက ရွှေတောင်တန်းက သားကြီးအတွက် အမွေပေးထားတဲ့ တိုက်မှာ လင်မယားနှစ်ယောက် လွတ်လွတ်လပ်လပ် သွားနေရမယ်လို့ စီမံခန့်ခွဲထားတာ”





“မရဘူး မရဘူး”

“ဒါနဲ့ စောစောကတော့ မိကေသီက ခုတစ်ခါထဲတောင် ကိုဦးနဲ့ လိုက်ချင်တာဆို”

“ဒါမျိုးကျ လုံးစေ့ပတ်စေ့ ပြန်ပြောနိုင်လောက်အောင် အမှတ်သညာက ကောင်းတယ်၊ ကဲ–ကိုဦး ကေသီ့ကို မေဘယ်လ်တို့အိမ်ပဲ ပြန်ပို့၊ အဲဒီကို ကားလာခေါ်မှာ”

“အိမ်ကို တစ်ခါတည်း ပို့ပေးမယ်လေ”

“ရတယ် ကိုဦးပါ မပြန်ဘဲနဲ့ တစ်ခါထဲ နေလိုက်တော့”၊

ရယ်ရင်းနှင့်…

ချစ်ခြင်းသည် ပိုမိုခိုင်မာလာသည်ဟု သူ ယုံကြည်လိုက်ပါ၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

အသံကြောင့် ဖုန်းခွက်ကို ဘိုမက မ,ယူသည်။ ပြီး အနားမှာ ကပ်လိုက်၏။

"ပြောပါရှင်"

"..."

"ကိုလတ်လား ဘိုမပါ၊ ခုကိုလတ် ဘယ်က ဆက်နေတာလဲ၊ ကိုဦးနဲ့ ဘိုမ အဆင်သင့် ဖြစ်နေပြီ၊ ကိုလတ်ကို စောင့်နေတာ"

"..."

"ဟာကွာ ကိုလတ်က ဘာမှန်းမသိဘူး၊ ဒါဖြင့် ခုထွက် လာတော့မယ် မြန်မြန်လာနော်"

www.burmeseclassic.com

www.burmeseclassic.com



"…"

"ဟုတ်တယ်လေ၊ လက်မှတ်က ဘိုမဆီမှာ"

ခေါင်းတညိတ်ညိတ်နှင့် စကားဆိုပြီး ဘိုမက ဖုန်းခွက်ကို ချလိုက်သည်။

"ညီလား ဘိုမ"

"ဟုတ်တယ်ကိုဦး၊ သမ္မတရုံအောက်က စောင့်တဲ့၊ သူ့ကို သူငယ်ချင်းတွေ ညှင်းပြီး ဝိုင်းဆွဲထားလို့တဲ့၊ သူ အမီလာခဲ့မယ်တဲ့"

"ဟာ…ညီကလဲ လုပ်တော့မယ်"

"အင်းလေ၊ ကိုဦးညီ လုပ်လိုက်ရင် ဘယ်တော့မှ အဆင်ချော တယ် မရှိဘူး၊ ကဲ… သွားမယ်ကိုဦး၊ ရုံအောက်မှာပဲ စောင့်ကြတာပေါ့၊ ကားသော့ကို လှမ်းယူပြီး အိမ်ထဲမှ ထွက်ခဲ့ကြသည်။ ကားပေါ် ရောက်တော့ ဘိုမက နှုတ်ခမ်းလေး စူပွပွ လုပ်သေး၏။

"ကိုလတ်ကတော့ ဘယ်သွားသွား ဘာလုပ်လုပ် သူ့မှာ ကိုကို့ သတိရပါ့။ ခုလဲ ကိုကို့ကိုပါ အရခေါ်မယ်၊ ကိုကို့အတွက်ပါ လက်မှတ်ဝယ်လာတယ်ဆိုပြီး သူကျတော့ အချိန်နဲ့ ရောက်မလာဘူး"

"ရုံအောက်ကို ရောက်ချင် ရောက်နေမှာပါ"

"ဆုတောင်းရတာပဲ၊ ကိုဦးညီက အပေါင်းအသင်းတွေ့လို့က



တော့ တစ်လောကလုံး မေ့တာ၊ ဟိုတစ်နေ့ကလဲလေ သူကတော့ သူငယ်ချင်းတွေနဲ့ သောက်စားပြီး ဟေးလား ဟားလား ပြောလို့၊ ဒီမှာဖြင့် တစ်ယောက်ထဲ ကြောင်တက်တက်ကြီး ထိုင်နေရတာ"

ကားကို ခြံထဲက မောင်းထွက်ခဲ့သည်။

"ဘိုမက နားရင်နှစ်ချက်လောက် ဆင့်တီးပစ်လိုက်ပါလား"

"အမယ်လေး၊ မလုပ်ပါနဲ့နော်၊ ဟိုတစ်လောက ခြံထဲမှာ ဓားမြောင်ကြီးကိုင်ပြီး နိုင်မယ်တော့မကြဲနဲ့ နှာခေါင်းနဲ့ နှုတ်ခမ်းကို ဓားနဲ့ လှီးပစ်လိုက်မယ်လို့ ခြိမ်းခြောက်တယ် သိလား"

"ကျိုစယ်တာနေမှာပါ ဘိုမရ"

"မယုံရဘူး ကိုဦး သိသားပဲ၊ နယ်မှာတုန်းကလေး ငယ်ငယ် ကတည်းက ဆောင့်အတွန်း ခံခဲ့ရတာ"

ငယ်ဘဝကို သတိတရရှိသည်။

သည်တုန်းက သူကိုယ်တိုင် ဘိုမကို အသည်းယားခဲ့ရတာပါပဲ။

• • •

"သိပ်စိတ်တိုဖို့ ကောင်းတာပဲ"

ဘိုမ စိတ်တိုမည်ဆိုလည်း တိုသင့်ပါသည်။ ရှင်ရှုင်ချိန်

www.burmeseclassic.com

www.burmeseclassic.com



နီးသည်ထိ ညီ၏ အရိပ်အယောင်ကို မမြင်ရ။

"သိပ်အသည်းယားဖို့ ကောင်းတာပဲ၊ ရုပ်ရှင်က ပြတော့မယ်၊ အောက်မှာ လူတောင် မရှိတော့ဘူး"

"အေးကွာ၊ ညီကလဲ ဘယ်လိုမှန်းမသိဘူး၊ ကေတွ့ သူ့ သူငယ်ချင်းတွေ အတင်းအဓမ္မ ဆွဲထားကြလို့ တူတယ်"

"ဘယ်လိုပဲဆွဲဆွဲ ကိုဦးရ၊ လက်မှတ်ကို သူကိုယ်တိုင် ကြိုဝယ်လာတာ၊ ပွဲချိန်ကို သူ သိတယ်၊ ရောက်အောင်လာရမှာပေါ့"

သူကတော့ ခပ်အေးအေး။

ညီရုပ်ရှင်ပြချိန်ထိ ရောက်မလာလျှင် အစီအစဉ်ဖျက်ပြီး အိမ်ပြန်ကြမည်ဟု တွေးနေဆဲဝယ်...

"ဟော...ဘဲလ်တောင်တီးနေပြီ၊ လာ...ကိုဦး သူ့ကို မစောင့်တော့ဘူး၊ ဒီကားက ဒီနေ့နောက်ဆုံးပဲ၊ ဘိုမကတော့ ကြည့်ဖြစ်အောင် ကြည့်မှာပဲ"

ဘိုမ ဆွဲခေါ်ရာ သူ လိုက်ပါခဲ့ရသည်။

ရုံထဲရောက်တော့ နိုင်ငံတော်အလံ ပစ်လွှင့်ထူပြီးသွားပြီ။

* * *



နှုတ်ဆွံ့သိမ်မွေ့သည်ဆိုသည့် အချစ်စာတော်လမ်းကိုလည်း ရင်မှာ တလှပ်လှပ်နှင့် ခံစားရခြင်း မရှိ။ စိတ်၏ မှုန်းကြပ်နေမှုများသည် ရုပ်ရှင်ပြီးဆုံးသွားမှ ပြေပျောက်သလို ဖြစ်ရတော့သည်။

လူအုပ်ကြားမှာ ဘိုမက လူပျောက်မည်စိုးသဖြင့် သူ့လက်မောင်းကို ဆုပ်ကိုင်သည်။

အောက်သို့အရောက် ကားဆီသို့ အလျှောက်တွင်–

"ဒီမယ် ရှိကျော်လွင်ဦး"

ခေါ်သံကြောင့် နံဘေးသို့ ဆတ်ခနဲ လှည့်ကြည့်သည်။

"ဟင်...ကေသီ"

"ဟုတ်ပါတယ် ကေသီပါ၊ မော်လမြိုင်က ရောက်လာတဲ့ တူမလေးကို ရုပ်ရှင်လိုက်ပြမိတာ ကျွန်မအတွက် အတော့်ကို ကံကောင်းတာပါပဲ"

"မဟုတ်ဘူး ကေသီ၊ မဟုတ်ဘူး"

"ဟုတ်ပါတယ်။ ရှင့်လို မျက်နှာများတဲ့လူကို စော်စောစီးစီး လမ်းခွဲနိုင်အောင် နတ်ကောင်း နတ်မြတ်တွေက ကြည့်ရှုစောင့်ရှောက်လိုက်တာပဲ"

ပြောပြီး ကေသီ ချာခနဲ ကျောခိုင်းလှည့်ထွက်သည်။ မင်းအောက်စွာ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကြည့်နေဆဲဝယ် ကားတံခါးဖွင့်သံနှင့် ပိတ်သံကို ခပ်ကြမ်းကြမ်း ကြား၏။

"သူ...သူ...ဘယ်သူလဲ ကိုဦး"

"ကေသီပါ၊ ကိုယ့်ချစ်သူပါ"

"ဟာ...ဒါဆိုရင် သူ ဘိုမတို့ကို အထင်လွဲသွားပြီ၊ ဘိုမ လိုက်ရှင်းမယ် ကိုဦး"

ဘိုမ ခြေလှမ်းအပြင်တွင် လက်ကို ဖမ်းဆွဲထားလိုက်သည်။

"လိုက်မရှင်းနဲ့ဘိုမ၊ သွေးပူနေတဲ့အချိန်မှာ ကေသီ သဘော ပေါက် နားလည်မှာ မဟုတ်ဘူး၊ နောက်နေ့မှ ကိုယ် ကေသီ့ကို တွေ့ပြီး ရှင်းမယ်"

လှမ်းအကြည့်ဝယ် ကေသီ၏ စိမ်းဖန့်သော အကြည့်ကို မြင်သည်။ သုန်မှုန်နေသော မျက်နှာပြင်သည် ဒေါသမာနတို့နှင့် အရောင်ဟပ်နေပါ၏။

* * *

အင်း...အပြစ်ကတော့ ငါ့အပြစ်ပါ ကိုကိုရာ၊ အော်စကာတို့ ယုတ်ပတ်ပြီး ဆွဲထားကြတာ ဘယ်လိုမှ တောင်းပန်လို့ မရဘူး





ရုပ်ရှင်ကြည့်ဖို့ ချိန်းထားပါတယ် ပြောတာကိုလဲ မယုံဘူး၊ ပိုဆိုးတာက တာချီလိတ်က စိုင်းတင်မြင့် ရောက်တော့ ပိုဆိုးရော၊ မင်းဧည့်သည်ကို ပစ်မသွားနဲ့ဆိုပြီး ဗိုင်းတားတာနဲ့ ငါ နေလိုက်ရတာ"

စုတင်စောင်းမှာ တင်ထားသည့် ခေါင်းအုံးပေါ်တွင် ခေါင်းကို တင်ပြီး မျက်စိကို အသာမှိတ်ထားဖြစ်သည်။

"ဘိုမလဲ တော်တော် စိတ်မကောင်းဖြစ်သွားတယ် ကိုကို၊ သူ လိုက်ရှင်းပြမယ်ဆိုတာကို ကိုကိုက ဘာလို့ ခွင့်မပြုရတာလဲ"

"ကေသီ့အကြောင်းလဲ ညီသိရက်သားနဲ့၊ စိတ်ဆိုးစရာ တစ်ခု ရှိရင် ဘယ်တုန်းက လတ်တလော ရှင်းပြလို့ ရလို့လဲ၊ ဝူးဝူးဝါးဝါး လုပ်မှ အရှက်ကွဲရမှာ"

ရေချိုးထားသဖြင့် ညီ့ကိုယ်မှ ဆပ်ပြာနံ့ သင်းနေ၏။

"ဘိုမနဲ့ပတ်သက်ပြီး ကိုကို ကေသီ့ကို ပြောပြမထားဖူးဘူးလား"

"အေး... အဲဒါကတော့ ကိုကိုလွဲသွားတာပါ ညီရ၊ တကယ်ဆို ဘိုမတို့ ရောက်လာတာနဲ့ ညီနဲ့ စေ့စပ်ထားတဲ့ အမျိုးသမီးဆိုတာ ကိုကို ပြောပြထားရမှာ၊ မပြောဖြစ်ခဲ့တာကိုက အမှားပဲ"

"မင်းကိုက အေးတိအေးစက် နိုင်ပါတယ် ကိုကိုရာ၊ ဘာမဆို မလုပ်တလုပ်နဲ့၊ ကဲ...ထမင်းသွားစားရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို စားချင်စိတ် မရှိဘူးကွာ"

"လုပ်မနေနဲ့၊ အောက်မှာ ဖေဖေ စောင့်နေတယ်၊ မင်းဆင်း မလာရင် ဖေဖေ တက်လာမှာ၊ စိတ်ကို ငြိမ်ငြိမ်သက်သက် ထား စမ်းပါကွာ၊ နက်ဖြန် မေဘယ်လ်ဆီသွားပြီး အကျိုးအကြောင်း ရှင်းပြရင် မင်းကေသီ စိတ်ပြေသွားမှာပါ"

သည်နည်းကလွဲပြီး အခြားနည်းလမ်း ဘာမှမရှိတော့။

☆ ☆ ☆



(၂၈)

စကားအလာ မျက်နှာထားကို ကြည့်ပြီး စိတ်မှာ မကောင်းဖြစ် ရသည်။ မေဘယ်လ်ကပင် မိမိကို ယုံကြည်ပုံ မရတော့။

"လက်မောင်းကို ဆုပ်ကိုင်ပြီး ရုံထဲက ထွက်လာတာကိုတော့ ဘယ်သူမဆို စဉ်းစားကြမှာပဲဟာ၊ မေဘယ်လ် မေးမယ်၊ ကေသီရုပ်ရှင် ရုံထဲက ယောကျ်ားတစ်ယောက်နဲ့ အဲသလို ပုံစံမျိုး ထွက်လာရင် ကိုဦး ဘယ်လို ဆုံးဖြတ်မလဲ"

"မေဘယ်လ်ရယ်၊ ကိုယ်အကျိုးအကြောင်း အားလုံးကို ရှင်းပြပြီး ပြီ မဟုတ်လား၊ မေဘယ်လ်ကပါ ကိုယ့်ကို မယုံမကြည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါလား"

မောဘယ့်လ်မျက်နှာမှာ အပြုံးမရှိ။

လက်ဖက်ရည်သောက်ပါ ကိုဦးဆိုသည့် ဧည့်ဝတ်စကားက ပင်လျှင် အေးစက်စက်နိုင်လွန်းသည်။

"ကိုယ့်ကို ကေသီနဲ့ ဆုံဖြစ်အောင် ကြိုးစားပေးပါ မောဘယ်လ်ရယ်၊ ကိုဦး ကေသီ နားလည်အောင် ရှင်းပြပါမယ်"

"ဒုက္ခပါပဲ၊ ကေသီက မောဘယ်လ်ကို စကားအကုန် ပြောသွားတာ။ ကိုဦးနဲ့ ပတ်သက်တဲ့အကြောင်း စကားကို သူ ဘာမှ မကြားချင်ဘူးတဲ့၊ မောဘယ်လ် အိမ်ကို အချိန်မရွေး လာနိုင်ပါတယ်တဲ့၊ ကိုဦးအကြောင်း ပါလာမယ်ဆိုရင် မြဲဝမှာ ထားခဲ့ပြီး ဝင်လာခဲ့ပါတဲ့။ အဲသလို စကားကို အကုန်ပြောထားတော့ မောဘယ်လ် ဘယ်လိုလုပ် ပြောရမလဲ၊ မောဘယ့်လ်ဘက်ကလဲ စဉ်းစားပေးဦးမှပေါ့"

သူ့ခေါင်းကို သာသာတွင်တွင် ခါရမ်းနေဖြစ်သည်။

"ရှင်းချက်ဆိုတာကတော့ ယောကျ်ားလေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် စည်းဝါးရိုက်ပြီး ရှင်းပြတတ်ကြတာပေါ့လေ မယုံရင် ကိုဦးညီကို မေးကြည့်ပါဆိုလို့သာ မေးကြည့်၊ ညီလုပ်တဲ့ သူကလဲ အစ်ကိုဘက်ကလိုက်ပြီး အကောင်းဆုံးအဖြေကို ပေးလိုက်





မှာပေါ့"

"မဟုတ်သေးဘူး မောဘယ်လ်၊ သူ အထင်လွဲတဲ့ ဘိုမကိုပါ ညီနဲ့အတူ ခေါ်လာမှာပါ၊ စည်းဝါးရိုက်ပြီး လိမ်ညာရအောင် ကိုယ် အဲသလောက် အောက်တန်းကျတဲ့စိတ် မရှိပါဘူး"

မောဘယ်လ်က မျက်နှာကို စေ့စေ့ကြည့်ပြီး သက်ပြင်းချသည်။

"အဲဒါကတော့ ကေသီ့အလုပ်တွေပဲလေ၊ မောဘယ့်လ်ကို စိတ်တော့မဆိုးပါနဲ့၊ သူ့စကားတွေ့ပေါ် အခြေတည်ပြီး မောဘယ်လ် ကေသီ့ကို ဘာမှ မပြောရဲဘူး၊ သူ့နာကျင်မှုတွေကို ကိုဦးအထဲမှာ တွေ့မှာပါ"

စာပါ အကြောင်းအရာတွေက စိတ်နှလုံး အေးချမ်းဖွယ်ရာမရှိ၊ သစ္စာမရှိသူကို မုန်းတီးရွံရှာကြောင်း၊ အချစ်ကြီးသလို အမျက်ကြီးတတ်ကြောင်း၊ ရှင်းပြစရာအကြောင်း ဘာမှမရှိတော့ကြောင်း၊ အပြေတစ်ခုသည် ရှင်းရှင်းလေး ပေါ်နေကြောင်းနှင့် နာကျင်မှုများကို ရက်ရက်စက်စက် ရေးထားသည့် စာသာဖြစ်သည်။

"ကိုယ်မှာ ဘယ်လိုဝဋ်ကြွေး ပါလာခဲ့သလဲ မသိပါဘူး မောဘယ်လ်ရယ်၊ ဖြစ်ရသမျှ အကြောင်းတွေက အထင်မြင်လွဲစရာ တွေချည်း ဖြစ်တော့တာပဲ၊ ကဲ...ကိုယ်ပြန်မယ် မောဘယ်လ်"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီး ခေါင်းကို ငိုက်ချထွက်လာခဲ့သည်။ ရင်မှာ တင်းကြပ်မှုတွေက နှလုံးသားကို ဆုပ်ညှစ်ထား၏။

ကေသီရယ်...

ရှင်းပြတာကို လက်မခံနိုင်တော့ဘူးလား။

တရားရုံးမှာတောင် တရားခံရဲ့ တင်ပြချက်ကို လက်ခံကြားနာရပါတယ်။ တကယ်တန်းကျ...

ကိုယ်တရားခံ မဟုတ်သေးပါဘူး။

* * *

ထမင်းဝိုင်းမှ သူ အရင်ဆုံး ထသည်။

အခန်းထဲရောက်ပြီး မကြာမီမှာ ရောက်လာ၏။

"ကိုကို ထမင်းသိပ်မစားဘူး၊ နေ့လည် ပြန်ရောက်ကတည်းက မျက်နှာရွှင်ရွှင်ပျပျ မရှိဘူးလို့လဲ ဘိုမ ပြောတယ်"

"ကိုကို စိတ်ညစ်လို့ပါညီ"

"ဘာကိုညစ်တာလဲ ကိုကိုရ"

"ကိုကို အရက်သောက်ချင်တယ်"

"စိတ်ညစ်လို့လား"





သူ ခေါင်းကို ညိတ်ပြ၏။

"စိတ်ညစ်လို့ အရက်သောက်တယ်ဆိုတာ လူပျော့လူညံ့တွေရဲ့ အလုပ် ကိုကို၊ အရက်ဆိုတာ စိတ်ပျော်မှ သောက်ရတာ၊ စိတ်ညစ်လို့ သောက်ရင် ပိုပြီး ညစ်လာမှာပဲ၊ နေပါဦး ကိုကို စိတ်ညစ်တာက ဘာကို ဦးတည်ပြီး ညစ်တာလဲ"

"ကေသီ"

"ကေသီ ဟုတ်လား"

ညီမျက်ခုံးတန်းနှစ်ခု တွန့်တက်သွား၏။

"ကိုကို နေ့ခင်းက ကေသီကို သွားတွေ့တယ်မို့လား"

"မေဘယ်လ်ဆီသွားတာ ညီ၊ မေဘယ့်လ်အမြင်ကလဲ ကိုကို့အပေါ် မရှင်းသလိုပဲ"

"ကေသီကို ခေါ်မပေးဘူးလား"

ခုတင်ပေါ် လဲလျောင်းရာမှ ထပြီး အံဆွဲထဲမှ ကေသီပေးသည့် စာကို ညီကို လှမ်းပေးသည်။

စာဖတ်ရင်း ညီမျက်နှာ ခပ်တင်းတင်း ဖြစ်နေ၏။

"ကေသီ ဒီလောက် ရက်စက်ဖို့ မကောင်းဘူး"

"ဟုတ်တယ်ညီ၊ ကိုကို သူ့ကို ဘယ်လောက်ချစ်တယ် ဆိုတာ သူ သိတယ်၊ ပြီးတော့ သံသယဆိုတဲ့ ပြဿနာတိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အဖြေတစ်ခု ရှိတယ်ဆိုတာ သူနားလည်တတ်ဖို့ ကောင်းတယ်၊ ကလေးမှမဟုတ်ဘဲ ကေသီလဲ ပညာတတ်တစ်ယောက်ပဲဟာ"

"အဲဒါကတော့ ကေသီ မိုက်ရိုင်းလွန်းတယ်ကိုကို၊ ဖြေရှင်းခွင့် မပေးဘဲ တစ်ဘက်သတ်သုံးသပ်ပြီး ဆုံးဖြတ်တာ ကေသီ လုံးဝ မတရားဘူး၊ ဒီကိစ္စမှာ ကိုကိုအသာနေ၊ အားလုံးကို ငါ ရှင်းမယ်"

"ရှင်းမှ ထပ်ရှုပ်ကုန်မယ်ညီရာ"

"ညီက ဘယ်သွားမှာလဲ"

"မင်းနဲ့ ကေသီကိစ္စကို ငါ ရှင်းမယ်လေ၊ အဲသလိုမှ မရှင်းရင် ငါ့ရှေ့မှာ မင်း နလုံးသားကြီး ဟက်တက်ကွဲပြီး





အရက်လက်တစ်လုံးလောက်နဲ့ မူးနေမှာ"

ညီအခန်းထဲမှ အပြေးကလေး ထွက်သည်။

ညီ နေဦး ဆိုသည့် သူ့စကားကိုလဲ ညီက နားထောင်ခြင်း မရှိ။

* * *

လက်တွင်ပတ်ထားသည့် ကွပ်နာရီမှ တီတီမြည်သံကို ညဆယ်နာရီထိုးပြီဟု ညီလတ် သိလိုက်၏။

ခြစည်းရိုးထောင့်ကို ဖျတ်ခနဲ ကပ်လိုက်ပြီး အပေါ်ထပ် ပြတင်းတံခါးကို အကဲခတ်ကြည့်သည်။

လေအေးစက် တစ်ချက်ဝေ့ရမ်းမှုနှင့်အတူ ပြတင်းပေါက်မှ အပြာရောင် လိုက်ကာစလေး လွင့်ခနဲ လူပ်သည်။

ကြည့်ဆဲမှာပင် အရိပ်တစ်ခုကို ညီလတ် မြင်သည်။

"အင်း...ကေသီ မအိပ်သေးဘူး"

စည်းရိုးမှ ပုဏ္ဏရိတ်ပင်များကို အသာချဲ့ပြီး ခြံထဲဝင်သည်။ သစ်ပင်ရိပ်များကြောင့် အမှောင်က သိပ်သည်းနေ၏။ ဧည့်ဂေဟာကို အောက် မီးအလင်းရောင်က ခြံနံဘေးသို့ ကူးရောက်လာခြင်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



"အိပ်ခန်း မှားဝင်မိရင် ငါတော့ အချုပ်ထဲ အရောက်ပဲ၊ မှားတော့ မမှားနိုင်ပါဘူးလေ။ ညဘက် ကိုကိုနဲ့ လမ်းလျှောက်ရင် တောင်ဘက်ထောင့်က အခန်းက ကေသီ့အခန်းဆိုတာ ကိုကို ပြထားဖူးတာပဲ"

ကိုယ့်ကိုယ်ကို အားပေးရင်း စိတ်ကို တင်းသည်။ ကံကောင်းသည်က ကေသီသည် အိပ်ခန်းပြတင်းတံခါးကို ပိတ်မထားခြင်းပင်။

အခြေနေအရပ်ရပ်ကို လေ့လာပြီး ညီလတ် တုံ့ဆိုင်းမနေတော့။

အခန်းနှင့် ကပ်လျက်ရှိသည့် ကတ္တီပါပင်ပေါ်သို့ ညီလတ် ခုန်တက်လိုက်သည်။

သတိကို ထားရင်း အခန်းနှင့် တန်းနေသည့် သစ်ကိုင်းပေါ်သို့ ခြေကို နင်းဖိသည်။

ကေသီ့အိပ်ခန်း လုံးဝ သေချာ၏။

ကေသီ့ကို ခုတင်ပေါ်မှာ လဲလျောင်းရင်း စာဖတ်နေသည်ကို လိုက်ကာကြားမှ မြင်ရသည်။

အချိန်ကို ဆွဲမနေတော့။

ခေါင်းအထက်မှ လက်မောင်းတစ်လုံးစာ သစ်ကိုင်းကို အားပြု



ပြီး အခန်းထဲသို့ လွှားခနဲ ခုန်ဝင်လိုက်သည်။

"အမေ့"

နောက်ဆက်တွဲ အော်သံ ထွက်မလာခင် ကေသီ့ပါးစပ်ကို ညီလတ်က ဘယ်လက်နှင့် ဖိကပ်လိုက်၏။ ညာလက်က ကေသီ လှုပ်လှုပ်ရှားရှား မလုပ်နိုင်အောင် ချုပ်ကိုင်လိုက်သည်။

"မအော်နဲ့ ကေသီ ငါ ညီလတ်ပါ"

"မှုး...ရှုး"

"မအော်နဲ့ဆို၊ နင်အော်လို့ အသံတွေ ကြားသွားရင် အားလုံး ပြဿနာ တက်ကုန်မယ်"

ပြောပြီး ကေသီက မျက်လုံးကို ရှုံ့ရှုံ့စိုက်စိုက် ကြည့်သည်။

"ငါ ညီလတ်မှန်း နင် သိပြီနော်"

ကေသီ ခေါင်းညိတ်၏။

ထိုအခါမှ ညီလတ်က ပါးစပ်ကို အုပ်ထားသည့် လက်ကို အသာလွှတ်သည်။

"နင်...နင် ငါ့အခန်းထဲ ဘာလို့ ဝင်လာတာလဲ ညီလတ်၊ ငါ အော်လိုက်ရင် နင် ဒုက္ခရောက်မယ်ဆိုတာ မသိဘူးလား"

ကေသီ၏ အုပ်ဆိုင်းဆိုင်းအသံကြောင့် သူမိဘတွေ အိမ်မည်ကို

www.burmeseclassic.com

www.burmeseclassic.com



ပူပန်မှုန်း ညီလတ် သိလိုက်၏။ နောက်ပြီး အိပ်ခန်းက အုတ်ရိုးကာ အလုံခန်း ဖြစ်သဖြင့် အတွင်းမှအသံကို တော်တန်ရုံ ပြင်ပမှ ကြားနိုင်ခြင်း မရှိသည်ကို ညီလတ် သဘာပေါက်ထား၏။

"သိတာပေါ့၊ နင်အော်ရင် ငါ့ခုက္ခကောင်းကောင်း ရောက်မယ်ဆိုတာ သိပ်သိတာပေါ့။ ဒါပေမယ့် ဒုက္ခဘုံကို ငါတစ်ယောက်ထဲ မသွားဘူး ကေသီ၊ နင့်ကိုပါ တစ်ပါတည်း ခေါ်သွားမှာ။ ဒီမှာ ကြည့်စမ်း ဒါ ဘာလဲ"

ဘောင်းဘီခါးကြားမှာ ထိုးထားသည့် မောင်းပြန်ဓားကို ဝတ်ထားသည့် ဂျာကင်ကို လှပ်ပြီး ညီလတ်က ပြသည်။

ကေသီ တွန့်ခနဲ ဖြစ်သွား၏။

"နင် .လူမိုက်"

"ဟုတ်တယ်၊ ငါ့ကိုကို့အတွက် မိုက်ဖို့လာတာ သိလား"

"နင့်အစ်ကိုအကြောင်းကို မကြားချင်ဘူး ညီလတ်၊ ငါ့ကို ဘာမှမပြောနဲ့"

ကေသီ အိပ်ရာပေါ်မှ လူးလဲထသည်။ မတ်တပ်ရပ်မည်အပြုတွင် ညီလတ်က ပခုံးနှစ်ဘက်ကို လက်နှင့်ဖိကိုင်ပြီး...

"ထိုင်စမ်းကေသီ၊ ငါခုလို စွန့်စားပြီး ဝင်လာတာ ကိုကို့အတွက်





ဆိုတာ နင် လုံးဝသိတယ်၊ တကယ်တော့ နင် ကိုကို့ကို စွတ်ပြီး အထင်လွဲနေတာ ကေသီ"

"ဟဲ့...ငါက ရမ်းပြီး အထင်လွဲတာ မဟုတ်ဘူး၊ ဟောဒီငါ့ မျက်လုံးနဲ့ တပ်အပ်ကို မြင်တာ၊ လက်မောင်းကိုင်ပြီးတော့များ ရုံထဲက ထွက်လာလိုက်ကြတာ"

"အဲဒါ ဘိုမ"

"ဘယ်ဘိုမလဲ၊ ဘိုမတွေ ညီမြတွေ နားမလည်ဘူး၊ ငါ့အတွက်တော့ ဂရုလ်မပဲ"

ကေသီ့အသံ အနည်းငယ် ကျယ်သွား၏။

သတိရဟန်ဖြင့် ကေသီ လေသံကို ချက်ချင်းတိုးသည်။

"သိပ်ခံပြင်းတယ်သိလား၊ နေရာမှာတင် ပါးကို ရှစ်စိတ်ကွဲအောင် မရိုက်လိုက်မိတာကို နောင်တ,ရနေတယ်လို့ နင့်အစ်ကိုကိုပြောလိုက်"

"ဒီမယ် ကေသီ"

ကေသီက မျက်မှောင်ကိုကြုတ်ပြီး ကြည့်၏။

"နင် မိုးမမြင်လေမမြင် မိုက်ရိုင်းမနေနဲ့၊ ကိုကိုနဲ့အတူ နင်တွေ့ခဲ့တာ ငါနဲ့ မကြာခင် လက်ထပ်မယ့်သူပဲ ကေသီ၊ အမှန်တကယ်

www.burmeseclassic.com



ရုပ်ရှင်ကြည့်ဖို့မှာ ငါလဲ ပါတယ်၊ ငါ့ကို နယ်က ရောက်လာတဲ့ သူငယ်ချင်းတွေ ဝိုင်းဆွဲထားလို့ ရောက်မလာဖြစ်ဘဲ ကိုကိုနဲ့ အတူ ဝင်ကြည့်လိုက်ကြရတာ"

ညီလတ်က အကြောင်းစုံ ရှင်းပြသည်။

နားထောင်ရင်း ကေသီ မျက်လုံးအဝိုင်းသားနှင့် ဖြစ်နေ၏။

"နင့်အစ်ကိုအတွက် ညာပြောတာ မဖြစ်နိုင်ဘူးလား ညီလတ်၊ လက်မောင်းကိုင်တာကတော့"

"ဒါကတော့ လူ့ဒီလောက်များတာ လူမကွဲအောင် ကိုင်တွယ်ထားတဲ့ သဘောနေမှာပေါ့ ကေသီရယ်၊ ကိုကိုနဲ့ ဘိုမကလဲ ငါ့ကို အကုန်ပြန်ပြောပြတာပဲဟာ၊ ကဲ...ငါမေးမယ် နင် ကိုကိုနဲ့တွဲတဲ့ အမျိုးသမီးရဲ့ရုပ်ကို မှတ်မိသလား"

"ခွေးချီသွားတာတောင် မှတ်မိတယ်"

ညီလတ်က အိတ်ထဲမှ ဖူးစကာဒ်ဆိုက် ဓာတ်ပုံတစ်ပုံကို ဆွဲထုတ်လိုက်၏။

"နင် ဒီဓာတ်ပုံကို သေသေချာချာကြည့်၊ ငါနဲ့ဘိုမနဲ့ ဖက်ပြီး ရိုက်ထားတဲ့ပုံ။ နင်ကိုကိုနဲ့ အထင်မြင်လွဲနေတာ ဒီဓာတ်ပုံထဲက ဘိုမ ကိုပဲ"



ညီလတ်လက်ထဲမှ ဓာတ်ပုံကို ဆွဲယူပြီး ကေသီက စူးစူးစိုက်စိုက် ကြည့်သည်။

"ဒုက္ခပါပဲဟယ်၊ ငါတော့ မကောင်းတော့ပါဘူး"

"အေး...ကိုယ်မကောင်းတာကို နင်သိပြီမို့လား၊ ပြဿနာ ဆိုတာ မဆွေးနွေးဘဲ ပြေလည်မသွားဘူး ကေသီ၊ သံသယကို ပြေရှင်းတဲ့နေရာမှာ တွေ့ဆုံပြီး ရှင်းကြမှ အမှန်ကို ရမှာ။ နင်ခု ကိုတို့ကို လုံးဝ သံသယ ကင်းပြီနော်။ မကင်းသေးဘူးဆိုရင် ငါ နင့်အခန်းထဲက ပြန်ဆင်းသွားလို့ မဖြစ်သေးဘူး"

"အမလေး ညီလတ်ရယ် မြန်မြန်ပြန်ဆင်းပါတော့ ဖေဖေတို့ သိရင် ငါ အကျိုးနည်းလိမ့်မယ်၊ နင် ရှင်းပြတာကို ငါ လုံးဝ ယုံကြည်ပါတယ်"

ကေသီက ရင်ကို လက်ကလေးနှင့် ဖိထားဆဲ မျက်နှာမှာ အပျော်ရိပ်တွေ ထင်လာသည်ကိုတော့ ညီလတ် သိသည်။

"နင် စကားကို သေသေချာချာပြော ကေသီ"

"သေသေချာချာ ပြောတာပါဟယ်၊ ငါ ကိုဦးကို သံသယ ရှင်းပါပြီ။ နင့်ကိုလဲ ငါ တောင်းပန်ပါတယ်၊ ဘိုမဆိုတဲ့ နင်သူ မယ့်အမျိုးသမီးကိုလဲ ငါ တောင်းပန်တယ်ဆိုတာ ပြောပါ၊ သွား

www.burmeseclassic.com



တော့နော်၊ ငါ ကိုဦးကိုတွေ့ဖို့ နင့်ဆီကို ဖုန်းဆက်လိုက်ပါ့မယ်"

"သူ့ဆီ ဆက်ပါလားဟ"

"ရှက်သေးတာပေါ့ညီလတ်ရာ၊ နင်က တစ်ဆင့်ပြောပြီး နင့်အစ်ကိုကို ခေါ်လာခဲ့ရင် ပြီးတဲ့ဟာများ"

"နင်တို့ဟာလေ ပြတ်လဲမပြတ်နိုင်ဘဲနဲ့။ ကဲ...ငါသွားမယ်"

"ကောင်းပါပြီ ကိုယ်တော်ရယ်၊ ကောင်းပါပြီ၊ မြန်မြန်လေးဆင်းပါ"

ညီလတ်အောက်သို့ ခပ်သွက်သွက်ကလေး ပြန်ဆင်းသည်။ စည်းရိုးကို ဖောက်ထွင်းပြီး အပြင်ဘက်လမ်းမပေါ်သို့ ရောက်သောအခါ ညလေအေးကို အားရစွာ ရှူရှိုက်လိုက်ပါ၏။ ရင်မှာ အေးချမ်းခြင်းနှင့် ငြိမ်းချမ်းခြင်းကို တစ်ပြိုင်တည်း ခံစားရသည်။

သြော်...ကိုကို့အတွက်။

ညီတစ်ယောက်၏ တာဝန် လုံးဝ ကျေခဲ့ပါပြီ။

☆ ☆ ☆

(၂၉)

ညီ ကားမောင်းဟန်က အေးအေးလူလူ။

ဘိုမက ညီနံဘေးမှာ ထိုင်ပြီး ပြုံးလို့သာနေ၏။

သူ ကားနောက်ခန်း နောက်မှီပေါ် ခေါင်းတင်ပြီး အတွေးတွေဝေနေရ၏။

"ငါ ဘယ်ကို မောင်းရမှာလဲ ကိုကို"

"အရက်ဆိုင်ကို"

"ဘာလုပ်မလို့လဲ"

"အရက်သောက်မလို့ပေါ့ ညီရ"

"လက်တစ်ဆစ်လောက် သောက်မှာလား၊ တစ်ပက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကုန်အောင် မသောက်နိုင်ဘဲနဲ့ အရက်သောက်မယ် မပြောစမ်းပါနဲ့ ကိုကိုရာ၊ အရက်သောက်တဲ့သူတွေ သိက္ခာကျပါတယ်"

"ဒါကတော့ညီရာ၊ ဘယ်လောက်ပဲ သောက်သောက် မူးဖို့က အဓိကပါကွ"

"ကိုကိုက မူးချင်နေတယ်ပေါ့"

"ဟုတ်တယ်၊ မူးပြီး တစ်လောကလုံးကို ကိုကို မေ့သွားချင်တယ်"

"ပေါ်ရဲလိုက်တာ ကိုကိုရာ"

ညီ့စကားကို ဘိုမက ရယ်၏။ ညီကတော့ ကားမောင်းမပျက်။

"ညီ မင်း ဘယ်သွားမလို့လဲ"

"ဘုရား သွားမလို့"

"ဟာကွာ"

"လုပ်မနေနဲ့၊ ငါမင်းကို အရက်ဆိုင်မပို့ဘူး၊ နိဗ္ဗာန်ပို့မလို့၊ အသည်းတွေ ကျိုးပဲ့ပြီး ပူလောင်နေချိန်မှာ ဘုရားရိပ် တရားရိပ်ကို နိုကြည့်စမ်း၊ မင်း ရင် ငြိမ်းချမ်းသွားမယ်"

"ဘုရားကို ကိုကို မလိုက်ချင်ဘူးညီ၊ ဂေါ်သိနဲ့ ဆုံနေကျ ခေါင်းလောင်းကြီးနားရောက်ရင် ကိုကို ထပ်ပြီး ရင်ကွဲရလိမ့်မယ်"



"မကွဲပါဘူးကွာ"

"ကွဲမှာပေါ့ညီရာ၊ ကိုကို အရက်ပဲ သွားသောက်ပါရစေ"

ညီ စကားကို မဆက်။ တောင်ဘက်မုခ် ဓာတ်လှေကားဘက်သို့ ကားကို ကွေ့ပတ်တက်ပြီး ကားကို ရပ်လိုက်သည်။

"ဆင်းကိုကို ဘုရားပေါ် တက်မယ်၊ လိုအပ်လို့ရှိရင် မင်း ဘုရားပေါ်မှာ ပုတီးဆယ်ပတ်ပြည့်အောင် စိပ်ရမယ်"

"ညီ မင်းတော့ ဦးနှောက် ချောင်နေပြီ။ အချစ်ကြောင့် အသည်းကွဲနေတဲ့သူကို ဘုရား မပို့ရဘူးကွ၊ အရက်ဆိုင် ပို့ရတယ်"

"လူမိုက်အားပေးတဲ့ အလုပ်မျိုး ငါမလုပ်ဘူးကိုကို၊ ငါလူလိမ္မာဖြစ်သွားပြီ၊ မင်းလဲ လူလိမ္မာဖြစ်မယ်"

"ငါက ခုမှ စ,မိုက်မှာပါကွာ"

"မမိုက်ပါနဲ့ကွာ မကောင်းပါဘူး"

ဘိုမကတော့ ညီအစ်ကိုနှစ်ယောက်ကို ကြည့်ပြီး ပါးစပ်ကို လက်ကိုင်ပုဝါအုပ်ပြီး ရယ်သည်။

ညီက သူ့ကို ဆွဲခေါ်ပြီး ရင်ပြင်ပေါ်သို့ ဓာတ်လှေကားနှင့် တက်သည်။ ညီပြုံးသည့် အပြုံးကို သူ ဘယ်လိုမှ ရိပ်စားမမိသေး။

ကုန်းတော်ပေါ် ရောက်တော့...

• • •

www.burmeseclassic.com



"ကိုကို"

"ဟင်"

"မင်း နိဗ္ဗာန် ရောက်တော့မယ်"

"စိတ်ညစ်ရတဲ့အထဲ ဘာတွေ လျှောက်ပြောနေတာလဲညီ"

"ဟိုမှာ ကြည့်စမ်း"

သူ ဖူးတ်ခနဲ လှည့်ကြည့်သည်။

"ကေ...ကေသီပါလား"

ရင်မှာ လှုပ်ခတ်မှုနှင့်အတူ နောက်သို့ ခြေလှမ်းပြန်ဆုတ်မည် အပြုတွင် ညီက သူ့လက်ကို ဆောင့်ဆွဲ၏။

"ဒါက ဘယ်သွားမလို့လဲ"

"ကို...ကိုကို ရှောင်နေမှဖြစ်မယ်ညီ၊ ကိုကို့ကိုတွေ့ရင် ကေသီက ဒေါသပားကြီးနဲ့ အော်လားဟစ်လား လုပ်နေဦးမယ်"

"ပေကြောက်ကြီး၊ ငါ့ရှေ့မှာ တုန်တုန်ယင်ယင် လာဖြစ်မနေနဲ့၊ မနေ့ညက ငါကေသီနဲ့ တွေ့ပြီး အားလုံးကို ဖြေရှင်းပြီးပြီ"

"ဟင်...တ...တကယ်လားညီ၊ ညီ ကိုကို့ကို ဘာလို့ ပြော မပြောထားတာလဲဟင်"

"မင်း အံ့ဩဝမ်းသာသွားအောင်လို့ပေါ့ကွ၊ နေ့လည်က ကေသီနဲ့ ငါဖုန်းထဲမှာ စကားပြောပြီး အချိန်းအချက် လုပ်ထားတာ



BURMESE CLASSIC

သွား...သွား ကေသီဆီသွား"

"ဟုတ်ရဲ့လား ညီရာ"

ဘိုမက စကားဖြတ်ဝင်ပြီး–

"ဟုတ်ပါတယ် ကိုဦးရ၊ ကိုလတ်နဲ့ ကေသီ ဖုန်းပြောတော့ ဘိုမ အနားမှာ ရှိပါတယ်"

"ဝမ်းသာလိုက်တာကွာ၊ ညီကတော့ ကိုကို့ဘဝနဲ့ သူ့ရဲ့ကောင်း ကြီးပါပဲ"

ထံပါးသို့ အပြေးသွားသည်။

ကေသီဟာ မြတ်နိုးစွာ ခေါ်သည်တွင် ကေသီက မျက်နှာကို ခပ်ရဲရဲကလေး ကြည့်၏။

"ကေသီ ကိုယ့်ကို မရက်စက်ပါဘူးနော်"

"ရှင်းပါတယ်"

"ဘာကို ရှင်းတာလဲ ကေသီ"

"ကိုဦး သစ္စာမဲ့ရင် ကေသီ ရက်စက်စရာအကြောင်း ရှိပါဘူး၊ သစ္စာမဲ့လို့ကတော့ မျက်ရည်ခံထိုးပြီး အသနားခံမယ့် ဆရင်းထဲမှာ ကေသီ မပါဘူး"

"နားလည်ပါ ကေသီရာ"

"ဘာကိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရင်ထဲက အချစ်တွေကိုပါ"

"နားလည်ထားတာ ကြာခဲ့ပြီပဲ"

"ဒါနဲ့များ ကေသီရယ်"

လက်ချောင်းလေးများကို ဖွဖွဆုပ်ကိုင်သည်။

ရင်ပြင်ပေါ် အတွယ်ညှိလျှောက်ရင်း ကေသီက–

"ကိုဦး"

"ဘာလဲ ကေသီ"

"သီးဆောင်းစကားပုံတစ်ခု ရှိတယ်"

"ပြောလေ"

"ဝန်တိုမှုကင်းတဲ့ အချစ်ဟာ အချစ်စစ် အချစ်မှန် မဟုတ်ဘူးတဲ့၊ ကေသီ ကိုဦးကို စစ်မှန်တဲ့ အချစ်နဲ့ ချစ်နေသမျှ ဝန်တိုစိတ်ထွေကတော့ ရှိနေဦးမှာပဲ"

သူ့ ဆိုရန် စကား မရှိတော့ပါ။

ချစ်သူ၏ ချစ်ခြင်းအပေါ်မှာ ခေါင်းကိုသာ တဆတ်ဆတ်ညိတ်နေဖြစ်တော့၏။

ရှင်လန်းချမ်းမြေ့ပါစေ။

မောင်သာပြည့်

BURMESE CLASSIC

www.burmeseclassic.com